1600

ရန်ကုန်မြို့

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတိုက်

၌

သင်ကြားပို့ချခဲ့သော

ဆရာ ဦးကျော်ထွတ်

၏

# နည်းပြမင်္ဂလာ

မင်္ဂလာတရားတော်
စာမေးပွဲများအတွက် ပြဋ္ဌာန်းသည်။

ဒုတိယအကြိမ်

- ၁၆၀၀ -

ပိုင် အမ်
ဘီ အော



ကျောင်းအမကြီး -ဒေါ်မမကြီး

မိခင်ကြီး ကျောင်းအမကြီး-ဒေါ်မမကြီးအား

ရည်စူးလျက်

# နှစ်ဆယ့်ငါးကြိမ်မြောက်

## ဓမ္မဒါန

[ ၂၁-၁-၀၄ ]

၁၃၂၀-ခု၊ ပြာသိုလဆန်း ၁၃-ရက်နေ့ (၁၉၅၉-ခု၊ ဇန်နဝါရီလ-၂၁)၌ ကွယ်လွန် အနိစ္စရောက်သော....

၁၂၄၃-ခု၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက် နေ့၌ မွေးဖွားသည့် မိခင်ကြီးဖြစ်သူ တောင်အင်းရွာ (မန္တလေး ပွဲကုန်းရပ်) အသက် ၇၂- ကျောင်းအမကြီး ဒေါ်မမကြီး အား ရည်မှန်း၍ အမှတ်တရ ၂၅-ကြိမ်မြောက် နှစ်ပတ်လည် မတကာ ဘတ် လှူဒါန်းပြီးလျှင် ဓမ္မဒါန ပြုပါကြောင်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## ဓမ္မဒါနရှင်—

၁။ ဦးပဥ္စင်းကြီး ဦးလာဘ၊ မော်ကွန်း ရိပ်သာ ကျောင်း၊ တောင်အင်းရွာ၊ စဥ့်ကူးမြို့၊ (ဦးလှမေ B.A. (Hons,) B.Ed.B.L.)

ဒုတိယအကြိမ်

၂။ ဦးစိုးရ ဝဏ္ဏကျော်ထင်၊ သိရိပျံချီ (ရန်ကုန်ဆိပ်ကမ်း အုပ်ချုပ်ရေး ရိက္ခာတော်ရနုစယက)၊ ဒေါ်ခင်ခင်ညွန့် နှင့် သားသမီးတစု။

၃။ ဦးလှမောင် M.A.M.S.B.L.,နှင့် ဒေါ်တင်တင်မြင့် B.A. (Hons.) B.Ed.

၄။ ဒေါ်အုန်းမိ၊ ပွဲကုန်းရပ်။

၅။ ဦးထွန်းရှိန် M.D.

၆၊ ဒေါ်စန်းကြည်၊ ဦးအာမြိုင် B,A.,B.L. မိသားစု။

၇။ ဒေါ်ခင်ခင်စီ B.A.,D,T.နှင့်ဗိုလ်မှူးညက်စိုးB.A. (Hons.) မိသားစု။

ရန်ကုန်မြို့

ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းတိုက်

၌

သင်ကြားပို့ချခဲ့သော

ဆရာဦးကျော်ထွတ်

၏

# နည်းပြမင်္ဂလာ

ဒုတိယအကြိမ်

မင်္ဂလာတရားတော်

စာမေးပွဲအတွက် ပြဋ္ဌာန်းသည်။

ဒုတိယ အကြိမ်

၁၉၈၄-ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ-၃၀၀၀

စမ္ပဒါန

အဖုံးရိုက်--ပညာဗိမာန်

စာအုပ်ချုပ်-ဓမျိုး

ဘာသာရေးဆိုင်ရာခွင့်ပြုချက် (၉၆၆)

မျက်နှာဖုံးခွင့်ပြုချက် (၃၆၃)

ထုတ်ဝေသူ

ဦးကျော်ခင် (ကင်းလွတ်ခွင့်-၁၂၂၁)
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း
အမှတ်-၇၇၊ ရေကျော်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးကြည် (မြဲ-၀၂၄၀၉) ပညာ့ဇမ္ဗူသန်ပုံနှိပ်တိုက်၊
အမှတ်-၄၁၊ ၄၄-လမ်း၊ ရန်ကုန်မြို့။

# မုဒ္ဒဘာသာ ကလျာဏယုဝ အသင်း

## အသင်းကြီးကို စတင်တည်ထောင်သည့်ပုဂ္ဂိုလ်များ

၁။ ဦးဘဘေ — သစ်တောရေးဌာန ဝန်ကြီးဟောင်း။
၂။ ဒေါက်တာ ဦးဘရင် ကျန်းမာရေးဌာန ဝန်ကြီးဟောင်း။
၃။ အမ်–အေ၊ ဦးမောင်ကြီး သံအမတ်ကြီး (အငြိမ်းစား)။

## နာယကကြီးများ

၁။ သတိုး သီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဒေါက်တာ ဦးသိမ်းမောင် တရား ဝန်ကြီးချုပ် (အငြိမ်းစား)။
၂။ မဟာသရေစည်သူ ဦးအုန်းဖေ တရားလွှတ်တော် တရားဝန်ကြီး (အငြိမ်းစား)။
၃။ ဦးဘသော် ရွှေတိဂုံဘုရားဘဏ္ဍာတော်ထိန်း လူကြီး။
၄။ မင်္ဂလာဦးဘသန်း၊ မီးရထား စန်ထောက် (အငြိမ်းစား)။
၅။ စည်သူဦးဘတင် .... (ချုပ်သင်းသဒ္ဒေး)။
၆။ ဦးသော် .... (မန်းကန်စက်)။
၇။ သတိုးမဟာသရေစည်သူဦးကြင် သံအမတ်ကြီး (အငြိမ်းစား)။
၈။ ဝဏ္ဏကျော်ထင် ဦးဘကျော် အစိုးရပုံနှိပ်တိုက်ဝန် (အငြိမ်းစား)။
၉။ သီရိပျံ့ချီ ဦးစိုးရ (အငြိမ်းစားတိုင်းမင်းကြီး)။
၁၀။ သီရိပျံ့ချီ ဦးမောင်မောင် (မြို့တော်ဝန်ဟောင်း)။
၁၁။ ဆရာဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်ဟောင်း)။
၁၂။ ဆရာ ဦးကျော်ထွတ် (အငြိမ်းစား အယ်ဒီတာချုပ်) သာသနာရေးဦးစီးဌာန။
၁၃။ ဦးအုံးခိုင် (မြန်မာနိုင်ငံစာရင်းကောင်စီဝင်)။

ဒုတိယအကြိမ်

## ဥက္ကဋ္ဌကြီးများအဖြစ် ဆောင်ရွက်ခဲ့သူများ

၁။ သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ ဒေါက်တာ ဦးသိမ်းမောင် တရားဝန်ကြီးချုပ် (အငြိမ်းစား)။
၂။ မဟာသရေစည်သူ ဦးအုန်းဖေ တရားလွှတ်တော် တရားဝန်ကြီး (အငြိမ်းစား)။
၃။ ဦးရွှေမောင် တရားလွှတ်တော်တရားဝန်ကြီး (အငြိမ်းစား)။
၄ ဉသည်သူ ဦးဘဘင် — (ချုပ်သင်းသရေ)။
၅။ သတိုးမဟာသရေစည်သူ ဦးကြင် သအမတ်ကြီး (အငြိမ်းစား)။
၆။ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးစိုးရ တိုင်းမင်းကြီး (အငြိမ်းစား)။
၇။ ဦးလှသိန်း (တရားလွှတ်တော် ရှေ့နေကြီး)။
၈။ ဦးအုံးခိုင် (မြန်မာနိုင်ငံ စာရင်းစကောင်စီဝင်)။
၉။ ဦးသန်းမောင် (မဒ္ဒူ့သက- နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)။

## အာကျိုးဆောင် စာချီချုပ်များ

၁။ ဝဏ္ဏကျော်ထင် ဦးဘကျော် အစိုးရပုံနှိပ်တိုက်ဝန် (၂-ကြိမ်)။
၂။ ဦးလှသိန်း လွှတ်တော်ရှေ့နေကြီး။
၃။ ဦးအုံးခိုင် ငွေစာရင်းကိုင်ချုပ် ရုံးဝန်ရုံး (၂-ကြိမ်)။
၄။ ဦးကျော်စိန် ရဲချုပ်ရုံး။
၅။ ဦးလွန်းမောင် အငြိမ်းစား အတွင်းဝန်။
၆။ ဦးလှမောင် ကန်ထရိုက်တာ။
၇။ ဗိုလ်မှူးဉာဏ်စိုး ၂-ကြိမ်၊ အငြိမ်းစား ဗိုလ်မှူး။
၈။ ဦးကျော်ဒင် အငြိမ်းစား ဗိုလ်မှူး ။
၉။ ဦးခင်မောင်ထွေး ဗဟိုပစ္စည်းထိန်းအရာရှိ၊ ဆိပ်ကမ်း။

ဒုတိယအကြိမ်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း မင်္ဂလာတရားတော်
သင်တန်းနှင့် ဆိုင်သော
အငြိမ်းစား အိုင် စီ အက် ဦးညွန့်(ECAFE)၏

# အာသိသ

အမှတ် ၃၊ ငါးထပ်ကြီးရိပ်သာ၊
ရန်ကုန်မြို့။

ဥက္ကဋ္ဌကြီး ဦးစိုးရ ခင်ဗျား၊

မင်္ဂလာသင်တန်း ကက်ဆက်တိပ်(၂)ခုကို များစွာ ကျေးဇူးတင်စွာနှင့် ယခု ပြန်ပို့လိုက်ပါသည် ခင်ဗျား။

မင်္ဂလာတရား သင်တန်း ဟောပြောချက် များမှာ အလွန်ပြတ်သား ရှင်းလင်းထိရောက်ပါ၍ ကျွန်တော်တို့နှင့် တကွ သားသမီး မြေးများ ကောင်းစွာ နာယူမှတ်သားကြရပြီး အကျိုးထူး ရရှိပါသည် ခင်ဗျား။

၎င်း မင်္ဂလာတရား ကက်ဆက်များကို ကျောင်းများနှင့် စည်းဝေးပွဲများ၊ မြန်မာပြည်အနှံ့ အပြားတွင် ဖွင့်ပေးနိုင်ပါလျှင် ကျောင်းသားလူငယ်များ၏ စာရိတ္တ ပြုပြင်ရေးတွင် များစွာ အကျိုးရှိပါမည်ခင်ဗျား။

အထူးကျေးဇူးတင်စွာဖြင့်
(ပုံ)မောင်ညွန့်

# နိဒါန်း

## ဝိုင်-အမ်-ဘီ-အေ နှင့် လွတ်လပ်ရေး

ဗုဒ္ဓဘာသာကလျာဏယုဝခေါ် (ဝိုင်-အမ်-ဘီ-အေ) အသင်းကို စ၍တင်တည်ထောင်သူတို့ကား ခေတ်ပညာတတ် လူငယ်လူရွယ်များသာ ဖြစ်ကြပါသည်၊ သို့ဖြစ်စေကာမူ ထိုခေတ် ထိုအချိန်၌ သူတို့သန္တာန်ဝယ် ဘာသာသွေး သာသနာသွေးများရဲရဲတောက်ပြီး ဇာတိသွေး ဇာတိမာန်တို့ကလည်း မားမားစွင့်စွင့် လွင့်တက်နေကြသည်၊ သူတို့သည် သူ့ကျွန်ဖြစ်နေရသည့် ဘဝကို ခံပြင်းလှ၍ ကိုယ့်မင်းကိုယ့်ချင်းဘဝကို မျှော်မှန်းတမ်းတကာ တခုခုပြုလုပ်ရန် နည်းလမ်းရှာဖွေနေကြသည်၊ ထိုသို့ရှာနေစဉ် နယ်ချဲ့သမားတို့က အမျိုးဘာသာ သာသနာကို အမြစ်ကစ၍ တစတစဖြိုဖျက်သာနေသည်ကို ... မျက်ဝါးထင်ထင် တွေ့မြင်ကြရသောအခါ ကျွန်သဘောက်ဖြစ်ရရုံတင်မက အမျိုးဘာသာ သာသနာပါ ကွယ်ပျောက်ရမည့်အရေးကို တွေးမိလာကြသည်၊ ယင်းသို့ပင် တွေးမိကြသော်လည်း ကျွန်ဘဝရောက်နေရခြင်းက ၎င်းတို့လုပ်ချင်တိုင်းလုပ်၍ မဖြစ်နိုင်သည်ကို ရင်နာကြပြီး မဖြစ်နိုင်သေးတာတွေကို တွေးမနေတော့ပဲ ဖြစ်နိုင်သည့် လုပ်ငန်းများကို စ၍တင် လုပ်ကိုင်ကြပါတော့သည်။

သူတို့အသင်းအမည်က ဗုဒ္ဓဘာသာကလျာဏယုဝ ဟု ဆိုသော်လည်း အဓိကရည်ရွယ်ချက်ကတော့ ကျွန်သဘောက်ဘဝမှ လွတ်

မြောက်ရန် ဖြစ်သည်။ မှန်ပါသည်၊ သူတို့သည် အမျိုး ဘာသာ သာသနာ ပညာအတွက်ဟု အတည့်အလင်း ကြွေးကြော်ခဲ့ကြပြီး အမျိုးသား လှုပ်ရှားအုံကြွရေး ဘာသာ သာသနာ လှုပ်ရှားအုံကြွရေး အခန်းကဏ္ဍတိုင်းတို့၌ ခေါင်းဆောင်ခဲ့ကြသည် သာမက မြန်မာတပြည်လုံး အမျိုးသားကျောင်းတွေ စင်ပြိုင်ထောင်နိုင်ခဲ့သော ပညာရေး လှုပ်ရှားအုံကြွမှုကြီး၌လည်း ကျရာအခန်းမှ တာဝန်ယူခဲ့ကြသည်၊ အချုပ်အားဖြင့်ဆိုရသော် လွတ်လပ်ရေးရရန်အတွက် လုပ်ဆောင်ချက် သမိုင်းစဉ်တလျှောက်လုံး၌ ဝိုင်-အမ်-ဘီ-အေ အသင်းသားများသည် ကျရာအခန်းမှ တာဝန်ယူခဲ့ကြသည်ချည်းသာ ဖြစ်ပါသည်။ မှန်ပါသည်၊ လွတ်လပ်ရေးအတွက် အင်္ဂလန်သို့ နှစ်ကြိမ်တိုင်တိုင် သွားရောက်၍ ဗြိတိသျှ အစိုးရတို့နှင့် အရေးဆိုခဲ့ကြသော ဦးဘပေ၊ ဦးပု၊ ဦးထွန်းရှိန်၊ ဦးသိန်းမောင်တို့ကား ဝိုင်-အမ်-ဘီ-အေ အသင်းခေါင်းဆောင်များပင် ဖြစ်ကြပါသည်၊ နောက်ဆုံး ဗိုလ်ချုပ်အောင်ဆန်း လွတ်လပ်ရေး ကြိုးပမ်းချိန်အထိ ဦးဘပေ စသော ဝိုင်-အမ်-ဘီ-အေ ခေါင်းဆောင်ကြီးများ ပါဝင်ကူညီခဲ့ကြသည်ကို တွေ့မြင်နိုင်ကြပါသည်။

### ဝိုင်-အမ်-ဘီ-အေ နှင့် မင်္ဂလာတရားတော်

လွတ်လပ်ရေး ကြိုးပမ်းချိန်တွင် မြန်မာနိုင်ငံသည် နှစ်ကြိမ်တိုင်တိုင် စစ်ဘေးစစ်ဒဏ်များခံခဲ့ရ၍ လူငယ် လူရွယ်တို့ ပညာသင်ကြားရေးများ ပျက်စီးခဲ့ကြရသည်၊ ဘာသာ သာသနာနှင့်လည်း ဝေးခဲ့ကြရသည်၊ အကျင့်စာရိတ္တများလည်း ပျက်စီးခဲ့ကြရ

သည်၊ ဤမြင်ကွင်းများကိုတွေ့မြင်ကြရ၍ အမြော်အမြင်ကြီးမား လှသည့် ဝိုင်-အမ်-ဘီ-အေ အမှုဆောင်များသည် အသင်းကြီး၏ အဓိက ပန်းတိုင် ဖြစ်သည့် လွတ်လပ်ရေးကား ရတော့မည်၊ အသင်းကြီး၏ လုပ်ရမည့်တာဝန်များ ကုန်ပြီလားစသည်များကို ဆွေးနွေး တိုင်ပင်ခဲ့ကြပါသည်၊ ဤသို့ တိုင်ပင်သော အချိန်မှာ လွတ်လပ်ရေး ရခါနီး အမျိုး ဘာသာ သာသနာကို စောက်ချ လုပ်နေသော နာယကကြီး ဦးသိန်းမောင် (တရားလွှတ်တော် ဝန်ကြီးချုပ်) ဥက္ကဋ္ဌ အဖြစ်မှ နားသောအချိန်၊ နာယကကြီး ဦးအုံးဖေ (တရားလွှတ်တော် ဝန်ကြီး)က ဥက္ကဋ္ဌ၊ စာပုံနှိပ်တိုက် ဝန် ဦးဘကျော်က အတွင်းရေးမှူးအဖြစ်၊ ဝိုင်၊ အမ်၊ ဘီ၊ အေ ၌ ဆောင်ရွက်ချိန်နှင့် ကြုံနေပါသည်။ ယင်းသို့ အဖွဲ့၌ တိုင်ပင် ကြပြီး တညီတညွတ်တည်းပင် ရက်စက်ကြမ်းကြုတ်လှသော စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အနိဋ္ဌာရုံ အမင်္ဂလာအားလုံး ချုပ်ငြိမ်းပြီး မင်္ဂလာ ကျက်သရေနှင့် ပြည့် စုံသည့် မြန်မာနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် 'လွတ်လပ် ရေးနေ့ကို မင်္ဂလာတရားတော် ဖြောင်ပွဲနေ့ဖြင့် ကြိုဆိုရေး' ကို ဆုံးဖြတ်ကြပါတော့သည်။ အလွန် အမြော်အမြင်ကြီးစွာ ဖြင့် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို ဆုံးဖြတ်သည့်အတိုင်း ကျောင်းသူ ကျောင်းသားများအား မင်္ဂလာစာမေးပွဲကျင်းပ ပြီး၊ ၁၉၄၈ ခု ဇန်နဝါရီလ (၄) ရက်နေ့တွင် ရန်ကုန်မြို့ ဝိုင်၊ အမ်၊ ဘီ၊ အေ အသင်းတိုက်၌ စာအောင် ပုဂ္ဂိုလ်မွန်များ အား မင်္ဂလာအောင်ပွဲ ဆုနှင်းသဘင် ကျင်းပ၍ လွတ်လပ်ရေး နေ့ထူးနေ့မြတ်ကို မင်္ဂလာတရားတော်ဖြင့် ကြိုဆိုနိုင်ခဲ့ပါသည်၊

ဤကဲ့သို့ ကြိုဆိုနိုင်သည့်အတွက် စစ်ပြီးခေတ် တိုင်းပြည်တိုင်းတွေ့ကြုံရမြဲဖြစ်သော အနိဋ္ဌာရုံ အမင်္ဂလာအပေါင်းတို့သည် တနှစ်ထက်တနှစ် ကင်းစင် လွင့်ပျောက်ပြီး အမျိုးဘာသာ သာသနာ ပညာ တိုးတက်ရေးနှင့် ပြည့်စုံသည့် မင်္ဂလာတိုင်းပြည် ထူထောင်ရေး၏ အဓိဟဖြစ်သော မင်္ဂလာတရားတော် စာမေးပွဲများကို မြန်မာပြည် တဝန်းလုံး ခြိမ့်ခြိမ့်သဲအောင် ဆင်နွှဲနိုင်ခဲ့ပါသည်။

## ဝိုင်၊ အမ်၊ ဘီ၊ အေနှင့် မင်္ဂလာ ဥက္ကဋ္ဌများ

မြန်မာပြည် လွတ်လပ်ရေး ရသောနေ့မှစ၍ မင်္ဂလာတရားတော် စာမေးပွဲများကို (၂၇) ကြိမ်တိုင် မြန်မာနိုင်ငံ တဝန်းလုံး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ၊ မင်္ဂလာတရားတော် စာမေးပွဲများ တည်တံ့ခိုင်မြဲရေး၊ တိုးတက် စည်ပင်ရေးအတွက် ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်ခဲ့ကြသော ဥက္ကဋ္ဌများမှာ ငါးဆက်တိုင် ရှိခဲ့ပါပြီ၊ ၎င်းဥက္ကဋ္ဌများမှာ....

(၁) မဟာသရေစည်သူ-ဦးအုန်းဖေ(တရားလွှတ်တော်ဝန်ကြီး)

(၂) ဦးရှုမောင်(တရားလွှတ်တော်ဝန်ကြီး)

(၃) စည်သူ-ဦးဘတင်(ချုပ်သင်သားဌေး)

(၄) သတိုးမဟာသရေစည်သူ-ဦးကြင်(သံအမတ်ကြီး)

(၅) သီရိပျံချီ-ဦးစိုးရ(တိုင်းမင်းကြီး)တို့ ဖြစ်ကြပါသည်။

ဥက္ကဋ္ဌများအား အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များက ကူညီဆောင်ရွက်ကြပါသည်။ အထူးသဖြင့် မင်္ဂလာ တရားတော်ကို အလေးအမြတ်ထား၍ကူညီဆောင်ရွက်ကြသူများမှာ ဒေါက်တာ

ဦးသိမ်းမောင်၊ ဦးဘကျော်၊ ဦးအုန်းရွှေ၊ ဦးဘသန်း၊ ဦးအောင်မင်း၊ ဆရာဟိန်၊ ဦးကျော်မင်း၊ ဦးဘသိန်း၊ ဦးလှသိန်း၊ ဦးလှတင်၊ ဦးသာမြတ်၊ ဦးအောင်မြင် တို့ဖြစ်ကြောင်း ရှာဖွေတွေ့ရှိရပါသည်။

## ဆရာဦးကျော်ထွတ်နှင့် နည်းပြမင်္ဂလာ

ဉက္ကဋ္ဌ ၄ါးဆက်တိုင်တိုင် မင်္ဂလာစာမေးပွဲများ ကျင်းပရေးအတွက် လည်းကောင်း၊ မင်္ဂလာစာအုပ်စာတမ်းများထွက်ပေါ်ရေးအတွက် လည်းကောင်း၊ မင်္ဂလာကဗျာများ ဖြစ်ပေါ်ရေးအတွက် လည်းကောင်း၊ မင်္ဂလာဟောပြောပွဲများ ကျင်းပရေးအတွက် လည်းကောင်း၊ မင်္ဂလာသင်တန်းများပို့ချရေးအတွက် လည်းကောင်း မပျက်မကွက် တဆက်တည်း ကူညီအားပေးလာသူမှာ ဆရာဦးကျော်ထွတ်ပင် ဖြစ်ပါသည်။

ဆရာ ဦးကျော်ထွတ်သည် ၂၇-နှစ်တိုင်တိုင် မင်္ဂလာတရားတော်များကို သင်ကြားပို့ချခဲ့သော်လည်း ၎င်းပို့ချချက်များကို ရန်ကုန်မြို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားတို့သာ သင်ကြား နာယူနိုင်ခဲ့ပါသည်။ မြန်မာတပြည်လုံးရှိ မင်္ဂလာ စာမေးပွဲဖြေဆိုသူ ကျောင်းသူ ကျောင်းသား ဆရာဆရာမတို့အနေဖြင့် မသင်ကြား မနာယူနိုင်ခဲ့ကြပါ။ ယင်းကွာဟချက်များကို ညီမျှသွားစေရန် မြန်မာပြည်တဝန်းလုံးရှိ ဆရာဆရာမများနှင့် ဆရာတော်များကို ဖိတ်ကြား၍ ရန်ကုန်မြို့ ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်၌ နည်းပြမင်္ဂလာသင်တန်း ဖြစ်

မြောက်အောင် စီစဉ်ခဲ့ပါသည်။ ယင်းသင်တန်း၌ သင်ကြား ပို့ချသော နည်းပြမင်္ဂလာ တရားများကို အသံသွင်းယူထားခဲ့ ပါသည်။ ယင်းအသံသွင်းတိပ်ခွေများကို မင်္ဂလာတရားနာယူ လိုသူ ဓမ္မမိတ်ဆွေတို့က တဆင့် အသံကူးယူကြပြီး မြန်မာတပြည် လုံးရှိ ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများပါ သင်ကြားနာယူနိုင်အောင် ဝိုင်-အမ်-ဘီ-အေ အသင်းက ဆောင် ရွက်ပါရန် တိုက်တွန်းကြပါသည်။

ယင်းတို့၏တိုက်တွန်းချက်အရ တိပ်ခွေမှ မင်္ဂလာတရားအသံ များကို လက်နှိပ်စက်ဖြင့် ကူးယူစေခဲ့ပါသည်။ တိပ်ခွေမှ စာမူ ဖြစ်အောင် ကူးယူရသည့် ပညာရှင်လုပ်ငန်းမှာ လွယ်ကူလှသည် မဟုတ်ပါ။ သင်တန်း ပို့ချသည့်အခါ သင်တန်းဆရာက ထပ် ပြောသည့်အခါ ပြောပါသည်။ နောက် ပြန်ပြောသည့်အခါ ပြောပါသည်။ ယင်းသို့ မလွယ်ကူသည့်လုပ်ငန်း၌ အသံကူးသူက မင်္ဂလာတရားများကို မကျွမ်းကျင်ပြန်သဖြင့် စာမူဖြစ်လာသော အခါ ခဲခဲယဉ်းယဉ်း ပြင်ဆင်ရပြန်ပါသည်။ စကားအနုသန္ဓေ မစပ်သဖြင့် အဖိုးတန်သည့်စကားလုံးများဖြစ်စေကာမူ ပယ်ဖျက် လိုက်ရတာမျိုးလည်း ရှိပါသည်။ ဖြည့်စွက်လိုက်ရတာမျိုးလည်း ရှိပါသည်။ မည်သို့ပင်ဖြစ်စေ ဤနည်းပြမင်္ဂလာက လူတော် လူကောင်းဖြစ်လိုကြသူ၊ ငြိမ်းချမ်းသာယာသည့် မင်္ဂလာတိုင်းပြည် တည်ထောင်လိုကြသူ၊ ခေါင်းဆောင်ကောင်း ဖြစ်လိုကြသူ၊ အမှန်းတရားစစ်စစ်ကို သိလိုကြသူ၊ ချမ်းသာစစ် ချမ်းသာမှန်ကို

(ဆ)

ခံစားလိုကြသူ မင်္ဂလာသုတေသီ အားလုံးတို့အား တဘက် တလမ်းမှ အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

[ စိုးရ ]
ဥက္ကဋ္ဌ
(ဝိုင်-အမ်-ဘီ-အေ)

ဒုတိယအကြိမ်ထုတ်နိဒါန်း

၁။ ကမ္ဘာလောကကြီးတွင် လူတို့၏ ကိုယ်ကျင့်တရားများ ကောင်းမွန်ပြီး မေတ္တာ ဗြဟ္မစိုရ်တရားများ လွှမ်းခြုံထားပါက အေးချမ်းပျော်ရွှင်စရာအတိရှိ၍ တိုးတက်စည်ပင်ခြင်းဖြစ်နိုင်၏။

၂။ လူတို့၏ ကိုယ်ကျင့်တရားများ မှေးမှိန်ပျောက်ကွယ်ပြီး တကိုယ်ကောင်းဝါဒ လွှမ်းမိုးလာပါကလည်း ကမ္ဘာကြီးမှာ အေးချမ်းသာယာမှု ဆုတ်ယုတ်ပျက်ပြားနစ်ပါးကိုယ်စိတ်ဆင်းရဲ မျိုးစုံ အဖုံဖုံ တွေ့ကြုံခံစားရပေသည်။

၃။ လက်တွေ့သာဓကများအဖြစ် ကမ္ဘာ လောကကြီးတွင် ဖြစ်ပျက်ခဲ့သော မှုခင်းစုံကို ပြန်လည်သုံးသပ်ကြည့်ပါက မျက်ဝါးထင်ထင် ဆင်ခြင် တွေ့မြင်နိုင်ကြပါသည်။

၄။ သို့ပါ၍ ကျွန်တော်များ ရန်ကုန်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း (ဝိုင်၊အမ်၊ဘီ၊အေ)ကလူတို့၏ ကြီးပွား ရာ ကြီးပွားကြောင်း၊ ချမ်းသာရာ ချမ်းသာကြောင်းဖြစ်စေပြီး မကောင်းမှု၊ မကောင်းကျိုးကို ပယ်ရှားစေတတ်သော "မင်္ဂလာ တရားတော်ပြန့်ပွားရေး" ကို အားသွန် ခွန်စိုက် ဆောင်ရွက် လုပ်ကိုင်နေခြင်းဖြစ်ပါသည်။

၅။ မင်္ဂလာ့ဟရားတော်ဟူသောကျင့်ဝတ်ကိုလိုက်နာပြုလုပ် အားထုတ်သောသူသည် ဘာသာမရွေး၊ လူမျိုးမရွေး၊ ကလေး- လူကြီး၊ မိန်းမ ယောကျ်ား မှန်သမျှ ကောင်းကျိုး ရမည်မှာ အမှန်ပင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

၆။ ၁၉၄၈-ခု၊ ဇန်နဝါရီလ ၄ ရက်၊ မြန်မာ့လွတ်လပ် ရေးနေ့ကို မင်္ဂလာစာမေးပွဲဖြင့် ဂုဏ်ပြု ကြိုဆိုခဲ့သည်မှအစပြု၍ နှစ်စဉ်မပျက်မကွက် ကျင်းပပြုလုပ်လာခဲ့သည်မှာ (၃၅)နှစ်တိုင် ရှိခဲ့ပြီဖြစ်ပါသည်။ စာမေးပွဲဖြေဆိုသူပေါင်း (၈၁၅၃၁၆)ဦး

ရှိပါသည်။ အောင်မြင်သူပေါင်း (၄၆၁၅၅၈) ဦးဖြစ်ပါသည်။ မင်္ဂလာ လူရည်ချွန် ဆုရသူပေါင်း (၃၂၄၃) ဦး ရှိပြီးမင်္ဂလာ လူရည်ချွန်ဆုချီးမြှင့်ငွေပေါင်း (ကျပ် ၂၅၂၇၃၅) ရှိပြီ ဖြစ်၏။

၇။ မင်္ဂလာစာမေးပွဲ ဖြေဆိုသူများ တနှစ်ထက်တနှစ် တိုးပွားလာသလို မင်္ဂလာတရားတော် သင်တန်းများကိုလည်း တိုးတက် ဖွင့်လှစ် သင်ကြားပေးရန် လိုအပ်လာပါသည်။ လိုအပ်လာသည်နှင့်အညီ မင်္ဂလာ သင်တန်းနည်းပြ ဆရာများ အတွက် အထောက်အကူဖြစ်စေရန် အမှတ် ၇၇၊ ရေကျော်လမ်း၊ ရန်ကုန်မြို့ရှိ ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းတိုက်တွင် ဆရာကြီး ဦးကျော်ထွတ်က သင်တန်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်း ပို့ချချက်များကို အသံသွင်းထားရာမှ အသင်းဥက္ကဋ္ဌကြီးဦးစိုးရ (ယခုနာယကကြီး)က ၁၃၃၈ ခုနှစ်တွင် ပဌမအကြိမ်စာအုပ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

၈။ နာယကကြီးဦးစိုးရ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးနောက် ဦးလှသိန်းနှင့် ဦးအုန်းခိုင်တို့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။ ယခု ကျွန်တော် သတ္တမမြောက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေစဉ် ၁၃၃၈ခုနှစ်က ထုတ်ဝေခဲ့သဖြင့် ၁၃၄၅ခုနှစ်တွင် (၇)နှစ် တင်းတင်း ပြည့်ချိန်တွင် ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်၍ ရိုက်နှိပ်ထုတ်ဝေရခြင်းဖြစ်ပါသည်။

၉။ ဤ "နည်းပြမင်္ဂလာ" စာအုပ်သည်မင်္ဂလာသင်တန်း ပို့ချသောဆရာများနှင့် မင်္ဂလာ သင်တန်းများအဖို့ တစုံတခုသော အတိုင်းအတာ အထိ အထောက်အကူ ပြုလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ဦးသန်းမောင် (မဥ္ဇူသက)
ဥက္ကဋ္ဌ

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|---|
| ၁။ | နိဒါန်း | .... | က |
| ၂။ | ဦးညွန့်၏ အာသီသ | .... | ဆ |
| ၃။ | ပထမဆင့်သင်ကြားနည်း | .... | ၁ |
| ၄။ | ဒုတိယဆင့်သင်ကြားနည်း | .... | ၃ |
| ၅။ | မင်္ဂလာနိဒါန်း | .... | ၄ |
| ၆။ | ပညာတတ်ပေမယ့် လူမိုက်ဖြစ်နိုင်တာပဲ | .... | ၆ |
| ၇။ | စာတွေမတတ်ပေမယ့် ပညာရှိဖြစ်နိုင်တာပဲ | .... | ဂ |
| ၈။ | ပူဇော်စပူဇနေယျာနံမင်္ဂလာမရှိယင်ဘာမှလုပ်လို့ မရဘူး | .... | ၁၀ |
| ၉။ | လူ့လောက အခြေခံမင်္ဂလာလေးပါး | .... | ၁၂ |
| ၁၀။ | ဒီလေးပါးကို အခြေမခံပဲ ကြီးပွားနိုင်သလား | .... | ၁၃ |
| ၁၁။ | ဘုရားဟောတဲ့တရားတွေခေတ်မမီတော့ဘူးလား | | ၁၅ |
| ၁၂။ | ဗဟုသစ္စပညာဆိုတာ ဘယ်လိုပညာမျိုးလဲ | .... | ၁၆ |
| ၁၃။ | လူလိမ်တွေဘာပြုလို့ပေါတာလဲ | .... | ၁ဂ |
| ၁၄။ | မြန်မာ့ယဉ်ကျေးမှုပညာဆိုတာ ဘယ်ပညာလဲ | .... | ၁၉ |
| ၁၅။ | အခက်ခဲဆုံးပညာဆိုတာ ဘယ်ပညာလဲ | .... | ၂၀ |
| ၁၆။ | ဗမာ့သွေးဆိုတာ ဘာလဲ | .... | ၂၁ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာနံပါတ် |
| --- | --- | --- | --- |
| ၁၇။ | ပညာရေးလေးမျိုးကလွဲ၍ ရှိသေးသလား | .... | ၂၃ |
| ၁၈။ | ကျောင်းကထွက်ယင် ဘာလုပ်ရမလဲ | .... | ၂၄ |
| ၁၉။ | ကမ္ဘာပေါ်မှာ လူနှစ်မျိုးပဲရှိတယ် | .... | ၂၅ |
| ၂၀။ | ပညာတတ်ဆိုဘာ ပင်လယ်ထဲပစ်ချလဲ စီးပွားရှာတတ်ရမယ် | .... | ၂၆ |
| ၂၁။ | ဒါနမင်္ဂလာဆိုတာ တိုင်းပြည်ထူထောင်ရေးပဲ | .... | ၂၇ |
| ၂၂။ | မင်္ဂလာတိုင်းပြည်ရဲ့ အခြေခံဥပဒေ ၇ ပါး | .... | ၃၀ |
| ၂၃။ | မင်္ဂလာတိုင်းပြည်ရဲ့ ခံတပ်ကြီးသုံးခု | .... | ၃၀ |
| ၂၄။ | လူတိုင်းမလုပ်ထိုက်တဲ့ အလုပ်လေးခု | .... | ၃၂ |
| ၂၅။ | တိုင်းပြည်ပျက်ဆေး | .... | ၃၃ |
| ၂၆။ | လူခေတ်လူကောင်းစီမံကိန်း | .... | ၃၄ |
| ၂၇။ | သူတောင်းစားဂါရဝကတန်ဖိုးမကြီးလှဘူး | .... | ၃၆ |
| ၂၈။ | နိဝါတမင်္ဂလာဆိုတာ မြှင့်တင်ပေးတာပါ | .... | ၃၇ |
| ၂၉။ | ရိုးရိုးကျင့် မြင့်မြင့်ကြံတာ သန္တုဋ္ဌိမင်္ဂလာပါ | .... | ၃၈ |
| ၃၀။ | သဌေးဖြစ်ချင်ယင် ဆရာ ဆရာမ မလုပ်နဲ့ | .... | ၃၉ |
| ၃၁။ | ကျေးဇူးတွေမေ့ယင် ပြုတ်ကျမှာပဲ | .... | ၄၂ |
| ၃၂။ | ရှင်ဘုရင်နဲ့ ကတညုတမင်္ဂလာ | .... | ၄၃ |
| ၃၃။ | လူငယ်တွေ ဆုံးမလို့မရတာဘာကြောင့်လဲ | .... | ၄၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |
| ၃၄။ | ကတညုတမင်္ဂလာဆိုတာ ဗမာ့သွေးပါ .... | ၄၆ |
| ၃၅။ | ရှေးက လူဆိုးဒမြတွေလဲ မင်္ဂလာနဲ့ .... | ၄၇ |
| ၃၆။ | တရားနာရမယ်ဆိုတာ သတိရဖို့ပါ .... | ၄၈ |
| ၃၇။ | ခန္တီဆိုတာ ခံနေဖို့မဟုတ်ပါဘူး .... | ၅၀ |
| ၃၈။ | ခန္တီဆိုတာ ခေါင်းဆောင်ကပိုအရေးကြီးပါတယ် | ၅၁ |
| ၃၉။ | ခေါင်းငုံ့ခံနေတာ ခန္တီမဟုတ်ပါဘူး .... | ၅၂ |
| ၄၀။ | ခန္တီမင်္ဂလာပျက်ကြယင်ကမ္ဘာကြီးပျက်စီးသွားမှာပဲ | ၅၃ |
| ၄၁။ | သောဝစဿတာမင်္ဂလာဟာဘယ်သူတွေအတွက်လဲ | ၅၅ |
| ၄၂။ | ခေါင်းဆောင်ဖြစ်တာ ဘယ်မင်္ဂလာတွေကြောင့်လဲ | ၅၆ |
| ၄၃။ | ပညာဝန်နှင့်ဘုန်းကြီး .... | ၅၈ |
| ၄၄။ | ရဟန်းဆိုတာ ဘယ်လိုရဟန်းမျိုးလဲ .... | ၅၉ |
| ၄၅။ | ညီညွတ်ရေးကိုခွဲပစ်နိုင်တာ ဘယ်သူတွေလဲ .... | ၆၀ |
| ၄၆။ | ကြစ္ဆာသယ လိုတိုင်းရတဲ့မင်္ဂလာ (၉)ပါး .... | ၆၂ |
| ၄၇။ | လူဆိုတာ တောထွက်ရတယ် .... | ၆၃ |
| ၄၈။ | သင်္ချာပါရဂူတွေလဲ တွက်တတ်ဖို့မလွယ်ပါဘူး | ၆၄ |
| ၄၉။ | လက်ဝဲစွန်း လက်ယာစွန်းလွတ်တဲ့ တပမင်္ဂလာ.... | ၆၆ |
| ၅၀။ | စိတ်တန်ခိုးကြီးအောင် ဘယ်မင်္ဂလာလုပ်ရမလဲ.... | ၆၇ |
| ၅၁။ | ဘယ်လိုပုဂ္ဂိုလ်မျိုးမှ သစ္စာတရားနာယူနိုင်သလဲ | ၆၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာနံပါတ် |
| --- | --- | --- |


၅၂။ အမှန်တရားကို ဘာ့ကြောင့်ရှာမတွေ့နိုင်ကြသလဲ ... ၆၉

၅၃။ ငါနှင့် ဒုက္ခကွဲအောင်လုပ်ပါ ... ၇၀

၅၄။ အသက်ရှိလျက် ဘဝကူးပုံ ... ၇၂

၅၅။ သောကကင်းဝေး နေနိုင်ရေး ... ၇၃

၅၆။ မင်္ဂလာမေတ္တာပို့ဆုတောင်း ... ၇၅

၅၇။ မင်္ဂလသုတ်ပါဠိတော် ... ၈၁

၅၈။ မင်္ဂလာကဗျာ ... ၈၃

ရန်ကုန်မြို့
ဝိုင်-အမ်-ဘီ-အေ အသင်းတိုက်၌
သင်ကြားပို့ချခဲ့သော
ဆရာဦးကျော်ထွတ်
၏

# နည်းပြမင်္ဂလာ

သင်တန်းသို့ ကြွရောက်လာကြတဲ့ ဆရာတော်များ ဘုရား.... တပည့်တော် ဤနေရာမှနေပြီး သင်တန်းပေးရန် ခွင့်ပြုတော်မူကြပါဘုရား....။

**ပထမဆင့်သင်ကြားနည်း**

သင်တန်းက နည်းပြ သင်တန်းသဘောမျိုး ဖြစ်ပါတယ်၊ နည်းပြ သင်တန်းဆိုတော့ မင်္ဂလာစာမေးပွဲမှာ တပည့်တော်တို့ ဝိုင်-အမ်-ဘီ-အေက ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် ဆိုပြီး အဆင့် ၃-ဆင့် ခွဲထားပါတယ်၊ များသောအားဖြင့် ရန်ကုန်က ကျောင်းတွေမှာတော့ ပထမဆင့်နဲ့ ဒုတိယဆင့်မှာသာ အဝင်များပါတယ်၊ ပထမဆင့်မှာ သင်ပြဖို့ကတော့ တပည့်တော် ဒီမှာ သိပ်ပြီးပြောဖို့မလိုပါဘူး၊ မင်္ဂလာတရား ၃၈-ပါးကိုပါဠိအတိုင်း မင်္ဂလာတရား တပါးစီ တပါးစီ ၃၈-ပါးစလုံး သင်ပေးဖို့သိုပါတယ်၊ ပထမဆင့်အနေနဲ့ကတော့ ပါဠိလို ၃၈-ပါး မြန်မာလို ၃၈-ပါးကို ကျေကျေရလို့ရှိယင်တော့ပြီးသယောက်ပါပဲ၊ နောက်တချက်ကတော့ မင်္ဂလာကဗျာကို ဝိုင်-အမ်-ဘီ-အေက ဝေထား ပါတယ်၊ အဲဒီမင်္ဂလာကဗျာ ၃၈ ပါးလုံးကို ကလေးတွေရဖို့ပါ

လိုပါတယ်၊ ရဖို့ကတော့ သူ့ဂါထာနဲ့ သူ ရဖို့ပါ၊ ပထမဂါထာမှာဆိုယင် ဘယ်ကဗျာ၊ ဒုတိယဂါထာမှာ ဘယ်ကဗျာ၊တတိယဂါထာမှာ ဘယ်ဆဗျာဆိုပြီးတော့ သင်ပေးဖို့ပါပဲ၊ ဒီမင်္ဂလာတရား ပါဠိလို ၃၈ ပါးရယ်၊ မြန်မာလို ၃၈ ပါးရယ် နောက်ပြီးတော့ မင်္ဂလာကဗျာရယ်၊ ဒီ ၃ မျိုး ရလို့ရှိယင် ပထမဆင့်ကျောင်းသား ကျောင်းသူတွေ အတွက်မှာတော့ အောင်နိုင်ပါတယ်။

ပထမဆင့် ကလေးတွေအတွက် နောက်တချက် သင်ပေးရမှာက ရေးတတ်ဖို့ အရေးကြီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ဆရာ ဆရာမတွေက အလွတ် သင်ပေးကြတာ များပါတယ်၊ အလွတ်သင်ပေးထားတော ၃၈ပါး အလွတ်ရပေမယ့် ရေးတတ်အောင်က လိုပါတယ်၊ မြန်မာလို ၃၈ ပါးလဲ ကလေးတွေက ရပါတယ်၊ သင်ပေးယင် ရလွယ်ပေမယ့် စာမေးပွဲ ဖြေတဲ့အခါ ကျတော့ မရေးတတ်ကြဘူး၊ မြန်မာလိုလဲ ရေးတတ်အောင် လေ့ကျင့်ပေးဖို့ လိုပါတယ်၊ ထို့အတူပဲ မင်္ဂလာကဗျာမှာလဲ သူတို့ဆိုခိုင်းယင်တော့ ရပါတယ်၊အဲဒီတော့ မင်္ဂလာကဗျာကိုလဲ ရေးတတ်အောင် လေ့ကျင့်ပေးဖို့လိုပါတယ်၊ ဒိပြင် ဉာဏ်စမ်းတို့ ဘာတို့ကတော့ မင်္ဂလာတရား တပါးစီ တပါးစီ လေ့ကျင့်ပြီး သင်ပေးသွားခဲ့ယင် ကလေးတွေ ဉာဏ်ပွင့် လာပါမယ်။ ဒီလောက် သင်ပေးယင် ကျောင်းသားအရည်အချင်း လိုက်ပြီးတော့ အရေးအသားလိုက်ပြီးတော့ ပထမဆင့်မှာ ပထမ၊ဒုတိယရနိုင်ပါတယ်၊ ပထမဆင့် အနေမှာတော့ တပည့်တော်ဒီလောက်ပဲ ပြောပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသင်တန်းက အားလုံးမှ

၄ နာရီပဲ အချိန်ရှိတယ်၊ ၄ နာရီဆိုတော့ တချို့စာလေ တော်တော် ဝေးဝေးက လာခဲ့ကြရတယ်၊ ဝိုင်-အမ်-ဘီ-အေက မင်္ဂလာသင်တန်းက ဘာထူးသတုံး၊ တွဲသိပြီးသွားပဲ၊ အဲဒီလိုလဲ မဖြစ်သွားရအောင် တော်တော်စုံစုံကလေး ဒီ ၄ နာရီအတွင်း မှာပဲ ပြောချင်ပါတယ်၊ ပထမဆင့်အနေနဲ့ကတော့ ဒီလောက်ပဲ တော်ပါပြီ။

## ဒုတိယဆင့် သင်ကြားနည်း

ဒုတိယဆင့်မှာလဲ ဒီအတိုင်းပါပဲ၊ မင်္ဂလာဘရား ၃၈ ပါးကို ပါဠိလို ကြေကြေညက်ညက် ရရမယ်၊ ဗမာလို ၃၈ ပါးလဲ ကြေကြေညက်ညက် ရရမယ်၊ မင်္ဂလာကဗျာ ၃၈ ပါးလဲ ကုန်အောင် ရရမယ်၊ ဒုတိယဆင့်ကလေးတွေကို မင်္ဂလာကဗျာ သင်တဲ့အခါ ကျတော့ ပထမဆင့် ကလေးတွေထက် ပိုပြီးတော့ သင်ဖို့လိုပါ တယ်၊ ဥပမာတခု 'လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ'' လို့ ဆရာက ဒီလိုကဗျာကလေးတွေ ရွတ်ဆိုခဲ့ ယင် ကျောင်းသားက ဘယ်ပါဠိဆိုတာ သိဖို့လိုပါတယ်၊မင်္ဂလာ ကဗျာရဲ့ အပိုဒ်တိုင်း အပိုဒ်တိုင်းကို ပါဠိလို ဖြေတတ်အောင် သင်ပေးဖို့လိုပါတယ်၊ အချို့ကလေးတွေကျတော့ မင်္ဂလာကဗျာ တော့ ရနေပြီ၊ ရပြီးတော့ ဒီကဗျာဟာ ဘယ်ဂါထာက ကဗျာ လဲလို့ မသိကြဘူး၊ ပထမဆင့် ကလေးတွေကတော့ ဘယ်ဂါထာ က ကဗျာပဲလို့ သိယင် ပြီးပါတယ်၊ ဒုတိယဆင့် ကလေးတွေကျ တော့ စာမေးပွဲမှာ သူတို့က မေးချင်ရာ ကောက်မေးလိုက်မယ်၊ ဘယ်ကဗျာ ဘယ်အပိုဒ်ကပဲ မေးမေး ပါဠိလို ဖြေတတ်အောင်

သင်ပေးဖို့လိုပါတယ်၊ နောက်ပြီးတော့ လက်တွေ့ လေ့ကျင့်ခန်းမှာ ကျောင်းမှာ စာမှန်မှန်ကျက်တာဟာ ဘယ်မင်္ဂလာတုံး၊ စာကြိုးစားတာ ဘာမင်္ဂလာတုံး၊ မိဘကိုရိုသေတာ ဘာမင်္ဂလာတုံး၊ ဒီလိုဉာဏ်စမ်းပုစ္ဆာကလေးတွေလဲ သင်ပေးဖို့ လိုပါတယ်၊ အထူးတချက်ကတော့ တပည့်တော်တို့ ဝိုင် အမ် ဘီ အေ က ဖြန့်ချိထားတဲ့ မင်္ဂလာသုတ်လက်စွဲထဲမှာပါတဲ့ ဝတ္ထုကလေးတွေကိုလဲ ဒုတိယဆင့် သမားတွေကို သင်ပေးဖို့လိုပါတယ်၊ အဲဒီ မင်္ဂလာသုတ်လက်စွဲထဲမှာလူမိုက်ကို ခေါင်းဆောင်တင်လို့ရှိယင်ဒုက္ခရောက်ရပုံ၊ ကျေးဇူးရှင်ကို ပြစ်မှားလို့ရှိယင် မျက်မှောက်ဘဝမှာ ဒုက္ခရောက်ရပုံ ဝတ္ထုကလေးတွေပါပါတယ်၊ အဲဒီလို ဒုတိယဆင့်မှာတော့ ဝတ္ထုကလေးတွေနဲ့ပါ သင်ပေးဖို့ လိုပါတယ်။

မင်္ဂလာ နိဒါန်း

ပထမဆင့်၊ ဒုတိယဆင့် အတွက်ကတော့ ဒီလောက်ပဲ လျှောက်ထားပါရစေ၊ တတိယဆင့်အနေနဲ့ မင်္ဂလသုတ်သင်တန်း စပြီး လျှောက်ထားပါတော့မယ်၊ တပည့်တော်တို့ မင်္ဂလသုတ် သင်တာဟာ ဘာသာရေးအတွက် သက်သက်သင်တာ မဟုတ်ပါဘူး၊ မင်္ဂလာတရားက သေသေချာချာ စဉ်းစားကြည့်ယင် ဘာသာရေး တရား သက်သက်မဟုတ်ပါဘူး၊ လူမှုရေး တရားအများဆုံးပါတဲ့ တိုင်းပြည်တည်ထောင်ရေးကို အများဆုံး အဖြေပေးနိုင်တဲ့ မင်္ဂလာတရား ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ရှေးအစဉ်အဆက်ကလဲပဲ ဘုရားဟောတဲ့ သုတ်ပေါင်းထောင်သောင်းမြိုလျက်သားနဲ့ ဒီမင်္ဂလသုတ်ကို ရွေးပြီးတော့ လူတွေကို

သင်ပေးခဲ့ပါတယ်၊ မင်္ဂလသုတ်ကို ရွေးချယ်ရတာက မင်္ဂလသုတ်က လူမှုရေးတရားတွေ အများကြီးပါတယ်၊ တိုင်းပြည်အကျိုးပြုတဲ့ တရားတွေ အများကြီးပါတယ်၊ နောက်ဆုံး တိုင်းပြည်အုပ်ချုပ် မင်းလုပ်မယ့် ပုဂ္ဂိုလ်တွေလဲ မင်္ဂလာတရား ၃၈ ပါးနဲ့ အုပ်ချုပ်လို့ ရှိယင်ရနိုင်တဲ့အထိ မင်္ဂလသုတ်က ကျယ်ပြန့်ပါတယ်၊ အခုခေတ်မှာတော့ ကမ္ဘာပေါ်မှာ နည်းစနစ် အမျိုးမျိုးတွေ ဝါဒအမျိုးမျိုးတွေတော့ ပေါ်နေတာပေါ့၊ ပေါ်နေပေမယ့် တပည့်တော်တို့ မင်္ဂလာတရား ၃၈ ပါးထဲမပါဝင်တဲ့ နည်းလမ်းဆိုတာ မရှိပါဘူး၊ အဲဒါကြောင့်မို့လို့ မင်္ဂလာတရား မဟောခင်ကြွေးကြော်ပြီးမှ ကောလာဟလ ဖြစ်ပြီးမှ ဟောရပါတယ်။

ပိဋကတ်တော်မှာလာတာက ကောလာဟလ ၅မျိုးရှိပါတယ်၊ ကမ္ဘာပျက်တော့မယ် ဆိုလို့ရှိယင် အနှစ် တသိန်းက နေပြီး ကောလာဟလ ဖြစ်ပြီးမှ ကမ္ဘာပျက်တာပါ၊ ကမ္ဘာပျက်မယ် ပျက်မယ်ဆိုယင်ချက်ချင်းပျက်တာ မဟုတ်ပါဘူး၊ အနှစ်တသိန်းလောက်က ကောလာဟလ ဖြစ်ရပါတယ်၊ ဘုရားပွင့်တော့မယ် ဆိုယင်လဲ ချက်ချင်းပွင့်လာတာ မဟုတ်ပါဘူး၊ အနှစ်တထောင်လောက်က စပြီးတော့ ကောလာဟလဖြစ်ပြီးမှ ဘုရားပွင့်ရပါတယ်၊ ကမ္ဘာပေါ်မှာ စကြာမင်းပေါ်တော့မယ်ဆိုယင်လဲ ချက်ချင်းပေါ်လာတာမဟုတ်ဘူး၊အနှစ် ၁၀၀ လောက်က ကောလာဟလဖြစ်ပြီးမှ စကြာမင်း ပေါ်ရပါတယ်၊ မင်္ဂလာတရားဟောတော့မယ်ဆိုယင်လဲ ချက်ချင်း မင်္ဂလာတရား ပေါ်မလာပါဘူး၊ ဟောဖို့ရာ ၁၂ နှစ်ကကြိုတင်ပြီး ကောလာဟလ ဖြစ်ရပါတယ်၊ မောနေယျကောလာဟာလဆိုတာကမောနေယျအကျင့်ကို ကျင့်

မယ့်ပုဂ္ဂိုလ်ပေါ်မယ်ဆိုယင် ၇ နှစ်ကစပြီးတော့ ကောလာဟလ ဖြစ်ရတယ်၊ ပိဋကတ်သုံးပုံထဲမှာ ကြိုတင်ပြီး ကောလာဟလ ဖြစ်ပြီးမှ ဟောတဲ့သုတ်က ဒီမင်္ဂလသုတ်ပဲရှိပါတယ်၊ တပည့်တော် မင်္ဂလာတရားကို မစခင် နိဒါန်းပြောနေတာပါ၊ လူမှုရေးတရား၊ တိုင်းပြည်တည်ထောင်ရေးတရား၊ လူအားလုံးကို ကျေးဇူးပြုတဲ့ လောကီရေးတရားကို ပိဋကတ်သုံးပုံမှာ ရှာမယ်ဆိုယင် ဒီမင်္ဂလ သုတ်ထဲမှာ အများဆုံးပါပါတယ်၊ တချို့တလေက မင်္ဂလာ တရားကို ဘာသာရေးတရားသက်သက်လို့ ထင်နေကြတယ်၊ အမှန်ကတော့ မင်္ဂလာတရားဟာ ဘာသာရေးတရားသက်သက် မဟုတ်ပါဘူး၊ လူ့ပြည်လောကကြီးကို ငြိမ်းချမ်းသာယာမှု ရအောင်ဘယ်လိုစနစ်နဲ့ တည်ထောင်ရမယ်၊ လူ့ပြည်လောကကြီး ကို ငြိမ်းချမ်းသာယာမှုရအောင် ဘယ်လိုစနစ်မျိုးနဲ့ ရေးဆွဲရမယ် ဆိုတဲ့ တိုင်းပြည်တည်ထောင်ရေး စီမံကိန်း တခုပါပဲ၊ လူ့ပြည် လောကကြီး စည်ပင် သာယာဝပြောနိုင်တဲ့, ချမ်းသာနိုင်တဲ့ စီမံ ကိန်း တခုပါပဲ။

## ပညာတတ်ပေမယ့် လူမိုက်ဖြစ်နိုင်တာပဲ

ဒီစီမံကိန်းမှာ နံပါတ် (၁) မင်္ဂလာက 'အသေဝနာ စ ဗာလာနံ' ပါပဲ၊ ဒီမင်္ဂလာကို ဗမာလို အမျိုးမျိုးပြန်ခဲ့ကြတယ်၊ တပည့်တော်တို့ ရိုးရိုးပြန်နေတာကတော့ လူမိုက်ကို မမှီဝဲနဲ့ ဒီလောက်ပဲ ပြန်ခဲ့ကြတယ်၊ ဒီလို ပြန်ကြတဲ့ အခါကျတော့ အဓိပ္ပာယ်က ဘုရားဟောလိုရင်း အာဘော်ထိအောင် မရောက် ပါဘူး၊ တကယ်တိတိကျကျတော့ 'အသေဝနာ စ ဗာလာနံ'

ဆိုတာဟာ လူမိုက်ကို ခေါင်းဆောင်မတင်ဖို့ပါပဲ၊ ဒီတော့ တပည့်တော်တို့က လူမိုက်ကို ထပ်ရှင်းဖို့လိုပါတယ်၊ လူမိုက်ဆိုတာ ဘယ်လိုလူမျိုးက လူမိုက်လဲ၊ အချို့က လူမိုက်ရယ်၊ လူဆိုးရယ်, လူယုတ်ရယ်, အဲဒါမကွဲပဲ ဖြစ်နေကြတယ်၊ မိုက်တယ်ဆိုတာက မိုက်တာရယ် မှောင်နေတာရယ် ဒါ့ဗမာစကားက အတူတူပါပဲ၊တပည့်တော်တို့မိုက်ကနဲ ဖြစ်သွားတယ်ဆိုလို့ ရှိယင် ဘာမှမသိတော့ဘူး၊မည်းနေတယ် မှောင်နေတယ်ဆိုယင်လဲဘာမှ မသိတော့ဘူး၊ အဲဒီတော့ လူမိုက်ဆိုတာက ဒီအလုပ်ကို လုပ်မယ်ဆိုယင် အများကောင်းကျိုး ရှိမလား အများချမ်းသာ မလား အများ ဆင်းရဲမလား ဆိုတာကို ခွဲခြားပြီး မသိတဲ့ ပုဂ္ဂိုလ်ကို လူမိုက်လို့ ခေါ်တယ်၊ ပါရဂူဘွဲ့ကြီးတွေ ၄-၅-၆ထပ် ရနေပါစေ၊ ပိဋကတ်သုံးပုံကို အာဂုံပဲ ရနေပါစေ၊ ဘယ်လောက် ရနေ ရနေ၊ အဲဒီပညာတွေ သင်ထားတာက ပညာတတ်လို့ ခေါ်ပါတယ်၊ ပညာတွေ ဘယ်လောက်ပဲ တတ်တတ် ကောင်းကျိုး ဖြစ်မလား ..ဆိုးကျိုး ဖြစ်မလား ဆိုတာကို ခွဲခြားပြီး မသိယင် လူမိုက်ပါပဲ။

အဇာတသတ်တို့ ဒေဝဒတ်တို့ အကြောင်းကိုတော့ အရှင်ဘုရားတို့ ကြားဖူးပါတယ်၊ ဒေဝဒတ်ကို "အသေဝနာ စ ဗာလာနံ" မင်္ဂလာအရ လူမိုက်ထဲ ထည့်တာပဲ၊ ဒေဝဒတ်ကို ခေါင်းဆောင်ကြီး တင်မိတဲ့အတွက် အဇာတသတ်မင်းသားဟာ ငရဲမှာပဲ ရှိသေးတယ်၊ ဒေဝဒတ်ဟာ အင်မတန် တန်ခိုးကြီးတဲ့ ဘုရားရှင်ကိုတောင်မှ ပြိုင်နိုင်တဲ့ ပုဂ္ဂိုလ်တယောက်၊ သို့ပေမယ့် လူတွေရဲ့ ကောင်းကျိုးကို မလုပ်ပဲနဲ့၊ ဆိုးကျိုးကို ဖြစ်အောင်

လုပ်တဲ့အတွက် ဒေဝဒတ်ကို တပည့်တော်တို့ လူမိုက်စာရင်းထဲပဲ ထည့်ရတယ်၊ အဇာတသတ်ဆိုတာလဲ ဘုရင့်သားပါ၊ တကယ့် ပညာတတ်ပဲ၊ ခေတ်အခါအားဖြင့် ကြည့်ယင်လဲပဲ ဘုရားပွင့်တဲ့ ခေတ်၊ သူ့ကိုယ်တိုင်ကလဲ ပညာတတ်မင်းသား၊ သို့ပေမယ့် ဒေဝ ဒတ်လို ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင်တင်မိတဲ့အတွက် ဒီနေ့အထိ ငရဲမှာ ကျနေရတယ်၊ လူမိုက်ကို ခေါင်းဆောင်တင်မိတဲ့အတွက် ဘယ်လောက်ဒုက္ခရောက်ရတယ်ဆိုတာကို ဘာသာရေး စာအုပ် တွေမှာ ဒေဝဒတ်တို့ အဇာတသတ်တို့ကိုပဲ ထုတ်ရေးကြတာပဲ၊ ဒီမင်္ဂလာတရား ၃၈ ပါးထဲမှာ "အသေဝနာ စ ဗာလာနံ" မင်္ဂလာကို ပထမဆုံး မြတ်စွာဘုရား ဟောရတာက သာသာ ရေးပဲ လုပ်လုပ်၊ ပညာရေးပဲ လုပ်လုပ်၊ နိုင်ငံရေးပဲ လုပ်လုပ်၊ စီးပွားရေးပဲ လုပ်လုပ်၊ ဘာပဲလုပ်လုပ်၊ ဘယ်အလုပ်မျိုးမှာမဆို တပည့်တော် လျှောက်ထားတဲ့အတိုင်း လူတွေရဲ့ ကောင်းကျိုး ဆိုးကျိုးကို ခွဲခြားပြီး မသိတဲ့ ပုဂ္ဂိုလ်မျိုးကို ခေါင်းဆောင် တင်မိယင် ကျန်တဲ့ မင်္ဂလာတွေ ဘာမှ လုပ်လို့မရတော့ဘူး။

စာတွေမတတ်ပေမယ့် ပညာရှိဖြစ်နိုင်တာပဲ

မင်္ဂလာတရား ၃၈ ပါးမှာ "အသေဝနာ စ ဗာလာနံ" လူမိုက်ကို ခေါင်းဆောင် မတင်ရဘူး၊ မင်္ဂလာကို ပြောင်းပြန် ပြန်လိုက်တော့ (၂) "ပဏ္ဍိတာနဉ္စ သေဝနာ" ပညာရှိတို့ ကိုသာ ခေါင်းဆောင်တင်ရမယ်၊ ပညာရှိဆိုတာ တပည့်တော် လျှောက်ထားတဲ့ ဗာလဆိုတာနဲ့ ဆန့်ကျင်ဘက်ပါပဲ၊ လူတွေက ပညာတတ်တွေကို ပညာရှိထင်နေကြတယ်၊ အမှန်က ပညာတတ်

တာရယ်၊ ပညာရှိတာရယ်က တခြားစီပါ၊ ပဏ္ဍိတဆိုတာ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲဆိုဘော့ လွယ်လွယ်ကတော့ အမှားနဲ့ အမှန်ကို ခွဲခြားသိပြီး လူအများကောင်းကျိုးကို ဆောင်ရွက်တဲ့ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်၊ တပည့်တော်တို့ ဇာတ်တော်တွေမှာ ပြန်ကြည့်မယ် ဆိုယင် ဘုရားလောင်းဘဝမှာ ပဏ္ဍိတဘွဲ့ရတာ သိပ်မရှိပါဘူး၊ မဟောသဓာတို့ ဝိဓူရတို့ပဲ ရှိတယ်၊ မဟောသဓာတို့ရဲ့ လုပ်ပုံကို ကြည့်မယ်ဆိုယင် သူ့ရဲ့ဘဝမှာ သူ့ရဲ့ကိုယ်ကျိုးကို ဘာမှမလုပ်ဘူး၊ ရှင်ဘုရင်ရဲ့အကျိုး၊ တိုင်းသူပြည်သားတွေရဲ့အကျိုးကိုပဲ လုပ်သွား တာပဲ၊ မဟောသဓာဟာ ရှင်ဘုရင်လဲ လုပ်နိုင်တဲ့ လူတယောက်ပဲ၊ သို့ပေမယ့် ရှင်ဘုရင်ဖြစ်ဖို့ ဘာဖြစ်ဖို့ ပညာရှိဖို့ကို ဘာမှ စိတ် မကူးပဲနဲ့ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကောင်းစားရေးတခု တည်းကိုပဲ လုပ်တဲ့အတွက် မဟောသဓာလိုပုဂ္ဂိုလ်မျိုးကို ပညာရှိ ခေါ်တယ်၊ နောက်ပိတ်ဆုံး သိန်း, ဒေဝိန်း, ကာမိန်း, ပကုတ်ဆိုတဲ့ သူ့ကို့အမျိုးမျိုးဒုက္ခပေးတဲ့ ရန်သူတို့ရဲ့ အကျိုးကိုလဲ ကာကွယ် ပြီးတော့ အကျိုးရှိအောင်ပဲ လုပ်တယ်၊ တိုတိုကတော့ ပဏ္ဍိတ ဆိုတာ အမှားနှင့် အမှန်ခွဲခြားပြီး အများကောင်းကျိုး တိုင်း ပြည်ကောင်းကျိုးကို လုပ်နေတဲ့ ခေါင်းဆောင် ပုဂ္ဂိုလ်တွေဟာ ပဏ္ဍိတပါပဲ၊ ပညာတတ်တာနဲ့ ပဏ္ဍိတနဲ့ တခြားစီပါ၊ ဒါကြောင့် မို့လို "ပဏ္ဍိတာနဥ္စ သေဝနာ" ဆိုတာ အမှားနှင့်အမှန် ခွဲခြား သိပြီး ကိုယ်ကျိုးကို မဖက်ပဲနဲ့ တိုင်းသူပြည်သားရဲ့ အကျိုး ကမ္ဘာသူ ကမ္ဘာသားများရဲ့ အကျိုးကို အသက်နဲ့လဲပြီး ဆောင် ရွက်တဲ့ ပုဂ္ဂိုလ်တွေဟာ ပဏ္ဍိတပါပဲ။

## ပူဇာ စ ပူဇနေယျာနံ မင်္ဂလာမရှိယင် ဘာမှ လုပ်လို့မရဘူး

(၃)''ပူဇာ စ ပူဇနေယျာနံ''ဆိုတာကတော့ ခပ်လွယ်လွယ် ဘာသာရေးဘက်က ကြည့်မယ်ဆိုယင် ''ပူဇာ စ ပူဇနေယျာနံ'' ဆိုတာဟာ ပူဇော်ထိုက်တဲ့လူကို ပူဇော်တာ၊ ပူဇော်ထိုက်တယ် ဆိုတာက ဘုရား တရား သံဃာ မိဘ ဆရာသမား အစ်ကို အစ်မ စတဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ထိုက်တယ်လို့ ဆိုတယ်၊ အမှန်က ''ပူဇာ စ ပူဇနေယျာနံ''ဆိုတာဟာ အားလုံး ခြုံမိအောင် ဘာသာပြန်မယ်ဆိုယင် ချီးမြှောက်ထိုက်တဲ့လူကို ချီးမြှောက်တာ၊နေရာပေးသင့်တဲ့လူကိုနေရာပေးတာ၊ခေါင်းဆောင် တင်သင့်တဲ့လူကို ခေါင်းဆောင်တင်တာ၊ အခုခေတ်စကားနဲ့ ပြောမယ်ဆိုယင် လူမှန် နေရာမှန် ဖြစ်အောင် လုပ်ပေးတာဟာ ''ပူဇာ စ ပူဇနေယျာနံ''ပဲ၊ တပည့်တော်တို့က ''ပဏ္ဍိတာနဥ္စ သေဝနာ''ဆိုတဲ့အတိုင်း ပညာရှိတွေကို ခေါင်းဆောင်မတင်ဘူး၊ လူမိုက်ကို ခေါင်းဆောင်တင်မယ်ဆိုယင် ဒါဟာ ''ပူဇာ စ ပူဇနေယျာနံ''ဆိုတဲ့မင်္ဂလာကို တော်လှန်ရေးလုပ်တာပဲ၊ အဲဒီတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အများအကျိုးကို ဆောင်ရွက်တဲ့ ကိုယ်ကျိုးမဖက်တဲ့ ခေါင်းဆောင်မျိုးကို ခေါင်းဆောင်တင်တာဟာ ပူဇာ စ ပူဇနေယျာနံ''ပဲ၊ ချီးမြှောက်ထိုက်တဲ့ လူကို ချီးမြှောက်တာပဲ၊ လူတွေမှာ လူမိုက်ရယ်၊ ပညာရှိရယ်၊ အများအကျိုး လုပ်တဲ့ လူရယ်၊ အများအကျိုး မလုပ်တဲ့ လူရယ်၊ အတန်းအစား ကွဲနေတာပဲ၊ အကျင့်ကောင်းတဲ့လူ၊ အကျင့်ဆိုးတဲ့လူ ဒီလိုကွဲနေတာပဲ၊ ဒီလို လူတန်းစားကွဲနေတဲ့ဟာကို တပည့်တော်

တို့က "ပူဇာ စ ပူဇနေယျာနံ"နှင့် မခွဲပဲ နွားထီး ၅ကျပ် နွားမ ၅ကျပ်ဆိုပြီး လုပ်ယင် ဘယ်သူ ပညာရှိအောင် လုပ်ချင် တော့မှာလဲ၊ ဘယ်သူက အကျင့်သီလကောင်းအောင် လုပ်ချင် တော့မှာလဲ၊ဒါကြောင့်မို့လို့ ချီးမြှောက်သင့် ချီးမြှောက်ထိုက်တဲ့ လူကို ချီးမြှောက်တာဟာ "ပူဇာ စ ပူဇနေယျာနံ" မင်္ဂလာပဲ၊ တိုင်းပြည်တခုမှာ ဒီ "ပူဇာ စ ပူဇနေယျာနံ"ဆိုတဲ့ မင်္ဂလာ ပျက်ယင် ဒီတိုင်းပြည်ဟာ ဘာမှလုပ်လို့မရတော့ဘူး၊ ချီးမြှောက် သင့် ချီးမြှောက်ထိုက်တဲ့ လူကို ချီးမြှောက်၊ နှိပ်ကွပ်သင့်တဲ့လူကို နှိပ်ကွပ်တာဟာ "ပူဇာ စ ပူဇနေယျာနံ" လုပ်တာပဲ၊ တပည့် တော်တို့ ဇာတ်တော်တွေ ပြောမယ်ဆိုယင် အများကြီးပါပဲ။

အဲဒီတော့ မင်္ဂလာတရားအတိုင်း လက်တွေ့လုပ်ငန်းကျတော့ က ဘာသာရေးပဲ လုပ်လုပ်၊ စီးပွားရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲ လုပ်လုပ်၊အများအကျိုးကို ဆောင်ရွက်မယ့် အမှားအမှန်ကိုသိတဲ့ ပုဂ္ဂိုလ်မျိုးကို ရတဲ့အခါမှာ တပည့်တော်တို့က ခေါင်းဆောင် တင်လိုက်မယ်၊ ခေါင်းဆောင်တင်လိုက်တယ်ဆိုယင်ပဲ "ပူဇာ စ ပူဇနေယျာနံ"လဲ လုပ်ပြီးသားဖြစ်သွားတာပဲ၊ "အသေဝနာ စ ဗာလာနံ" လူမိုက်ကို ခေါင်းဆောင်မတင်ရဘူးဆိုတဲ့ လုပ်ငန်းလဲ ပြီးသွားတယ်၊လက်တွေ့လုပ်တဲ့အခါကျတော့(၁)"ပဏ္ဍိတာနဉ္စ သေဝနာ" ယူလိုက်တယ်ဆိုယင် ၃ ပါးလုံး ပြီးသွားပါတယ်။ တိုင်းသူပြည်သားတို့ရဲ့အကျိုးကို အသက်နဲ့လဲပြီးလုပ်မယ့် အမှား အမှန်ကိုသိတဲ့ တကယ့်ပဏ္ဍိတဆိုတဲ့ ခေါင်းဆောင်မျိုးတော့ရပြီ၊ ရပြီးတော့ နေရာကြည့်ရမယ်၊ နေရာ ကြည့်ရမယ် ဆိုတော့ (၂)"ပဋိရူပ ဒေသဝါသော စ" ဆိုတဲ့အတိုင်း တပည့်တော်တို့

မင်္ဂလာတိုင်းပြည်ကြီးကို တည်ထောင်လို့ရမယ့် နေရာကောင်း ကောင်း ရဖို့လိုပါတယ်။

ဥပမာအားဖြင့် တပည့်တော်တို့ အသင်းတခုမှာ ဥက္ကဋ္ဌတော့ ရ၂။ ဥက္ကဋ္ဌရယင် အသင်းတိုက်နေရာ ရှာရသလိုပါပဲ၊ အဲဒီတော့ "ပဋိရူပ ဒေသဝါသောစ"နေရာလဲရပြီ။ ပညာရှိခေါင်းဆောင် လဲရပြီ၊ နံပါတ်(၃)က "အတ္တသမ္မာပဏိဓိ" ကြိုးစားမှုပါပဲ။ ပညာရှိခေါင်းဆောင်လဲ ရပြီ၊ နေရာလဲ ရပြီ၊ စီမံကိန်းတွေ အကုန်လုံး ရေးချပြီးပြီ။ စီမံကိန်းတွေ ရေးဆွဲပြီးတော့ တပည့်တော်တို့က မကြိုးစားပဲနေယင် တပည့်တော်တို့ လုပ်ငန်းတွေ ဘာမှမဖြစ်မြောက်နိုင်ပါဘူး၊ အဲဒါကြောင့် နံပါတ်(၃)အနေနဲ့ "အတ္တသမ္မာပဏိဓိ" ကြိုးစားမှု ရှိရမယ်။ ကြိုးစားမှု မရှိပဲနဲ့ ခေါင်းဆောင်နဲ့ တိုင်းပြည် ဒီနှစ်ခုတည်းရှိရုံနဲ့ ဒီတိုင်းပြည်က လုပ်ငန်းတွေ မဖြစ်လာပါဘူး၊ ဘာသာရေးလုပ်မယ်ဆိုယင်လဲ ကြိုးစားရမှာပဲ၊ စီးပွားရေးလုပ်မယ်ဆိုယင်လဲ ကြိုးစားရမှာပဲ။ နိုင်ငံရေးလုပ်မယ်ဆိုယင်လဲ ကြိုးစားရမှာပဲ။

## လူ့လောကအခြေခံမင်္ဂလာလေးပါး

"အတ္တသမ္မာပဏိဓိ" (၁) ကြိုးစားမှုလဲရှိပြီ၊ (၂) ပညာရှိ ခေါင်းဆောင်လဲရပြီ၊ (၃) တိုင်းပြည်ကောင်းကောင်းလဲ ရပြီ၊ ဒီ ၃ ပါးနဲ့ပြည့်စုံခဲ့ယင် တပည့်တော်တို့တည်ထောင်မယ့် မင်္ဂလာ တိုင်းပြည်ကြီးဟာ နတ်ပြည်ကြီးလို ချက်ချင်း ချမ်းသာသွား မလား၊ ချက်ချင်း ထပြီးတော့ စည်ပင်သာယာသွားမလား၊ တပည့်တော်တို့ ဗုဒ္ဓဘာသာတွေ အနေနဲ့ကတော့ "ပုဗ္ဗေ စ

**ကတပုညတာ''** မင်္ဂလာ ထည့်ထားတယ်၊ နံပါတ်(၄) ''**ပုဗ္ဗေစ ကတပုညတာ**''ဆိုတာ ရှေးကဘာသာပြန်တာကတော့ အတိတ်ကံကိုချည်း ပြန်ကြတယ်။ အတိတ်ဘဝကံရော ပစ္စုပ္ပန်ဘဝကံရော ပါသွားအောင် ''ပုဗ္ဗေ စ ကတပုညတာ'' ဆိုတာ ကြိုးစားတဲ့ အချိန်နဲ့ အမျှ ရမယ်၊ ငါးနှစ် ကြိုးစားယင် ငါးနှစ်လောက်ပဲ ချမ်းသာမယ်၊ ကြီးပွားလာမှာပဲ။ အနှစ် ၂၀ ကြိုးစားယင် အနှစ် ၂၀ နဲ့အမျှ ချမ်းသာ ကြီးပွားလာမယ် ''ပုဗ္ဗေ စ ကတပုညတာ'' ဆိုတာက ကိုယ်လုပ်ခဲ့ယင် လုပ်ခဲ့တာနဲ့ အမျှ ရမယ်ဟုဆိုလိုတာပဲ။ အဲဒီတော့ နောက်ဘဝ ရှေးဘဝဆိုတာက ပညတ်တွေ၊ ကံဆိုတာက ချက်ချင်းလုပ်လို့ ချက်ချင်းချမ်းသာ တာမဟုတ်ဘူး။ တပည့်တော်တို့ မင်္ဂလာတရား ၃၈ ပါးမှာဆိုခဲ့ ယင် ဒီမင်္ဂလာတရား လေးပါဟာ လူ့လောကာ အခြေခံပါပဲ။ လူ့လောကမှာ ဘယ်ဘာသာပဲဖြစ်ဖြစ် ဘယ်ဝါဒပဲ ဖြစ်ဖြစ် ကမ္ဘာပေါ်မှာ လုပ်နေတဲ့ ဘယ်လုပ်ငန်းမျိုးမဆို ဒီမင်္ဂလာတရား လေးပါးကို လုပ်နေကြတာဖြစ်ပါတယ်။

**ဒီလေးပါးကိုအခြေမခံပဲကြီးပွားနိုင်သလား**

(က) ''ပဏ္ဍိတာနဉ္စ သေဝနာ'' ဘယ်တိုင်းပြည်မှာမဆို လူအများရဲ့အကျိုးကို ခေါင်းဆောင်နိုင်တဲ့ ပဏ္ဍိတခေါင်းဆောင် ပုဂ္ဂိုလ်မျိုး ရအောင်ကတော့ ရှာနေကြတာပဲ။ (ခ) ပဋိရူပ ဒေသဝါသ'' ကိုယ့်တိုင်းပြည် နေရာကောင်းတွေ ဖြစ်အောင် သာယာဝပြောအောင် လုပ်နေကြတာပဲ။ (ဂ) ''အတ္တသမ္မာ-ပဏိဓိ'' မိမိတို့စွမ်းအားရှိသလောက် တိုင်းပြည်တိုင်းက ကြိုးစား

နေကြတာပဲ၊ တို့ကြိုးစားမှုဖြစ်မယ်၊ မကြိုးစားပဲနဲ့ အိပ်နေလို့ အချောင်မရဘူးလို့လူတိုင်းက ပြောနေကြတာပဲ။ (ဃ)''ပုဗ္ဗေစ ကတပုညတာ''ချက်ချင်းကြိုးစားလို့ချက်ချင်းချမ်းသာမှာမဟုတ် ဘူး။ငါးနှစ်ကြိုးစားယင် ငါးနှစ်လောက်ချမ်းသာမယ်။ကြိုးစား သလောက် ရမှာပဲဆိုပြီး လူတိုင်းပြောနေကြတာပဲ။ ဒါကြောင့် ဒီမင်္ဂလာတရားလေးပါးဟာ လူ့လောကမှာ လူမျိုးမရွေး၊ ဝါဒ မရွေး၊ ဘာသာမရွေး လိုက်လုပ်နေကြတာပဲ။ ဘယ်ဘာသာ ဘယ်အယူဝါဒက ဒီမင်္ဂလာတရား လေးပါးကို အခြေမခံပဲနဲ့ ကြီးပွားနိုင်တယ်ဆိုယင် ဆွေးနွေးနိုင်ပါတယ်၊ ဆွေးနွေးမယ်ဆို ယင် ပြန်ပြီးရှင်းပြဖို့ အဆင်သင့်ပဲ။ သူတို့ထင်နေကြတာကမင်္ဂလာ တရားဆိုတာ ဘာသာရေးသက်သက်ပဲ၊ တိုင်းပြည်အကျိုးပြုနိုင် သလားတဲ့။ ဘယ်လိုလုပ်ငန်းမဆို ဘာသာရေးပဲလုပ်လုပ်၊ စီးပွား ရေးပဲလုပ်လုပ်၊ နိုင်ငံရေးပဲလုပ်လုပ် ဒီမင်္ဂလာတရား လေးပါး ကတော့ အခြေခံရမှာပဲ။

လက်တွေ့ဥပမာတခု၊ ပညာရေးဆိုပါတော့ ကျောင်းသား တယောက် ကျောင်းအပ်မယ်ဆိုယင် တပည့်တော်တို့ ဘာရှာရ သလဲ။(၁) ကျောင်းဆရာကောင်းကောင်းကိုရှာရတာပဲ။ ဘယ် ဆရာတော်ကဖြင့် အတော်ဆုံးပဲ၊ ဘယ်ကျောင်းဆရာ ဆရာမက အတော်ဆုံးပဲဆိုပြီးတော့ ကိုယ့်သားသမီးကလေးကို ကျောင်း အပ်မယ်ဆိုတော့ နံပါတ်(၁) ''ပဏ္ဍိတာနဉ္စ သေဝနာ'' ဆရာ ကောင်းပညာရှိကို ရှာတာပါပဲ။ (၂) ဆရာကောင်းကောင်း တော့ရှိတယ်။ သင်စရာ နေရာကောင်းကောင်း မရှိယင် မဖြစ် ဘူး။ အဲဒီတော့ စာသင်ဖို့နေရာဆိုတဲ့ ကျောင်းကောင်းကောင်း

"ပဋိရူပဒေသဝါသ"ကို ရှာတာပဲ။ (၃) ဆရာကောင်းလဲရပြီ၊ ကျောင်းလဲရပြီ၊ ဒီကလေးတွေ ပညာတတ်ရော့လား ဆိုတော့ "အတ္တသမ္မာပဏိဓိ"ဒီကလေး ကြိုးစားသလောက်ပဲ ရမယ်တဲ့။ ကျောင်းက ဘယ်လောက်ကောင်းကောင်း၊ ဆရာကလဲ မိုးပျံအောင် တတ်တဲ့ တော်တဲ့ ဆရာဖြစ်နေပါစေ၊ ကလေးက မကြိုးစားခဲ့ယင် မတတ်နိုင်ဘူး။ ဒီတော့ ကလေးကိုယ်တိုင်က "အတ္တသမ္မာပဏိဓိ" "ကြိုးစားရမယ်" ဒီနေ့ ကျောင်းလာအပ်တယ်၊ ဒီနေ့ ဘီ-အေ အောင်မလားဆိုတော့ မအောင်နိုင်ပါဘူးတဲ့။ သူကြိုးစားသမျှ ၁၀ နှစ်ကြိုးစားယင် ၁၀ နှစ် ကြိုးစားသလောက်ပဲ တတ်မှာပဲ၊ အနှစ် ၂၀ ကြိုးစားယင် အနှစ် ၂၀ လောက်အတွက်ပဲ တတ်မှာပဲ၊ ဒါက (၄) ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာပါပဲ။

## ဘုရားဟောတဲ့တရားတွေ ခေတ်မမီတော့ဘူးလား

အဲဒီတော့ ပညာရေးမှာပဲကြည့်ကြည့်၊စီးပွားရေးမှာပဲကြည့်ကြည့် ဒီလေးပါးကိုရှောင်ပြီးလုပ်တဲ့ ဘာသာမျိုးကတော့မရှိပါဘူး။အင်္ဂလိပ်လို ရေးချင်ရေးမယ်၊ ကုလားလို ရေးချင်ရေးမယ်၊ တရုတ်လိုရေးချင်ရေးမယ်၊ဘာသာအမျိုးမျိုးနဲ့ရေးချင်ရေးမယ်၊ သို့ပေမယ့် ဒီအခြေခံလေးပါးကတော့ လုပ်ကြရတာပါပဲ။ ဒါကြောင့်မို့ ဥက္ကဋ္ဌကြီးက ဗုဒ္ဓဝါဒဟာ ဘယ်အချိန်ပဲဖြစ်ဖြစ် ခေတ်ရှေ့က ပြေးနေတာပဲတဲ့၊ ယခုခေတ်လူတွေ ပိဋကတ်တော်တွေကို မလေ့လာကြတော့ဘူး။မသင်ကြတော့ဘူး။အင်္ဂလိပ်စာတွေတော့ဖတ်ကြတယ်၊နိုင်ငံခြားစာပေတွေတော့ဖက်တယ်၊အဲဒီ

စာအုပ်မျိုးတွေကို အထင်ကြီးပြီး အရှင်ဘုရားတို့ ပိဋကတ်တော်တွေဟာ ခေတ်မမီတော့ဘူး၊ ဒါတွေက ဟိုရှေးတုန်းက ရှေးရိုးတွေပဲ ဘုရားဟောတဲ့တရားကို ခေတ်မမီတော့ဘူးဆိုပြီး ပြောရဲတဲ့လူတွေ ရှိလာတယ်၊ ဒါကြောင့်မို့ ဘယ်ခေတ်မှာပဲဖြစ်ဖြစ် ခေတ်နောက်ကျသွားပြီ၊ ရိုးနေတယ်၊ သုံးမရတော့ဘူးလို့ ပြောနိုင်တဲ့လူ ကမ္ဘာပေါ်မှာရှိယင် လာခဲ့ပါ၊ ဘုရားဟောသွားတဲ့ လောကီရေး တရားတွေထဲမှာ ဒီခေတ်မှာတော့ ခင်ဗျားတို့ တရားက သုံးမရတော့ဘူးဟု ပြောနိုင်ယင် ကျွန်တော်တို့က ဖြေရှင်းဖို့ အသင့်ပါပဲ၊ လောကုတ္တရာအရေးမှာလဲ လောကုတ္တရာအရေးအတိုင်း ဘယ်ခေတ်မှာမဆို ဘုရားဟောတရား ဆိုတာက ခေတ်ရှေ့က အမြဲပြေးနေတာပဲ။

တပည့်တော်တို့ တည်ထောင်မယ့် တိုင်းပြည်မှာ ဘယ်က စရမလဲဆိုယင် မင်္ဂလာတရားတော်အတိုင်း ပြောပါဆိုလို့ရှိယင် နံပါတ်တစ် ပညာရေးစနစ်က စရမှာပဲ။

ဗာဟုသစ္စပညာဆိုတာ ဘယ်လိုပညာမျိုးလဲ

နံပါတ်တစ် (၁) ဗာဟုသစ္စ ပညာဆိုတာ အမြင်များအောင် အကြားများအောင် သင်ပေးတဲ့ ပညာပါပဲ၊ ဘယ်ကျမ်းစာတွေကို ပြဋ္ဌာန်းမလဲဆိုတာကတဆင့် စဉ်းစားရမှာ ဖြစ်ပါတယ်၊ ကလေးတွေကို အကြားအမြင်များအောင် သင်ပေးတဲ့ ပညာမျိုးဟာ "ဗာဟုသစ္စပညာ"ပါပဲ၊ ကျောင်းတွေမှာ စာဖတ်တတ်အောင် သင်တာက အမြင်များအောင် သင်တာပါပဲ၊ ဒီစာလုံးတွေမြင်ယင် နဂိုက ဘာမှမသိဘူး၊ ဘာမှ မသိတာကို

စာဖတ်တတ်အောင် သင်တာဟာ အမြင်များအောင် သင်တာပါပဲ၊ ဆရာ ဆရာမတို့က ဝတ္ထုကြောင်းတွေ ပြောပြတာတို့က အကြားများအောင် ပြောပြတာပါပဲ၊ ဒီတော့ သင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းတဲ့နေရာမှာ ပြဿနာအများကြီး ဝင်ပါတယ်၊ ဗဟုသစ္စ ပညာဆိုတာ ဘယ်လိုပညာလဲ၊ လူမိုက်နဲ့ ပညာရှိ ခွဲခြားပြီးတော့ သိအောင် သင်ပေးတဲ့ ပညာမျိုးပဲ။

ရှေးကတော့ လူတယောက်ကို မြင်တယ်ဆိုယင် ဒီလူဟာ လူကောင်းလား လူဆိုးလား ဆိုတာ သိတယ်၊ အမြင်များတဲ့ ပုဂ္ဂိုလ်ကျတော့ လူကိုကြည့်လိုက်တာနဲ့ ဒီကောင်ဟာ လူဆိုးလား လူကောင်းလား ပညာရှိလား ပညာမဲ့လား ဆိုတာ လူပုဂ္ဂိုလ်ကို မြင်တာနဲ့ ခွဲခြားသိတယ်၊ အခုခေတ် ဘီ-အေ၊ အမ်အေတွေ အောင်ပေမယ့် အလိမ်ခံရတဲ့လူတွေ အများကြီး၊ ဘွဲ့ကြီးတွေ မမှာစရိယတွေ အောင်ပေမယ့် အလိမ်ခံရတာ အများကြီး၊ ဘာဖြစ်လို့လဲဆိုတော့ လူမြင်တယ်ဆိုယင် လူဆိုးလား လူကောင်းလားဆိုတာကို မသိလို့ အလိမ်ခံရတာပဲ၊ ဒါကြောင့် အကြားအမြင်များတဲ့ ပညာဆိုတာက တပည့်တော်တို့ ရာထူးကြီးကြီးနေရာရပါပြီတဲ့၊ လူဘယောက်က ဘာညာပြောလို့ ဘာပညာတတ်ပါတယ်ဆိုပြီးတော့ ဒီလူဟာ တိုင်းပြည်ကို အကျိုးရှိအောင် လုပ်နိုင်မယ့် လူလား မလုပ်နိုင်မယ့်လူလားဆိုတာ တပည့်တော် ခွဲခြားမသိပဲနဲ့ ဒီနေရာမှာ တပည့်တော်ထိုင်ပြီးတော့ လူတွေကို ခန့်ခဲ့ယင် ဒီတိုင်းပြည် ဘယ်နယ်ဖြစ်မလဲ၊ ဒီလူဟာ အသက်နဲ့ လဲပြီး လုပ်မယ့်လူပဲ၊ အများအကျိုးကို တကယ်ဆောင်ရွက်မယ့် လူပဲဆိုတာ သိမှ လူမှန် နေရာမှန် ခန့်ပေးနိုင်မှာပေါ့၊ အကြား

အမြင့်များတဲ့ ပညာမှမရှိယင် တပည့်တော်တို့ကို လိမ်ပြီး နောက်ပိုင်း ဗရုတ်သုက္ခ ရောက်ကုန်မှာပေါ့။

## လူလိမ်တွေဘာပြုလို့ပေါတာလဲ

ရှေးခေတ်က ဆရာတော်တွေဟာ စကားပြောသံကြားတယ် ဆိုယင် ဒီကောင်က ဆရာတော်ဖြစ်မယ့်အကောင်ပဲ၊ ဒီအသံမျိုးက သဌေးသသံ၊ ဒီအသံမျိုးက ရှင်ဘုရင်ဖြစ်မယ့်အသံ၊ ဒီအသံမျိုးက စစ်ဗိုလ်ကြီး၊ ဒီအသံ သူရဲဘောကြောင်တဲ့ အသံဟု အသံကြား တာနဲ့ သိတယ်၊ ''ဗာဟုသစ္စ ပညာ''ဆိုတာက အကျဉ်းချုပ်တော့ အမြင့်များတဲ့ ပညာ အကြားများတဲ့ ပညာပဲ၊ ဗာဟုသစ္စ ပညာ တတ်ရန် သင်ရိုးညွှန်းတန်းကတော့ ရွေးချယ်စီစစ်ရမှာပဲ၊ ဥပမာ အကြား အမြင့်များအောင် ၅၅၀ ဇာတ်တို့ကို သင်ပေးရမှာပဲ၊ အဲဒီအထဲမှာ ဝတ္ထု ကြောင်းတွေ အများကြီးပါတယ်၊ ဘယ်လို အသံက ဘယ်လို၊ ဘယ်လိုရုပ်မျိုးက ဘယ်လို၊ ဘယ်လို လူမျိုးက ဘယ်လို၊ ဒီလိုလူမျိုးက လူလိမ်ဖြစ်မှာပဲ လူညာပဲဟု သိနိုင်တယ်၊ တပည့်တော်တို့ သင်ကြားနေတဲ့ ပညာရေးစနစ်က ဗာဟုသစ္စ ပညာကို စုံအောင် မဘတ်ယင် လိမ်တဲ့လူတွေ ပေါ်လာတာပဲ၊ ဘုန်းကြီးက တမျိုးလိမ်လိုက်၊ ဗေဒင်ဆရာက တမျိုးလိမ်လိုက်၊ စီးပွားရေးသမားက လိမ်လိုက်၊ နိုင်ငံရေးသမားက လိမ်လိုက် ဆိုပြီး အကုန်လုံး ကုန်းပြီး ခံနေကြရမှာပဲ။

ဗာဟုသစ္စမင်္ဂလာကိုတော့ ဆရာတော်တို့ရော ဆရာ ဆရာမ တို့ရော အကျယ်သင်ချင်တဲ့အခါမှာ ဝတ္ထုကြောင်းတွေ ၅၅၀

ဇာတ်တော်မှာ အများကြီးရှိပါတယ်၊ အကျဉ်းအားဖြင့် ဗာဟုသစ္စ ပညာ ဆိုတာကတော့ အကြားအမြင်များတဲ့ ပညာ၊ အသံကြားယင် လူဆိုး လူကောင်း ခွဲနိုင်တဲ့ ပညာပါပဲ၊ ဒီလိုပညာရေးစနစ်မျိုးဖြစ်အောင် သင်ရိုး ညွှန်းတန်းတွေ လုပ်ပေးရမှာပဲ၊ မြတ်စွာဘုရားရဲ့ ဗာဟုသစ္စပညာရေးစနစ်ဟာ ခေတ်ရှေ့က ပြေးနေတယ်၊ ခေတ်နောက် ဘယ်တော့မှ မကျဘူးလို့ ပြောနိုင်တာက ပညာသင်တယ်ဆိုတာက ပထမဆုံး မျက်စိနှင့်နားကို ပညာသင်တာပဲ၊ အမေမွေးတဲ့ မျက်စိနှင့်နားက အစက ဘာမှ မသိဘူး၊ မြင်ရုံပဲ မြင်တယ် ကြားရုံပဲ ကြားတယ်။

မြန်မာ့ယဉ်ကျေးမှုပညာဆိုတာ ဘယ်လိုပညာလဲ

(၃) "သုသိက္ခိတဝိနယပညာ"ဆိုတာ ယဉ်ကျေးမှု ပညာပဲ၊ လူရယ်လို့ဖြစ်လာယင် ဝိဇ္ဇာဆိုတဲ့ ဗာဟုသစ္စပညာလဲ တတ်ပြီးပြီ၊ သိပ္ပံပညာဆိုတာ လက်မှုပညာလဲ တတ်ပြီးပြီ၊ ဒီပညာတွေ တတ်ပေမယ့် "သုသိက္ခိတဝိနယပညာ"ကို မသင်လို့ မဖြစ်ပါဘူး၊ တိုင်းပြည်တခုမှာ ဖြစ်စေ၊ ကျောင်းတကျောင်းမှာ ဖြစ်စေ၊ ဆံပင် ဘယ်လိုထားရမယ်၊ အဝတ် ဘယ်လိုဝတ်ရမယ်၊ လမ်းသွားယင် ဘယ်လိုသွားရမယ်၊ ထမင်းစားယင် ဘယ်လိုစားရမယ် ဆိုတဲ့ ယဉ်ကျေးမှုပညာတွေ မသင်ခဲ့ယင် ဗာဟုသစ္စ ပညာရော သိပ္ပံပညာရော အကုန်လုံး အလကားဖြစ်ကုန်မှာပါ၊ ဥပမာပြောရယင် ရဟန်းတော်တွေကို ကြည့်ယင် မြတ်စွာဘုရားက "သုသိက္ခိတဝိနယပညာ" ဆိုတာကို သင်ခဲ့ပါတယ်၊ မြတ်စွာဘုရား သာသနာတော်ဝင်တဲ့ ပုဂ္ဂိုလ်မှန်သမျှ အကုန်လုံး ခေါင်း

တုံးတုံးရတယ်၊ ဒါ''သုသိက္ခိတဝိနယပညာ''ပဲ အကုန်လုံး အဝါ ဝတ်ရတယ်၊ စားယင် ဘယ်လိုစား၊ သွားယင် ဘယ်လိုသွား၊ ယဉ်ကျေးမှုပညာဆိုတာ ရဟန်းတော်များမှာ ရှိပါတယ်၊ အဝတ်ကို ဝတ်ချင်သလိုဝတ်၊ နေချင်သလို နေကြတာ၊ ဒါ''သုသိက္ခိတ ဝိနယပညာ''မရှိလို့ ဖြစ်ပါတယ်။

တပ်မတော်တို့ ဘာတို့ စစ်တက္ကသိုလ်တို့ကျတော့ ဒီလိုနေချင်တိုင်းနေ၊ ထိုင်ချင်တိုင်းထိုင်၊ ဆံပင်ထားချင်သလို ထားလို့ မဖြစ်တော့ပါဘူး၊တပ်မတော်တို့စစ်တက္ကသိုလ်တို့မှာတော့'သုသိက္ခိတ ဝိနယ ပညာ'ဆိုတာ ရှိပါတယ်၊ ဒါကြောင့် မြန်မာ့ယဉ်ကျေးမှုတွေ၊ ဝတ်ပုံ စားပုံတွေကို အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းတွေက စပြီး ကျောင်းသား ကျောင်းသူတိုင်းကို သင်ပေးရမယ်၊ ဒီပညာမရှိယင် ဗာဟုသစ္စပညာ သိပ္ပပညာတို့ဟာ အလကား ဖြစ်သွားမှာပဲ၊ အကျဉ်းချုပ်ကတော့ ''သုသိက္ခိတ ဝိနယပညာ'' ဆိုတာ လူတကိုယ်လုံး ဝတ်ပုံစားပုံနှင့်တကွ စိတ်ဓာတ်ပါ ယဉ်ကျေးအောင် သင်ပေးတဲ့ ပညာပဲ။

အခက်ခဲဆုံးပညာဆိုတာ ဘယ်ပညာလဲ

(၄) အဲဒီတော့ ဗာဟုသစ္စပညာ သိပ္ပပညာ သုသိက္ခိတ ဝိနယပညာတို့ သင်ပေးပြီးနောက် ''သုဘာသိတ ဝါစာ''ဆိုတဲ့ စကားပြောတတ်တဲ့ ပညာသင်ကြားဖို့ လိုပါသေးကယ်၊ သုဘာသိတဝါစာ ဆိုတာက စကားပြောတတ်အောင် သင်ပေးတဲ့ ပညာပဲ၊ စကားပြောတတ်တဲ့ ပညာဟာ အခက်ခဲဆုံး ပညာပါ၊

လူတွေဟာ မွေးကတည်းက စကားပြောတတ်အောင် သင်နေတာပဲ၊ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဆရာ ဆရာမတွေက ပိုသိပါတယ်၊ စကားပြောတတ်တဲ့ပညာဟာ အကြီးကျယ်ဆုံး ပညာပါပဲ၊ စကားပြောတတ်တဲ့ ပညာဟာ တိုင်းပြည်တပြည်လုံးကို စည်းရုံးနိုင်ပါတယ်။

မြတ်စွာဘုရားဟာ တကမ္ဘာလုံးကို စည်းရုံးနိုင်ခဲ့တယ်ဆိုတာလဲ သုဘာသိတဝါစာ ပညာပဲ၊ သုဘာသိတဝါစာ ပညာဆိုတာက မလိမ္မာတဲ့လူကို လိမ္မာအောင် ဆုံးမနိုင်တဲ့ပညာမျိုးပါ၊ဆုံးမတော့ ဆုံးမတယ်၊မလိုက်နာဘူးဆိုယင် မဆုံးမတတ်လို့ မပြောတတ်လို့ပဲ၊ ဒါကြောင့် အခု ကလေးတွေ လမ်းသရဲတွေ များနေတာပဲ၊ ကလေးတွေ သိမ်မွေ့အောင် ယဥ်ကျေးအောင် လိုက်နာနိုင်အောင် ဆုံးမတတ်တဲ့ ဆရာ ဆရာမတွေကို ရှာရလိမ့်မယ်၊ သုဘာသိတဝါစာ ဆိုတာက ဘယ်လောက်ထိအောင် ခက်ခဲသလဲ ဆိုတော့ ဘုရားဖြစ်တဲ့ ဘဝမျိုးကျမှ ဒီပညာကို ကုန်အောင် တတ်တာပဲ၊ ဒါကြောင့်မို့လို့ "အနုတ္တရော ပုရိသ ဒမ္မသာရထိ" မိုက်တဲ့လူတွေကို ဆုံးမတဲ့နေရာမှာ အတုမရှိလို့ ဆိုတဲ့ ပညာဟာ သုဘာသိတဝါစာ ပညာပါပဲ။

### ဗမာ့သွေးဆိုတာ ဘာလဲ

အဲဒီပညာဟာ ရဟန်းတော်တွေမှာတော့ စည်းကမ်းတွေ ရှိပါတယ်၊ ဥပုသ်နေ့မှာ တရားတော် ဟောခိုင်းပါတယ်၊ အစဥ်အလာလဲ ရှိပါတယ်၊ သုဘာသိတဝါစာ ပညာဆိုတာ သန္ဓေ

ကလဲ ပါလာမှ ကိုယ့်ကိုယ်တိုင်ကလဲ လေ့ကျင့်မှ ရပါတယ်၊ အကျဉ်းချုပ်ကတော့ သုဘာသိတဝါစာ ပညာဆိုတာ အပြော ကောင်းဖို့ထက် မှန်မှန်ကန်ကန် ပြောတတ်ဖို့ပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သစ္စာစကား ဆိုတာဟာ သိပ်အရေးကြီးပါတယ်၊ သစ္စာစကား မှန်မှန်ကန်ကန် မပြောတတ်ကြယင် တိုင်းပြည် တခုမှာ အကုန်လုံး ပျက်သွားမှာပဲ၊ ရှေးတုန်းကတော့ ပညာ ရေးစနစ် လေးမျိုးစလုံး ရှိတော့ ဗမာ့သွေးဆိုတာ ရှိတယ်၊ ဗမာ့သွေးဆိုတာ ဘာလဲဆိုတော့ ဗမာဟာ မှန်တာကို ပြောကို ပြောရဲတယ်၊ သတ်မယ်ဆိုယင်လဲ ပြောရဲတယ်၊ ဗမာလူမျိုးကို ကမ္ဘာက ချစ်စရာအကောင်းဆုံး လူမျိုးဆိုတာ ရှေးခေတ်က ဗမာတွေဟာ မိန်းမဖြစ်ဖြစ် ယောကျ်ားဖြစ်ဖြစ် လိမ်တော့ မလိမ်ဘူး မှန်တာ ပြောတယ်၊ ဒါက သုဘာသိတဝါစာ ပညာရဲ့ အခြေခံပဲ။

ငယ်ငယ်ကတည်းက ဗမာ့သွေးဆိုတာက ရာထူးတခုခု ရဖို့ မလိမ်သလို ပစ္စည်းတခုခု ရဖို့ကိုလဲ မလိမ်ဘူး၊ မှန်မှန်ပြောတယ်၊ ဒါကြောင့် မှန်မှန်ပြောတတ်တဲ့ ပညာဟာ တိုင်းပြည် တခုကို တည်ထောင်တဲ့နေရာမှာ သိပ်အရေးကြီးပါတယ်။ ရှေးခေတ် ကတော့ အထက် လူကြီး ကို လိမ်ဖို့ မပြောထားနဲ့၊ ဒေါသ အလျောက် လူသတ်မိတယ်ဆိုယင် ရုံးရောက်တယ်၊ ဗမာလူမျိုး တယောက်ကို မင်းသတ်သလားဆိုယင် သတ်တယ်၊ ကျွန်တော် စက်တိုင် တက်မယ်၊ ဗမာ့သွေးက ဒီလိုပြောတာ၊ ဗမာက သတ် မှာကြောက်လို့တော့ လိမ်မပြောဘူး၊ ဒါက ငယ်ငယ်ကလေး

ကတည်းက "သုဘာသိတ ဂါစာ"ဆိုတဲ့ ပညာကို သင်လာလို့ ဖြစ်ပါတယ်။

**ပညာရေး လေးမျိုးကလွဲ၍ ရှိသေးသလား**

ဝံသာနုဘုန်းကြီးတွေ ကြည့်ပါလား၊ ထောင်ချယင်ချဆိုပြီး ပြောတာပဲ၊ သတ်ချင်သတ်လို့ ပြောတာပဲ၊ခုအခါ သုဘာသိတ ဂါစာပညာဆိုတဲ့ ဗမာသွေးတွေ ခန်းခြောက်ပြီးလိမ်ရဲတဲ့လူတွေ များလာတယ်၊ လင်က မယားလိမ်၊ အဖေက သားသမီးလိမ်၊ အသက်က အောက်ကိုလိမ်၊ ဒီလိုသာ လိမ်နေကြယင် ဘာဉပဒေနဲ့မှ တိုင်းပြည် အုပ်ချုပ်လို့မရဘူး၊ သုဘာသိတဂါစာ ပညာဆိုဘာက ကလေးတွေ မလိမ်တတ်အောင်ပေးမှ "သုဘာသိတ ဂါစာပညာ"ဖြစ်တယ်။ အပြော ကောင်းတာတွေက ထားပါ၊ တပည့်တော်တို့ မင်္ဂလာ တိုင်းပြည်ကို တည်ထောင်မယ်ဆိုယင် ပညာရေးစနစ်က နောက်ထပ် ဘာပညာ သင်ပေးစရာလိုသေးသလဲ၊ ကမ္ဘာ့ပေါ်မှ ပါရဂူတွေဆင်းပြီးတော့ တပည့်တော်တို့ကို လေ့လာကြည့်ပါ၊တပည့်တော်တို့ မင်္ဂလာတရားပညာရေးစနစ်က ဒီလေမျိုးပဲရှိတယ်။ 'လောကမှာရှိတဲ့ ပညာရေးစနစ်တွေ အကုန်လုံး လေ့လာကြည့်ပါ။ မြတ်စွာဘုရားက မျက်စိရယ်၊ နားရယ်၊ ပါးစပ်ရယ်၊ လက်ရယ်၊ ခြေရယ်၊ စိတ်ရယ် လူ တယောက်မှာ ဒါပဲသင်စရာရှိတယ်၊ ပညာရေးစနစ်အရ ဒီလေးမျိုးကို ခွဲပြီး ရေးယင် ကမ္ဘာပေါ်မှာ ပေါ်လာတဲ့ ခေတ်တိုင်း ခေတ်တိုင်း ပညာရေးစနစ်တွေဟာ ဒါကလွဲပြီး ရေးလို့မရပါဘူး၊ အဲဒီတော့ ပညာရေးစနစ်ကတော့ ပြီးပြီထားပါတော့။

## ကျောင်းက ထွက်ယင် ဘာလုပ်မလဲ

မဂ်သာတရား ၃၈ ပါးကို အယင်က ၁၀ ရက်လောက်သင်တန်းပေးတာပါ၊ အခု ၄ နာရီဆိုတော့ မှန်းတော့ မှန်းဆနိုင်ပါတယ်၊ မင်္ဂလာတရားတော်အရဆိုယင် ပညာတတ်ပြီးတဲ့ ကျောင်းသူ ကျောင်းသားတွေ ကျောင်းမှ ထွက်လာပြီးတော့ ဘယ်က စလုပ်ရမလဲဆိုတော့ (၁) "မာတာပိတု ဥပဋ္ဌာနံ" ပထမဆုံး မိဘတွေကို လုပ်ကျွေးရမယ် တဲ့။ အဲဒီတော့ တပည့်တော်တို့ တည်ထောင်မယ့်မင်္ဂလာတိုင်းပြည်မှာ နံပါတ်(၁)အရေးအကြီးဆုံးက မိဘတွေကို လုပ်ကျွေးရမယ်၊ မိဘစကားကို နားထောင်ရမယ်၊ရိုသေရမယ်ဆိုပြီး စီမံကိန်းတခုအနေနဲ့ လုပ်ရမယ်။ ပညာရေးစနစ်မှာ ဘယ်လိုလူတွေက မွေးထုတ်လိုက်သလဲ၊ ဒီပညာတွေ သင်ပေးတာ ဘယ်သူကလဲ၊ မိဘပဲ၊ ဒီပညာတွေ သင်ပေးပြီးတဲ့အခါမှာ သူတို့လုပ်ရမှာက မိဘတွေကို လုပ်ကျွေးဖို့ပဲ၊ အကယ်၍ မလုပ်ကျွေးပဲနဲ့ မိဘတွေကိုပစ်ထားမယ်ဆိုယင် မိဘတွေက ဒီလို သားသမီးမျိုးကို ဘာမှကျေးဇူးမများဘူး၊ အလကားပဲဆိုပြီး သားသမီးကို ပြုစုစောင့်ရှောက်ဖို့ စိတ်ဓာတ်တွေ မရှိတော့ဘူး၊ သားကောင်း သမီးကောင်း ပေါ်ထွန်းအောင် မမွေးတော့ဘူး၊ သားကောင်း သမီးကောင်း ပေါ်လာအောင် မိဘတွေက သားသမီးတွေကို မွေးချင်အောင်၊ မွေးလာတဲ့ သားသမီးတွေက မိဘကိုထိပ်ကထားပြီး ပြုစုရမယ်ဆိုတဲ့ ဒီလို စီမံကိန်းရှိမှ သာလျှင် သားသမီး ကောင်း တွေ မွေးလာမယ်၊ ဒါကြောင့် မင်္ဂလာတရားအရ မာတာပိတု ဥပဋ္ဌာနံ မင်္ဂလာဟာ အရေးကြီးဆုံးဖြစ်တယ်။

## ကမ္ဘာပေါ်မှာ လူ ၂-မျိုးပဲရှိတယ်

နောက် နံပါတ် (၂) ''ပုတ္တဒါရဿ သင်္ဂဟော'' ဆိုတာက ကိုယ်မွေးတဲ့သားသမီးကို ပစ်မထားပဲ ကိုယ်မွေးထားတဲ့ သားသမီးကို ပညာတတ်အောင် သင်ပေးရမယ်၊ မိဘတွေက သားသမီးတွေကို ပညာတတ်အောင် မသင်ပဲ ပစ်ထားကြမယ် ဆိုယင် မင်္ဂလာတိုင်းပြည် တည်ထောင်လို့ မရဘူး၊ အခုခေတ် လမ်းသရဲတွေဖြစ်ကုန်တယ်ဆိုတာ မွေးထားတဲ့သားသမီးတွေကိုပစ်ထားကြလို့ပဲ၊ ဒါ အစိုးရက လုပ်ဖို့တောင်မလိုပါဘူး၊ တိုင်းပြည်မှာ ၇၅%သော မိဘတိုင်းက ကိုယ်မွေးထားတဲ့ သားသမီးများကို ထိန်းသိမ်းနိုင်ခဲ့ယင် ဒီတိုင်းပြည်ကြီးမှာ လူမိုက်တွေ လူဆိုးတွေ မရှိနိုင်ပါဘူး၊ ဒါကြောင့် နံပါတ်(၂)အရ မွေးထားတဲ့ သားသမီးတွေကို စောင့်ရှောက်ဖို့ ချီးမြှင့်ဖို့က မိဘတိုင်းရဲ့ တာဝန်ဖြစ်တယ်၊ ဒီတော့ မင်္ဂလာတရား ၂ ပါးကို ရုတ်တရက်ကြည့်တော့ မင်္ဂလာ စီမံကိန်းက ခေတ်မမီပါဘူးလို့ ပြောစရာရှိတယ်၊ ဒါ လူတိုင်းလုပ်ဖို့နေတာပဲလို့ ပြောမယ်၊ လူတိုင်း မလုပ်ကြလို့ ခက်နေတာပဲ။

လူက ၂-မျိုးပဲ ရှိပါတယ်၊ တကမ္ဘာ လုံးမှာ မိဘရယ်၊ သားသမီးရယ်၊ ဒီ ၂မျိုးပဲရှိတယ်၊ ဒီ ၂ မျိုးက ပိုပြီးရေတွက်လို့ မရပါဘူး၊ ဒီတော့ မိဘတွေက သားသမီးတွေကို လိမ္မာအောင် စောင့်ရှောက်မယ်၊ သားသမီးတွေက မွေးတဲ့ မိဘတွေကို လုပ်ကျွေးမယ်၊ မိဘနဲ့ သားသမီး ကောင်းစားရေး လုပ်ကြယင် တိုင်းပြည်ထူထောင်တဲ့နေရာမှာဒီ ၂ခုတည်းနဲ့ပြီးပါတယ်၊ ဒီတော့

မင်္ဂလာတိုင်းပြည်မှာ မိဘတွေက ကိုယ်မွေးတဲ့သားသမီးတွေကို လိမ္မာအောင်၊ ချမ်းသာအောင်၊ ပညာတတ်အောင် လူတိုင်း လူတိုင်းက ဒါပဲဂရုစိုက်လုပ်ရမယ်၊ သားသမီးတွေကလဲ ကိုယ့် မိဘတွေ စိတ်ချမ်းသာအောင် လုပ်ပေးရမယ်၊ ဒီလို လုပ်ပေး နိုင်ယင် မင်္ဂလာတိုင်းပြည်ကြီးဟာပြီးစီးသလောက်ဖြစ်နေပါပြီ။ ပညာတတ်ဆိုတာ ပင်လယ်ထဲပစ်ချလဲစီးပွားရှာတတ်ရမယ်

အဲဒီတော့ ဒီမှာ မေးစရာရှိတယ်၊ မိဘကိုလုပ်ကျွေးရမယ်၊ သားသမီး သားမယားကို ထောက်ပံ့ရမယ်ဆိုတော့ ပိုက်ဆံက ဘယ်လိုလုပ်ရမလဲ၊ မင်္ဂလာတိုင်းပြည်မှာ စီးပွားရေး စနစ်က ဘယ်လိုလုပ်ရှာရမလဲ၊ မင်္ဂလာတိုင်းပြည်ကြီးက စီးပွားရေးကို အကျယ်ချဲ့လို့ မပြောပါဘူး၊ (၃)"အနာကုလ ဇ.မ္မန္တ'ဆိုတာ အလုပ်လုပ်တာပါ၊ စီးပွားရှာရမယ်၊ ဘယ်လိုရှာမလဲ၊ ရှေးက အနှောင့်အယှက်မရှိဆိုပြီး ဘာသာပြန်ကြတယ်၊ အပြစ် မရှိတဲ့ စီးပွားရေးစနစ်ဆိုတာက သူတပါးထိခိုက်ပြီး သူတပါး မျက် ရည်ကျပြီးမှ ရတဲ့ပစ္စည်းမျိုးကို မင်္ဂလာတိုင်းပြည်ကခွင့်မပြုဘူး၊ ဘယ်သူ့မှမထိခိုက်ပဲ စီးပွားရှာတဲ့စနစ်က "အနာကုလကမ္မန္တ"ပဲ၊ မိဘကိုလုပ်ကျွေးဖို့ သားသမီး သားမယားကို စောင့်ရှောက်ဖို့ စီးပွားရှာရမယ်၊ ဘယ်လိုစနစ်နဲ့ ရှာရမလဲဆိုတော့"အနာကုလ ကမ္မန္တဖြစ်ယင် ပြီးတာပဲ၊ ဘယ်လိုပဲ ရှာရှာပေါ့၊ အခုခေတ်က ရုံးမှာ အလုပ်လုပ်မှ သူများကနေရာပေးမှ လုပ်တတ်ကြတယ်။ ဒါ ပညာတတ်မှုမဟုတ်ပဲ။ ပညာရေးစနစ် လေးမျိုးစလုံးကို သင်ပြီးတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဘယ်လိုနေရာမှာ ထားထား၊ စီးပွား ရှာတတ်ရမယ်၊ ပင်လယ်ထဲပစ်ချလဲ စီးပွားရှာတတ်ရမယ်။စီးပွား

မြန်မာစာကြည့်တိုက် ... ၁၆၀၀

ရေးစနစ်က သူမျိုးထိခိုက်တဲ့၊ မျက်ရည်ကျရတဲ့ စီးပွားရေးစနစ်မျိုးမဖြစ်ယင်"အနဝဇ္ဇကုလ ကမ္မန္တ" ဖြစ်ပါတယ်။

ဒါနမင်္ဂလာဆိုတာ တိုင်းပြည်ထူထောင်ရေးပဲ

ဒီသုံးမျိုးစလုံးဟာ တပည့်တော်တို့ တည်ထောင်မယ့် တိုင်းပြည်မှာ ပဓာနပဲ၊ ကမ္ဘာပေါ်မှာ မိဘရယ်၊ သားသမီးရယ်ရှိတယ်။ သားသမီးတွေလုပ်ရမယ့်အလုပ်က"မာတာပိတုဥပဋ္ဌာနံ" မင်္ဂလာ၊ မိဘတွေလုပ်ရမှာက "ပုတ္တဒါရဿ သင်္ဂဟ" မင်္ဂလာ။ စီးပွားရှာရမယ့်ကိစ္စက"အနဝဇ္ဇကုလ ကမ္မန္တ" မင်္ဂလာ ဒီ၃ချက်ပဲ၊ ကမ္ဘာဦးအစကတော့ သိပ်ပြီးဘော့ လောဘမကြီးကြဘူး၊ မိဘကို ထောက်ပံ့ဖို့၊ သားသမီးကိုကျွေးမွေးဖို့၊ ကိုယ်စားဖို့ ဆိုတာ လောက်ပဲ၊ အဲဒီတော့ စီးပွားရှာတာက ကမ္ဘာပေါ်မှာ ဆင်းရဲသူ ဆင်းရဲသားတွေရှိသေးတယ်။ အလှူခံ ရဟန်းပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်။ကိုယ့်မိဘ သားသမီးနဲ့ ကိုယ်ပဲလားဆိုတော့ နံပါတ် (၄) ဒါနမင်္ဂလာပဲ။ ကိုယ်ရှာလို့ရတဲ့ပစ္စည်းဟာ မိဘနဲ့ သားသမီးတွေက ပိုယင် ကိုယ့်ချည်းမစားပါနဲ့။ အလှူခံပုဂ္ဂိုလ်တွေကို ပေးကမ်းစွန့်ကြပါ။ အချို့က ဒါနဆိုယင် ဘုန်းကြီးလှူမှု၊ ဆွမ်းကျွေးမှု၊ ကျောင်းဆောက်မှုလို့ ထင်နေကြတယ်။ ဘုရားဟောတာက ဆင်းရဲလို့ စားစရာမရှိတဲ့ လူရယ်လို့မရှိရဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချမ်းသာတဲ့လူတွေက မရှိသူတွေကိုပေးရမယ်။ ဆင်းရဲသားရယ်လို့မရှိမှ တိုင်းပြည်မှာ အေးမှာဖြစ်တယ်။ ဒါနဆိုတာက တိုင်းပြည်ထူထောင်တဲ့နေရာမှာ အရေးကြီးပါတယ်။

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

အခုခေတ်မှာတော့ ဆင်းရဲသား ထောက်ပံ့တာတွေ နည်းလာတယ်။ ဆင်းရဲသားတွေများလာတော့ခက်ပါတယ်။

ကမ္ဘာ့ရာဇဝင်ကို ပြောမယ်ဆိုယင် စကြာမင်းခေတ်ကတော့ ဆင်းရဲသားမရှိရဘူး၊ တကယ်လို့ဆင်းရဲတယ်ဆိုယင် ဘဏ္ဍာတော်တိုက်က ထုတ်ပြီး ဆင်းရဲသားကို ချီးမြှင့်ရတယ်။ ဗမာပြည်ဟာ ရှေးတုန်းက မင်္ဂလာတိုင်းပြည်ပဲ၊ လူထုပဲ ကျောင်းတွေဆောက်တယ်၊ အစိုးရက မဆောက်ရဘူး။ လူထုကပဲ ရေတွင်း ရေကန်တူးတယ်၊ လမ်းတွေ တံတားတွေလဲ တိုင်းသူ ပြည်သားတွေကပဲ ဆောက်ကြတယ်၊ မင်္ဂလာတိုင်းပြည်မှာ မင်္ဂလာတရားတော်အရ လိုက်နာတော့ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေမှာ အစိုးရက ကုန်စရာမလိုပဲ ကိုယ့်စေတနာအလျောက် လုပ်ကြတာနဲ့ပဲ ပညာရေးရော၊စီးပွားရေးရော၊လူမှုရေးရော ဒါနမင်္ဂလာက ဒီလောက် အထိ အရာရောက်ခဲ့ပါတယ်။ တကယ်တော့ တိုင်းပြည်ကို ကောင်းအောင် လှူတဲ့အလှူတွေဟာ ဒါနမင်္ဂလာပါပဲ။

နံပါတ် (၅) "ဓမ္မစရိယ" မင်္ဂလာကို တရားကျင့်တယ်လို့ ဘာသာပြန်ယင် ဗြဟ္မစရိယမင်္ဂလာနှင့် ထပ်နေတယ်။ မင်္ဂလာတရား ၃၈ ပါးက တခုနဲ့တခု မထပ်ရဘူး။ မင်္ဂလာတိုင်းပြည် တည်ထောင်တဲ့နေရာမှာ လူတိုင်း လူတိုင်းက ဆင်းရဲသားတွေ ထောက်ပံ့ရုံနဲ့ မပြီးသေးပါဘူး။ လူတွေကျင့်ရမယ့်ကျင့်ဝတ်တွေကို လိုက်နာဖို့လိုပါသေးတယ်။ ဥပဒေဆိုတာက မင်းလဲ ဥပဒေနဲ့ ညီရမယ်။ သင်္ဃာကလဲ သင်္ဃာကျင့်ဝတ်၊ဘုန်းကြီးကလဲဘုန်းကြီး ကျင့်ဝတ် လိုက်နာရမယ်၊တိုင်းသူပြည်သားတွေကလဲ တိုင်းပြည်ရဲ့ ဥပဒေကျင့်ဝတ်တွေလိုက်နာရမယ်။

နံပါတ်(၆) "ဉာတက သင်္ဂဟ"မင်္ဂလာဆိုတာ အမျိုးသား ထောက်ပံ့ရေး မင်္ဂလာပဲ၊ ကိုယ့်ဆွေမျိုးတွေကို ထောက်ပံ့ဖို့ မင်္ဂလာပဲ။ လူရယ်လို့ဖြစ်လာယင် မိဘရှိတယ်၊ သားသမီးရှိတယ်၊ ဆွေမျိုးရှိတယ်၊ ကိုယ်နဲ့ ဘာမှမတော်သူတွေ ရှိတယ်။ မိဘအတွက်ဆိုယင် "မာတာပိတု"နဲ့ပြီးတယ်။ သားသမီး သားမယားအတွက်ဆိုယင် "ပုတ္တဒါရ" နဲ့ပြီးတယ်။ ဘာမှမတော်သူတွေအတွက် "ဒါနဉ္စ"နဲ့ပြီးတယ်။ ဆွေမျိုးကျတော့ ဒီပြင် ဘာမှမတော်တဲ့ လူတွေလို ပေးကမ်းရုံနဲ့မရဘူး။ သင်္ဂဟတရားက (၄) မျိုးရှိပါတယ်။ ကိုယ်နဲ့ တန်းတူထားရတယ်၊ ကိုယ်က ချမ်းသာယင်လဲ ဆွေမျိုးကို ချမ်းသာသလို ဆက်ဆံရပါတယ်။ တယောက်က ဆင်းရဲလို့ ဆင်းရဲသလို ဆက်ဆံလို့မရဘူး။ လူတယောက်မှာ ကိုယ့်ဆွေမျိုးတွေကိုလဲ ကျေနပ်အောင် လုပ်ရပါတယ်။ ဒါကြောင့် မင်္ဂလာတိုင်းပြည် တည်ထောင်တဲ့နေရာမှာ "ဉာတကာနဉ္စ သင်္ဂဟ"ဆိုပြီး ဆွေမျိုးကို ထောက်ပံ့ဖို့ မင်္ဂလာထားရတယ်။

(၇) "အနဝဇ္ဇကမ္မ" တပည့်တော်တို့တိုင်းပြည်မှာ လုပ်စရာတွေလျှောက်ကြည့်မယ်ဆိုယင်မိဘအတွက် လုပ်ပြီးပြီ။ သားသမီး သားမယားအတွက် လုပ်ပြီးပြီ။ စီးပွားရေးအတွက် လုပ်ပြီးပြီ။ ဆင်းရဲသားအတွက် လုပ်ပြီးပြီ။ တိုင်းပြည်မှာ လိုက်နာရမယ့် ထုံးတမ်းစဉ်လာတွေကို လုပ်ပြီးပြီ။ ဆွေမျိုးအတွက်လုပ်ရမယ့် ဝတ္တရားလဲ လုပ်ပြီးပြီဆိုတော့ ဘာလိုသေးသလဲ။ အနဝဇ္ဇကမ္မနှင့် အနာကုလကမ္မန္တမင်္ဂလာ ရောထွေးတတ်ပါတယ်၊ "အနဝဇ္ဇကမ္မ" ဆိုတာ စေတနာ့ဝန်ထမ်းရပ်ရွာသန့်ရှင်းရေးအလုပ်မျိုး၊ အားတဲ့ အချိန်မှာ လမ်းခင်း တံတားဆောက်တဲ့ အလုပ်မျိုး၊ အများ

အတွက် ပညာသင်ပေးတဲ့ လုပ်ငန်းမျိုး၊ အများအကျိုးအတွက် စေတနာ့ဝန်ထမ်းလုပ်တာ အနဝဇ္ဇကမ္မ မင်္ဂလာ ခေါ်ပါတယ်။ "အနာကုလကမ္မန္တ" ဆိုတာက ပိုက်ဆံရအောင် လုပ်တဲ့အလုပ်မျိုးပါ။

မင်္ဂလာတိုင်းပြည်ရဲ့ အခြေခံဥပဒေ(၇)ပါး

(၁) မိဘကို မလုပ်ကျွေးတဲ့သူတွေကို အရေးယူရမယ်။ (၂) သားသမီးတွေကို ပစ်ပယ်ထားသူများကိုလဲ အရေးယူရမယ်၊ (၃) စီးပွားရေးမလုပ်တဲ့သူတွေကိုလဲ အရေးယူရမယ်။ (၄) စွန့်ကြဲပေးကမ်းမှု မပြုသူတွေကိုလဲ အရေးယူရမယ်၊ (၅) ထုံးတမ်းစဉ်လာ ဥပဒေတွေကို မလိုက်နာသူတွေကိုလဲ အရေးယူရမယ်။ (၆) အဆွေအမျိုးတွေအတွက် အကူအညီ မပေးသူတွေကိုလဲ အရေးယူရမယ်၊ (၇) ရပ်ရွာစည်ပင်သာယာရေးအတွက် မဆောင်ရွက်သူတွေကိုလဲ အရေးယူရမယ်။ အဲဒီလို လုပ်သွားကြမယ်ဆိုယင် တပည့်တော်တို့ တည်ထောင်တဲ့တိုင်းပြည်ဟာ ငြိမ်းချမ်းသာယာတဲ့ တိုင်းပြည်တခု ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားရမယ်။ လူ့လောကမှာ လူချယ်သို့ဖြစ်လာယင် လုပ်ကိုလုပ်ရမယ့် မင်္ဂလာ (၇)ပါးကို လုပ်ပြီးယင် ပြီးရောလားတဲ့၊ လုပ်ရမယ့် မင်္ဂလာက တော့ ကုန်ပါပြီ။

မင်္ဂလာတိုင်းပြည်ရဲ့ ခံတပ်ကြီးသုံးခု

မလုပ်ရမယ့် မင်္ဂလာက သုံးပါးရှိသေးတယ်၊ လူ့လောကမှာ လူဆိုတာ လုပ်ချင်တိုင်း အကုန်လုံး လုပ်လို့ရတာမျိုးမဟုတ်ဘူး၊

မလုပ်သင့် မလုပ်ထိုက်လို့ လုပ်လို့ကိုမဖြစ်နိုင်တဲ့ အလုပ်မျိုးတွေ ရှိသေးတယ်၊ အဲဒီအလုပ်တွေက ဘာတွေလဲ။ (၁) အာရတိ ဝိရတိ ပါပါမင်္ဂလာမှာ လာတဲ့ လူသတ်မှုရယ်၊ ခိုးမှုရယ်၊ မိစ္ဆာ မှားယွင်းမှုရယ်၊ လိမ်လည်မှုရယ် ဒီလေးခုပဲ။ ဘာပြုလို့ ဒီ(၄)ခု ကို မလုပ်ရတာလဲ၊ အချို့လူတွေက ဘာသာရေးက ရှောင်ခိုင်း လို့ဟု ထင်နေကြတယ်၊ အမှန်က လူလောကမှာ သူများအသက် ကို သတ်ကောင်းတယ်လို့ ဒီလိုကို မယူဆရဘူး၊ လူတွေဟာ သတ်ကောင်းတယ်လို့ယူဆလာယင် ကိုယ့်သူသတ် သူ့ကိုယ်သတ်၊ သူ့ဆွေမျိုးက ကိုယ့်ဆွေမျိုးသတ်၊ ကိုယ့်တိုင်းပြည်က သူ့တိုင်း ပြည်သတ်၊ ဒီလိုသာအချင်းချင်း သတ်နေကြယင် တိုင်းပြည်တခု ဘယ်လိုမှ တည်ထောင်လို့မရဘူး။ ဒါကြောင့် လူသတ်မှုဆိုတာ လူ့လောကမှာ ဘယ်နည်းနဲ့မှ လုပ်လို့ မဖြစ်တဲ့ အလုပ်မျိုး ဖြစ်တယ်။

ခိုးမှုဆိုတာလဲ ဒီအတိုင်းပဲ ရှေးကြီးတာတွေ နောက်ဘဝတွေ ဘာတွေ ညာတွေ့ အသာထား၊ ဒီဘဝမှာ လူတွေဟာ ခိုးကောင်း တယ်၊ ခိုးဖို့ လစ်ယင် ယူကောင်းတယ်၊ မသိယင် အပြစ်မရ နိုင်ဘူး၊ ဒီလိုသာ ယုံကြည်ကြယင် ဘာတွေ တည်ထောင် တည် ထောင် အကုန်လုံး ပျက်မှာပဲ၊ စက်ရုံတွေ တည်ထောင်ယင် စက်ရုံက ပစ္စည်းတွေ ခိုးမှာပဲ၊ သင်္ဘောတွေ တည်ထောင်ယင် သင်္ဘောက ပစ္စည်းတွေ ခိုးမှာပဲ၊ မီးရထားတွေ တည်ထောင်ယင် မီးရထားက ပစ္စည်းတွေ ခိုးမှာပဲ၊ လမ်းမယ်ဆိုယင် ကိုယ့်ပစ္စည်း သူခိုး၊ သူ့ပစ္စည်း ကိုယ်ခိုး၊ ဘာစီးပွားရေးမှ လုပ်လို့ ရမှာ မဟုတ်ဘူး၊ ဘာစီမံကိန်းမှ လုပ်လို့ ဖြစ်မှာ မဟုတ်ပါဘူး၊

ဒါကြောင့် ခိုးမှုဆိုတာလဲ လူ့လောကမှာ လုပ်လို့ ဖြစ်ကိုမဖြစ်တဲ့ အလုပ်မျိုးပဲ ဖြစ်တယ်။

မိစ္ဆာမှားယွင်းမှု ဆိုတာလဲ ဒီအတိုင်းပဲ၊ ကိုယ့်မယားကို သူစော်ကားကောင်းတယ်၊ သူ့မယားကို ကိုယ်စော်ကားကောင်းတယ်၊ ဒီလိုသာ လူတွေမှာ ခံယူချက်ရှိလာယင် လူ့လောကတည်ထောင်လို့ မရတော့ဘူး၊ နွားတွေလို ခွေးတွေလို နိုင်ရာကျင့်ကုန်ကြမှာပဲ၊ ဒီလိုသာ ကျင့်ကြယင် တိရစ္ဆာန်လောကကြီး ဖြစ်သွားမှာပဲ။

လူတိုင်းမလုပ်ထိုက်တဲ့ အလုပ်လေးခု

ယခု စစ်ပြီးတဲ့ ဒီဘက်ခေတ်မှာ မမှန်တာ ပြောရဲတဲ့လူ တော်တော် များလာတယ်၊ ဗမာလူမျိုးဟာ ပင်ကိုယ်က လိမ်တဲ့ လူမျိုးမဟုတ်ဘူး၊ ဗမာ့သွေးဆိုတာလဲ မှန်တာကို ပြောရဲတဲ့ သွေးပဲ၊ ဥပမာ ဒေါ်သအလျောက် လူတယောက် သတ်မိတယ်ဆိုပါတော့ သေစား သေရမယ်ဆိုတာ သိပေမယ့် လိမ်တော့မပြောဘူး၊ ဒါ ဗမာ့သွေးပဲ၊ ဘာပြုလို့လဲဆိုတော့ ဗမာလူမျိုးဟာ လိမ်ဘာကို သိပ်အပြစ်ကြီးတယ်လို့ ခံယူတယ်၊ လိမ်တတ်တဲ့ လူတယောက်ပေါ်လာယင် ဒီလိမ်မှုမျိုးဟာ အကုန်လုံး ကူးစက်နိုင်တယ်၊ ယောကျ်ားက မိန်းမလိမ်၊ မိန်းမက ယောကျ်ားလိမ်၊ သားသမီးက မိဘလိမ်၊ မိဘက သားသမီးလိမ်၊ အောက်လူက အထက်လူလိမ်၊ အထက်လူက အောက်လူလိမ်၊ ဒီလိုသာ လိမ်လိုက်ကြယင် ဘာအလုပ်မှ လုပ်လို့ရမှာ မဟုတ်တော့ဘူး၊ တိုင်း

ပြည်မှာ ဘယ်အစိုးရမျိုးမှ အုပ်ချုပ်လို့ရမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် လိမ်မှုဆိုတာလဲ သေသေချာချာ လေ့လာယင် လူ့လောကကြီး တည်ထောင်လို့ မရတာ ထင်ရှားပါတယ်၊ ဒါကြောင့်မို့ လူ့လောကမှာ လူရယ်လို့ဖြစ်လာယင် ဒီအလုပ်လေးခုကို မလုပ်ရတာက ဘာသာရေးကြောင့် ဘာကြောင့် ညာကြောင့် မဟုတ်ပါဘူး၊ ဘယ်နည်းနဲ့မှ လုပ်လို့ ဖြစ်ကို မဖြစ်နိုင်လို့ပါ။

တိုင်းပြည်ပျက်ဆေး

လူလောကမှာ ဒီလေးခုကို မလုပ်ပဲနေယင် ပြီးရောလားတဲ့၊ မပြီးသေးဘူး၊ (၂) "မဇ္ဇပါနာ စ သံယမော" မူးယစ်စေတတ်တဲ့ အစားအစာများကို မသောက်စားဖို့ လိုသေးတယ်၊ ဒီဟာကတော့ ကမ္ဘာနှင့်ချီပြောယင် ပြဿနာတော့ရှိတယ်၊ အချို့ ကြီးပွားနေတဲ့ နိုင်ငံတွေမှာ အရက်သေစာ သောက်စားကြပါတယ်တဲ့၊ ဒါပေမယ့် သူတို့ ကြီးပွားနေကြတယ် မဟုတ်လားလို့ ဆင်ခြေဆင်လက်ပေးနေကြတယ်၊ ဒါကတော့ လွယ်ပါတယ်၊ အဲဒီ ကြီးပွားနေတဲ့နိုင်ငံတွေဟာ မူးယစ်စေတတ်တဲ့ အစားအသောက်များကို မရှောင်ကြလို့ ဒီလောက်ပဲ ကြီးပွားကြတာ၊ ဒီတခုပါ မလုပ်ကြလို့ရှိယင် ဒီထက် အဆပေါင်း သိန်းသန်းမက ကြီးပွားကြမှာပဲ၊ ဒီအချက်ကို ကမ္ဘာစစ် တခါတခါ ဖြစ်ယင် ပျက်စီးကြရတဲ့ အရေအတွက်ကို ထောက်ပြနိုင်ပါတယ်၊ ဒါတင် မကပါဘူး၊ ယခုအခါ သိပ္ပံပညာရှင်တွေက သုတေသနမျိုးစုံလာတော့ ဘိန်းဘင်းကဇော် လျှော်ဇာ အရက်

တို့ဟာ လူတယောက် ပျက်စီးရုံမက လူမျိုးပါ အညွန့်တုံးစေနိုင်တာကို ထောက်ခံလာကြပါပြီ။ သူတို့က အခုမှ ပြောကြတာ၊ ဗမာပညာရှိတို့ကတော့ "သောက်စားပျော်ရေး ပြည်ပျက်ဆေးကို ရင်သွေးရတနာ မပြုရာဘူး" ဟု နှစ်ပေါင်းများစွာကပဲ ပြောဟောလာကြပါတယ်၊ ဘာပဲပြောပြော ဒီအလုပ်ဟာ မကောင်းကျိုးပေးနိုင်တယ် ဆိုတာကိုတော့ လူတိုင်း လက်ခံကြပါတယ်။

## လူတော် လူကောင်း စိမံကိန်း

လူတယောက် လူတော်တယောက် ဖြစ်ဖို့ရန် ဒီငါးခုကို မလုပ်ယင် ပြီးရောလားတဲ့၊ မပြီးသေးဘူး၊ (၃) "အပ္ပမာဒေါစ မေ့မွသု" ပေါ့ပေါ့ဆဆ မနေဖို့ အမြဲသတိရှိဖို့ရန် လိုပါသေးတယ်တဲ့၊ အချို့လူတွေဟာ မူးယစ်စေတတ်တဲ့ အလုပ်မျိုးတော့ မလုပ်ဘူး၊ ဒါပေမယ့် ပေါ့ပေါ့ဆဆ နေတတ်ကြတယ်၊ သတိမရှိကြဘူး၊ လောကမှာ လူတော် လူကောင်းတွေကို ဖျက်ဆီးရန် မကောင်းမှုတွေက ဆွယ်နေကြတယ်၊ သတိမထားယင် မမူးပေမယ့် ပါသွားတာ များတယ်၊ ဒါကြောင့် လူရယ်လို့ဖြစ်လာယင် သတိတရားဟာလဲ အင်မတန်အရေးကြီးပါတယ်၊ အဲဒီတော့ ပထမ ၇ ပါးနဲ့ ဒီမင်္ဂလာ ၃ ပါးနဲ့ ပေါင်းယင် ၁၀ ပါး ဖြစ်ပါတယ်၊ ဒီဆယ်ပါးနှင့် ပြည့်စုံယင် လူတော်တယောက်ဖြစ်ရန် သေချာသွားပါပြီ၊ ဒီတော့ လူရယ်လို့ ဖြစ်လာယင် ပထမပိုင်းမှာ မင်္ဂလာဆယ်ပါးကို လုပ်ရမယ်၊ ဒုတိယပိုင်းမှာ မင်္ဂလာဆယ်ပါးကို လုပ်ရမယ်၊ ဒီမင်္ဂလာ ၂၀ ထိအောင် လုပ်နိုင်ယင် လူတော်တယောက် ဖြစ်သွားပါပြီ။ သို့သော် လူကောင်းဖြစ်ရန် လိုပါ

သေးတယ်၊ ဒီအချက်တွေကို မင်္ဂလာတရားလို့ ပြောမယ့်အစား ခေတ်စကားနဲ့ ပြောရယင် လူတော် လူကောင်း စိမံကိန်းလို့ ခေါ်နိုင်ပါတယ်၊ ဒီမင်္ဂလာ အပါး ၂၀ နှင့် ပြည့်စုံလာယင် မိဘကရော ဆွေမျိုးကရော ရပ်ရွာကရော သူတို့အားလုံးက စိုင်းပြီး အားကိုး အားထား ပြုလာကြမယ်၊ ရပ်ရွာ ရပ်ကွက်မှာ မင်းတို့ ဘယ်သူ့ကိုက်သလဲလို့ မေးယင် အဲဒီလူကိုပဲ ပြောကြမှာပဲ၊ ရှေးခေတ်က ဗမာပြည်မှာ ရွေးကောက်ပွဲ လုပ်စရာ မလိုပါဘူး၊ ဒီကာလူ ဘာတွေ လုပ်ထားသလဲဆိုယင် ဒီမင်္ဂလာတရား အပါး ၂၀ကို လုပ်ထားတာပဲ၊ စည်းရုံးရေးဆိုတာ ပါးစပ်က ပြောလို့လဲ ရတာ မဟုတ်ဘူး၊ အရေးရှိမှ ငွေပေးပြီး စည်းရုံးလို့လဲ ရတာမဟုတ်ဘူး၊ ဒီမင်္ဂလာတရားတွေနှင့် ပြည့်စုံလာယင် ဒီလူကို စိုင်းပြီး ဘုရားလို ကြည်ညိုလာကြတာပဲ၊ ဒါကြောင့် မင်္ဂလာတိုင်းပြည်မှာ ခံတပ်ကြီး သုံးဆင့် ကာရံထားတာကို သိနိုင်ပါတယ်။

လူလောက တည်ထောင်ရေးမှာ အာရတီ ဝိရတီ ပါပါ မင်္ဂလာက တတိယခံတပ်ပါ၊ မဇ္ဇပါန မင်္ဂလာက ဒုတိယခံတပ်ပါ၊ အပ္ပမာဒ မင်္ဂလာက ပထမဆုံး ခံတပ်ပါ၊ မင်္ဂလာတိုင်းပြည် တည်ထောင်တဲ့နေရာမှာ အခြေခံ မင်္ဂလာ ၄ပါး၊ ပညာရေး မင်္ဂလာ ၄ပါး၊ လူလောက ထူထောင်ရေး မင်္ဂလာ ၇ ပါး၊ အခု မင်္ဂလာဘိုင်းပြည် ကာကွယ်ဖို့ မင်္ဂလာ ၃ ပါးဆိုတော့ မင်္ဂလာတိုင်းပြည်အတွက် ဥပဒေတွေ စုံလင်သွားပါပြီ၊ မင်္ဂလာတရားနဲ့ တိုင်းပြည်ကို ထူထောင်လို့ရပါတယ်၊ မင်္ဂလာသုတ်ဟာ ကလေးတွေစာပဲ၊ ဘာလုပ်လို့ရမှာလဲလို့ ထင်နေကြတယ်၊ မင်္ဂလာ

**တရား(၁၈)ပါးနဲ့ တိုင်းပြည် ထူထောင်လို့ ရမရ ဆွေးနွေးချင်တဲ့ ပုဂ္ဂိုလ်များ ဆွေးနွေးနိုင်ပါတယ်။**

**သူတောင်းစား ဂါရဝက တန်ဖိုးမကြီးလှပါဘူး**

ရှေ့ကို လူတွေက ဒီလောက်ကောင်းလာတော့ တိုင်းပြည် အေးချမ်းသာယာပြီး လူတွေ ဘဝင်မြင့်တဲ့ ရောဂါတွေ ထပြီး တယောက်ကိုတယောက်မလေးစားကြလို့ရှိယင်မင်္ဂလာတိုင်းပြည် ပျက်သွားနိုင်ပါတယ်၊ ဒါကြောင့် တည်ထောင်ပြီးတဲ့ တိုင်းပြည် မပျက်စီးရအောင် (၁) ဂါရဝမင်္ဂလာကို ဆက်ရပါတယ်၊ ဂါရဝဆိုတာက ခေါင်းဆောင်ဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ ပိုက်ဆံရှိတဲ့ ပုဂ္ဂိုလ်တွေ၊ အာဏာရှိတဲ့ပုဂ္ဂိုလ်တွေကျမှ ဂါရဝမင်္ဂလာက အရေးကြီးတာပါ၊ သူတောင်းစားက အလေးပေးတယ် ဆိုတာ ဘယ်သူမှ မလိုချင်ဘူး၊ လူတယောက်ကို ဝိုင်းပြီး ခေါင်းဆောင် မြှောက်လိုက်ယင် ခြေထောက်ကြွလာတတ်တယ်။ လူကြီးကို လူကြီးလို မဆက်ဆံတော့ဘူး၊ လေးစားတယ် ဆိုတာက အထက်ကိုရော အောက်ကိုရော လေးစားရမယ်၊ လူကြီးကလဲ လူငယ်ကို လေးစားရမယ်၊ အရပ်ထဲမှာ လူငယ်တွေပြောတတ်တယ်၊ ဂရုစိုက်စရာ မလိုပါဘူးကွာ ဆိုတာက ဂါရဝမင်္ဂလာကို ပစ်ပယ်လိုက်တာပဲ၊ လေးစားစရာမလိုဘူးဆိုယင် သူတို့ကိုလဲအခြားလူတွေက မလေးစားတော့ဘူး၊ ဒီတော့ တိုက်ပွဲ ဖြစ်တာပဲ။

ကျွန်တော်တို့ တည်ဆောင်ထားတဲ့ အင်မတန် သာယာတဲ့ မင်္ဂလာတိုင်းပြည်ဟာ လူငယ်ရော လူကြီးရော မလေးစားကြယင်

ပျက်သွားမယ်၊ ကျွန်တော်တို့က ဘုန်းကြီးကိုရိုသေဖို့၊ လူကြီးကို ရိုသေဖို့ ဒီလောက်သာ နားလည်ကြတယ်၊ တိုင်းပြည်မပျက်ဖို့က သူ့အချင်းချင်း လေးစားဖို့က အရေးကြီးပါတယ်၊ သိသူရော မသိသူရော လေးစားဖို့ အရေးကြီးပါတယ်။ ကျောင်းနေဘက် သူငယ်ချင်း အာဏာကလေးရသွားယင် မိတ်ဆွေလဲ ဂရုမစိုက်၊ ဆွေမျိုးလဲဂရုမစိုက်၊ညီအစ်ကို မောင်နှမလဲ ဂရုမစိုက်ယင် ဘယ်သူက ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုမလဲ၊ ခဏကလေးနဲ့ ဖြုတ်ချပစ်လိုက်ကြမှာပေါ့၊ ဒါကြောင့်ဂါရဝမင်္ဂလာပျက်ယင် ဘယ်ခေါင်းဆောင်ပဲဖြစ်ဖြစ် ခဏကလေး ဖြုတ်ချ ခံရမယ်၊ ဘယ်လောက်ပဲ ပိုက်ဆံချမ်းသာတဲ့လူ ဖြစ်ဖြစ် ပစ္စည်းတွေခဏ ကလေးကုန်မှာပဲ၊ဆင်းရဲသူကိုမဆင်းရဲအောင်ကူညီရမယ်၊ဆင်းရဲ သားတွေကို ပစ်ထားခဲ့ယင် ဒီသဌေးရဲ့ပစ္စည်းတွေကို အကုန် ဖျက်ဆီးပစ်ကြမယ်၊လုကြမယ်၊ဒါ့ကြောင့် သဌေးဖြစ်သူအာဏာ ရတဲ့လူတို့ဟာ ဂါရဝမင်္ဂလာကို လိုက်နာရန် အလွန်အရေးကြီး ပါတယ်။

## နိဝါတမင်္ဂလာဆိုတာ မြင့်တင်ပေးတာပါ

(၂) နိဝါတကို ရှေးက ဘာသာပြန်တာက မိမိကိုယ်ကို နှိမ့်ချရမယ်၊ ဒီတော့ လူငယ်တွေက ပြောကြတယ်၊ မိမိကိုယ်ကို နှိမ့်ချရယင် အောက်ကျသွားမှာပေါ့တဲ့၊ နိဝါတ ဆိုတာ လေ မရှိတဲ့နေရာ လေငြိမ်တဲ့နေရာကိုခေါ်တယ်၊အခု လူတွေစကားနဲ့ ဆိုလို့ရှိယင် ငြိမ်ငြိမ်နေပါ၊ ခြေထောက်မထောက်ပါနဲ့၊ ဘဝင် မမြင့်ပါနဲ့၊ ချမ်းသာယင်လဲ မလှုပ်ရှားပါနဲ့၊ ခေါင်းဆောင်

ဖြစ်လာယင် ငြိမ်ငြိမ် နေ ပါ၊ ခြေထောက် မထောက်ပါနဲ့လို့ ဆိုတာပါ၊ နိဝါတမင်္ဂလာကို မ လိုက်နာပဲ ရပ်ကွက်ထဲမှာပဲ ခြေထောက် ထောက်ခဲ့ယင်ပြုတ်သွားမယ်၊ နိဝါတမင်္ဂလာဆိုတဲ့ တရားက သူ့ကိုတင်ပေးလိုက်တယ်။ လူကြီးဖြစ်တော့ ငြိမ်ငြိမ် မနေယင် ဖြုတ်ကနဲကျသွားမယ်၊ ခေါင်းဆောင်ဖြစ်တဲ့ လူတွေ အောက်ပြန်ကျသွားမယ်၊ နိဝါတမင်္ဂလာဆိုတာ ဘယ်လောက်ပဲ အထက်ရောက်ရောက် ငြိမ်ငြိမ်နေပါလို့ ဆိုတာပါ၊ နှိမ့်ချရမယ်ဆိုတာကတော့ ရှေးစကားပါ၊ ငြိမ်ငြိမ်နေနိုင်လို့ အထက်တန်းရောက်တဲ့လူတွေ အောက်ပြုတ်ကျနိုင်တဲ့ မင်္ဂလာတရားပါ၊ မာနကို လုံးဝမပယ်နိုင်သော်လဲ ဂါရဝမင်္ဂလာနဲ့ နိဝါတမင်္ဂလာ ဆိုတာ မာနထောင်လွှားမှုဖြိုဖျက်တာပါ၊ ပစ္စည်းကလေး တက်လာယင် ခေါင်းဆောင်ဖြစ်လာယင် ငြိမ်ငြိမ်နေဖို့ ဟောတာ ဖြစ်ပါတယ်။

## ရိုးရိုးကျင့်မြင့်မြင့်ကြံတာ သန္တုဋ္ဌိမင်္ဂလာပါ

(၃) သန္တုဋ္ဌိမင်္ဂလာကိုခေတ်လူငယ်တွေကမလိုက်နာလိုဘူး၊ ရောင့်ရဲတယ်ဆိုတာ ရသမျှနဲ့ တင်းတိမ်နေဒ့မယ်လို့ ထင်နေကြတယ်၊ ဘုန်းကြီးများလို ရသမျှနဲ့ တင်းတိမ်နေယင် တိုင်းပြည် ဒုက္ခရောက်မှာပေါ့တဲ့၊ အောက်ကျ သွားမှာပေါ့တဲ့၊ မင်္ဂလာတရားက သန္တုဋ္ဌိဆိုတာ အထက်တန်းရောက်အောင် လုပ်တဲ့ တရား၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာရှိတဲ့ လူတယောက်ကို ဝိုင်းမြှောက်ကြတော့ မြင့်တင်ပေးတဲ့တာဝန်ကို ကျေနပ်စွာထမ်းဆောင်တာ သန္တုဋ္ဌိမင်္ဂလာပဲ၊ တနေ့တရာ ရနေရာက တထောင်၊

တသောင်းရအောင်လုပ်ချင်ယင် စီးပွားရေးသမားလဲ ပြုတ်သွားမယ်။ ရာထူး ရာခံသမားလဲ ဝန်ကြီးဖြစ်ဖို့ ဘာဖြစ်ဖို့ဆိုပြီး ခုန်ကျော်လွှားလို့လုပ်ယင် ဒုက္ခရောက်နိုင်တယ်။ ဒါ လောဘကြီးမှုကြောင့် စီးပွားရေးသမားပဲဖြစ်ဖြစ်၊ နိုင်ငံရေးသမားပဲဖြစ်ဖြစ် ပျက်စီးဖို့ပဲ၊ သန္တုဋ္ဌိဆိုတာ တဆင့်ထက် တဆင့် မြင့်အောင် ကြိုးစားတဲ့နေရာမှာ ကျင့်ရမယ့်တရားပဲ၊ ဂါရဝတို့၊ နိဝါတတို့ကလဲ အသက်တန်းတက်အောင်လုပ်တာပဲ၊ ပိုပြီး လောဘကြီးခဲ့ယင် ပျက်စီးရမှာ သေချာတယ်၊ လောဘမကြီးပါနဲ့ ရိုးရိုးကျင့် ရိုးရိုးပဲလုပ်ပါ။ ဒါက လက်တွေ့ပဲ။ ရာထူးပြုတ်တဲ့လူ အဖမ်းခံရသူတွေကို ကြည့်ပါ။ စီးပွားရေး သမားတွေကို ကြည့်ယင်လဲ သူတို့ချည့်ဝတ်၊ သူတို့ချည့်စားနေတော့ အကုန်သိမ်း ဖြစ်ကုန်တာပဲ၊ ကိုယ့်ရှိသမျှ ပစ္စည်းကို ခွဲဝေလှူဒါန်းရမယ်။ မခွဲဝေတော့ ကြာတော့ဆင်းရဲသားတော်လှန်ရေးကြီးဖြစ်လာတာပဲ၊ မင်္ဂလာတရားတခုကို တော်လှန်ကြည့်ပါ။ အခု တည်ထောင်ထားတဲ့ မာတာပိတုဥပဋ္ဌာနံကို တော်လှန်ကြည့်ပါ။ လူတယောက်မှ ရှိတော့မှာမဟုတ်ဘူး၊ ဘယ်သူမှမမွေးတော့ဘူး၊ သားသမီးမွေးတာရှုပ်တယ်ဆိုပြီး ခွေးတွေ ဝက်တွေလို မွေးပြီးပစ်ထားလိုက်ယင် ၄-၅-၆ နှစ်မှာ ဘယ်သူမှ အုပ်ချုပ်လို့ရမှာမဟုတ်တော့ဘူး၊ ပုတ္တဒါရဿ မင်္ဂလာကို တော်လှန်ယင်လဲ ပျက်မှာပဲ။

သဌေးဖြစ်ချင်ယင် ဆရာ ဆရာမ မလုပ်နဲ့

တရားသဖြင့် စီးပွားရှာပါဆိုဘာ ပေါ့ပေါ့ ထင်နေကြတယ်၊ ကိုယ်က မတရားသဖြင့် စီးပွားရှာလျှင် သူကလဲရှာမှာပဲ၊

သန္တုဋ္ဌိမင်္ဂလာကိုတော်လှန်လိုက်ယင်လဲ တိုင်းပြည် ပျက်သွားမယ်။ သန္တုဋ္ဌိမင်္ဂလာဆိုတာ နိုင်ငံရေးပဲလုပ်လုပ်၊ ဘာပဲလုပ်လုပ် တဆင့်တက်ဝ လူတွေကို တဆင့်ထက်တဆင့် တက်အောင် လုပ်တာပါ၊နိုင်ငံရေးသမားလဲ လောဘကြီးယင်ပြုတ်တာပဲ၊ကျောင်းဆရာတို့ ကျောင်းဆရာမတို့ နိုင်ငံရေးသမားတို့ဟာ လောဘမကြီးရဘူး၊ တိုင်းပြည်တာဝန်ကို အနစ်နာခံပြီးတော့ တို့တိုင်းပြည်မှာမွေးတဲ့ ကလေးတွေ လိမ္မာအောင်သင်ပေးမယ်၊ ဆရာဆရာမ အလုပ်က မချမ်းသာနိုင်ဘူးဆိုတာ သိပြီးသားပဲ၊ ဘုန်းကြီးလုပ်ပြီးချမ်းသာချင်ယင် သန္တုဋ္ဌိမင်္ဂလာပျက်တာပဲ၊ နိုင်ငံရေးသမားအလုပ်က တိုင်းပြည် ချမ်းသာအောင် လုပ်တာပါ၊ သူတို့ကိုယ်တိုင်က ချမ်းသာချင်ယင်ပျက်တာပဲ၊ သဌေးကတော့ သူတို့က ချမ်းသာသထက် ချမ်းသာအောင်လုပ်ရမှာပဲ၊ဒါပေမယ့် မတရားသဖြင့် လုပ်ယင် သန္တုဋ္ဌိမင်္ဂလာပျက်တာပဲ။

ဒီနေရာမှာ လုပ်ငန်းခွဲရမယ်၊ သဌေးဖြစ်ချင်ယင် ပညာရှင်မလုပ်နဲ့၊ ဘုန်းကြီးမလုပ်နဲ့၊ ကျောင်းဆရာမလုပ်နဲ့၊ နိုင်ငံရေးသမား မလုပ်နဲ့၊ ကျောင်းဆရာတို့ ဆရာမတို့ဆိုတာ တိုင်းပြည်တာဝန်ကို အနစ်နာခံပြီးတော့ တိုင်းပြည်မှာမွေးတဲ့ ကလေးတွေလိမ္မာအောင် သင်ကြားပေးဖို့ ဆရာ-ဆရာမဆိုပြီး လုပ်တာ၊ ဆရာတို့ ဆရာမတို့က ပိုက်ဆံချမ်းသာချင်ယင် ဘယ်မှာ သန္တုဋ္ဌိမင်္ဂလာ ဖြစ်နိုင်မှာလဲ၊ အချို့ဘုန်းကြီးလုပ်ပြီး ပိုက်ဆံချမ်းသာချင်တယ်၊ ဘုန်းကြီးလုပ်တယ်ဆိုတာ ရှိသမျှကို အကုန်စွန့်ပစ်ပြီး တိုင်းသူပြည်သား အများအကျိုးအတွက် လုပ်တာဖြစ်တယ်၊ ဘုန်းကြီး သဌေးဖြစ်ချင်ယင် ဘယ်မှာ သန္တုဋ္ဌိမင်္ဂလာ ဖြစ်နိုင်မှာ

လဲ၊ နိုင်ငံရေးသမားဆိုတာကလဲ တိုင်းသူပြည်သားတွေအားလုံး ချမ်းသာအောင် ငါတတ်သမျှ ပညာ ပစ္စည်း အသက်နဲ့လဲပြီး ငါလုပ်မယ် ဆိုပြီးတော့လာတာ၊ ငါကတော့ စားရယင်ပြီးရော ဆိုပြီးလာတာ၊ နိုင်ငံရေးသမားများက ချမ်းသာချင်တယ်ဆိုယင် ဒါ သန္တုဋ္ဌိမင်္ဂလာပျက်တာပဲ၊ သူတို့က ချမ်းသာဖို့ မတွေးရ ပါဘူး။

သဌေးတွေက စီးပွားရှာတဲ့ သူပဲ၊ ပိုက်ဆံကို ချမ်းသာ သထက် ချမ်းသာအောင် လုပ်နေတာပဲ၊ ဒါပေမယ့် ရိုးရိုးလုပ်နေ တာထက် မတရားသဖြင့် ချမ်းသာသထက် ချမ်းသာအောင် လုပ်ယင်လဲ သန္တုဋ္ဌိမင်္ဂလာ ပျက်တာပဲ၊ အဲဒီတော့ အစတုန်း ကတည်းက လုပ်ငန်းခွဲရုံရှိတာပဲ၊ ပိုက်ဆံချမ်းသာချင်ယင် သဌေး လုပ်ငန်းကိုလုပ်၊ ကျောင်းဆရာ-ဆရာမ မလုပ်နဲ့၊ ဘုန်းကြီးမလုပ်နဲ့ ပညာရှင်မလုပ်နဲ့၊ ပညာရှင်ဆိုတာ ပိုက်ဆံချမ်းသာအောင်လုပ်တဲ့ လူမျိုး မဟုတ်ဘူး၊ အဲဒီတော့ မင်္ဂလာတရားပျက်တယ်ဆိုတာက အစက နိုင်ငံရေးသမား ဘာမှမရှိဘူး၊ နိုင်ငံရေးလဲလုပ်လိုက်ရော သူ တိုက်နဲ့ ကားနဲ့ ဖြစ်လာတယ်၊ လူတွေက ဘယ့်နှယ် သူ့ကို မြင်လာမလဲ၊ ဒီကောင် နဂိုက ဘာမှမရှိတဲ့ အကောင်၊ အခု သူ တိုက်နဲ့ ကားနဲ့ ဘယ်ကပစ္စည်းတွေ ဘုန်းထားသလဲဟု မြင်လာ တယ်၊ နိုင်ငံရေးသမားဆိုတာ သဌေးဖြစ်အောင်လုပ်ဖို့မဟုတ်ဘူး ခေါင်းဆောင်ကောင်းဖြစ်ယင်တော့ ကမ္ဘာကျော်ချင်လဲ ကျော် မှာပေါ့၊ ပညာရှင်တို့ နိုင်ငံရေးသမားတို့ ဘုန်းကြီးတို့ ပိုက်ဆံ ချမ်းသာချင်တယ် ဆိုယင်တော့ ဒါမင်္ဂလာ ပျက်တာပဲ၊ သန္တုဋ္ဌိ မင်္ဂလာပျက်တာကို မြင်အောင် ပြောနေတာပါ။

**ကျေးဇူးတွေမေ့ယင် ပြုတ်ကျမှာပဲ**

တပည့်တော်တို့တိုင်းပြည်က ဂါရဝတို့ နိဝါတတို့ သန္တုဋ္ဌိတို့ ဒီမင်္ဂလာသုံးပါးကို တကယ်တမ်း သတိထားနိုင်မှ ပေါ့ပေါ့ဆဆ နေလို့ မရပါဘူး၊ ဒီတရားတွေကျတော့ သတိနဲ့ ပြန်စဉ်းစားမှု ပြုမှ တော်ကာကျပါတယ်၊ အောက်ကနေပြီး အထက်ရောက်သွားတဲ့ လူဟာ ဒါတွေ သတိမရတော့ဘူး၊ ကိုယ် ဂါရဝ ရှိတယ်မရှိတယ်ဆိုတာ မသိတော့ဘူး၊ နိဝါတပျက်တယ် မပျက်တယ်ဆိုတာ မသိတော့ဘူး၊ သန္တုဋ္ဌိ ပျက်တာ မပျက်တာ မသိတော့ဘူး၊ လူတွေက ဝိုင်းပင့်ပေးနေတာကိုး။ ဂါရဝ နိဝါတ သန္တုဋ္ဌိဆိုတဲ့ တရားတွေကို တဖြည်းဖြည်း ကျင့်ပေးရမယ်၊ ဒါတာ ဝိပဿနာ လောကုတ္တရာတရားလို အကျင့်ရခက်တဲ့ တရားတွေပဲ၊ ကိုယ့်ကို ဂါရဝ ရှိတယ် ထင်ပေမယ့် တကယ် ခေါင်းဆောင် ဖြစ်လာတဲ့ အခါကျတော့ တမျိုးဖြစ်လာတတ်ပါတယ်၊ နိဝါတမင်္ဂလာ ကိုယ့်မှာ ရှိတယ်ထင်ပေမယ့် တကယ့် လက်တွေ့ကျတော့ တမျိုး ဖြစ်လာတတ်ပါတယ်၊ နိဝါတမင်္ဂလာ ကိုယ့်မှာရှိတယ်ထင်ပေမယ့် တကယ့်လက်တွေ့ကျတော့ မခံနိုင်ဘူး သန္တုဋ္ဌိလဲ ဒီအတိုင်းပဲ။

(၄) ကတညုတ မင်္ဂလာကလဲ အရေးကြီးတာပဲ၊ ရိုးရိုး ကတော့ ကျေးဇူး သိတာပါ၊ ကျေးဇူးသိတယ် ဆိုတာက လူတယောက် ခေါင်းဆောင်ပဲ ဖြစ်လာ ဖြစ်လာ, ပိုက်ဆံပဲ ချမ်းသာ ချမ်းသာ, ဘာပဲ ဖြစ်လာ ဖြစ်လာ, အထက်တန်း ရောက်လာတယ်ဆိုယင် ညီအစ်ကို မောင်နှမ မိဘများ, ဆရာ သမားများ, မိတ်ဆွေများ စတဲ့ ကျေးဇူးရှင်များကို ကျေးဇူး

ဆယ်ဖို့ အများကြီးရှိပါတယ်၊ လူတွေဟာ များသောအားဖြင့် အထက်တန်းကို ရောက်လာတယ်ဆိုယင် ပိုက်ဆံ ချမ်းသာလာတယ်ဆိုယင် ကျေးဇူးတွေ မေ့နေတတ်တယ်၊ အဲဒါကြောင့် ကတညုတမင်္ဂလာဆိုတာ ကျေးဇူးရှိတဲ့လူတွေကို ကျေးဇူးမမေ့ဖို့ ဒါသိပ်အရေးကြီးပါတယ်၊ တချို့တလေကျတော့ ကျောင်းနေဘက်ချင်း သိပ်အထက်တန်းကို ရောက်သွားတယ်၊ သူငယ်ချင်းတွေ လမ်းတွေ့တာတောင် မခေါ်ချင်တော့ဘူး ဘေးက ပင့်ပေးတာ များနေတယ်၊ ကျေးဇူးရှိတာ မသိတော့ဘူး၊ နိုင်ငံရေးသမားတယောက်ဆိုယင် ခင်ဗျားတို့ တိုင်းသူ ပြည်သားတွေအတွက် အသက်နဲ့လဲပြီး လုပ်မယ်ဆိုတော့ ဆင်းရဲသူ ဆင်းရဲသားတွေက ဝိုင်းပြီး မြှောက်ပင့်ပေးလိုက်တာပဲ၊ မြှောက်ပေးလိုက်တော့ အထက်တန်းလဲရောက်ရော ပြောခဲ့တဲ့စကားတွေ မေ့ကုန်တော့ ဖြုတ်ကနဲ ပြုတ်ကျသွားတာပဲ၊ ဒါ ကတညုတမင်္ဂလာပျက်တာပဲ။

## ရှင်ဘုရင်နဲ့ ကတညုတမင်္ဂလာ

ဘုရားလောင်းများဟာ ဒီမင်္ဂလာကို သိပ် ဂရုစိုက်တယ်၊ နန်းစည်းစိမ် တဝက်တောင် ခွဲပြီးပေးတယ်၊ ၅၅ဝ-ဇာတ်တော်မှာ ရှိတယ်၊ ရှင်ဘုရင်တပါးဟာ တိုင်းပြည်ပျက်တော့ တောကို ထွက်သွားတယ်၊ တောသား လင်မယားက ရှင်ဘုရင်ရယ်လို့ မသိဘူး၊ လူတယောက်အနေနဲ့ ကျွေးမွေး စောင့်ရှောက်လိုက်တယ်၊ တိုင်းပြည် အေးချမ်းသာယာလာတော့ကာ တိုင်းပြည် ပြန်ရောက်တော့ ရှင်ဘုရင်ပြန်ဖြစ်တာပေါ့၊ ရှင်ဘုရင်ပြန်ဖြစ်တဲ့

အချိန်အခါကျတော့ အခုန တောမှာနေတုန်းက ကျေးဇူးရှိတဲ့ တောသားလင်မယားကိုခေါ်တယ်၊ ခေါ်ပြီး တိုင်းပြည်စည်းစိမ် တဝက်ခွဲပြီးပေးတယ်၊ ရှေးတုန်းက ရှင်ဘုရင်တွေဟာ ကျေးဇူး သိတတ်ကြတယ်၊မင်္ဂလာတိုင်းပြည်မှာနေသူများဟာ တယောက် ကို တယေ က် ကျေးဇူးသိရမယ်၊ ကျေးဇူးသိကြမယ်ဆိုယင် မိဘ ညီအစ်ကို မောင်နှမ မိတ်ဆွေတို့က ကျေးဇူးသိတဲ့ပုဂ္ဂိုလ်ပဲဆိုပြီး မြှင့်တင်ပေးမယ်၊ ဒီလိုကျေးဇူးသိတတ်ယင် မြင့်မြင့်တက်သွား မယ် ဆိုတာ မင်္ဂလာတရားပဲ၊ ဒါကြောင့် အထက်တန်းနေရာကို ရောက်နေတဲ့လူတွေဟာ ဒီ ကတညုတ မင်္ဂလာ အရေးကြီးပါ တယ်။

ဗမာလူမျိုးတွေ အနေနဲ့ ကျေးဇူး သိတတ်ကြသူတွေပါပဲ၊ သွေးထဲမှာ ရှိကြတာပါ၊ တတိုင်းပြည်လုံး အတူတူနေကြတာ တယောက်ကျေးဇူး တဦးမှာရှိကြတာပဲ၊ ဒီလို ကျေးဇူးသိတတ် ကြယင် ဒီတိုင်းပြည်ဟာ အမြဲတမ်း စားစရာ သောက်စရာ ဝတ် စရာ မလိုချင်အောင် ပေါနေကြမှာ အမှန်ပဲ၊ ဟိုကလာပေး ဒီကလာပေးတော့ မင်္ဂလာတိုင်းပြည်ကြီး ဖြစ်လာမှာပေါ့။

## လူငယ်တွေဆုံးမလို့မရတာဘာကြောင့်လဲ

ဒီလောကနဲ့ မပြည့်စုံနိုင်သေးပါဘူး။ ဆရာတော်တွေ၊ ဆရာ ဆရာမတွေ သင်ပြချင်ယင် ဝတ္ထုကြောင်းတွေလဲ ပေါများပါ တယ်။ တကယ်ကျေးဇူးရှိတဲ့ လူကို ပစ်မှားမိယင် ဒီဘဝမှာ လုပ်ကိုင်စားသောက်လို့ မဖြစ်ဘူးဆိုတာ ရှိပါတယ်။ ခံယူချက်

ရှိပါတယ်။ မိဘကို ကျွေးမွေးသူတွေ သက်ရှည်တယ်၊ ဘုန်းကြီးတယ် ဆိုတာတွေ၊ ဘာလုပ်ငန်းလုပ်လုပ် ဆရာသမားကို ပြစ်မှားမိတဲ့ တပည့်တွေဟာ ဒီဘဝမှာ သက်ရှည်လို့ ဘုန်းမကြီးဘူးဆိုတဲ့ ဒီအယူဝါဒတွေဟာ ဗမာရဲ့ သွေးထဲက ခံယူချက်တွေပဲ၊ အခုခေတ်မှာ ဆရာသမား ရောက်လာပေမယ့် မိုက်ဆိုးပေတေနေတဲ့ လူတွေဟာ ပြောလို့မရဘူး။ ရှေးတုန်းက မိုက်ဆိုးပေတေနေတဲ့ လူတွေဟာ ဆရာသမားရောက်လာပြီး မတ်တတ်ရပ်လိုက်တာနဲ့ တပြိုင်နက် အကုန်လုံးငြိမ်သွားတာပဲ။ ဆရာသမားစော်ကားယင် ချက်ချင်းဒုက္ခရမယ်ဆိုတဲ့ အခုကျောင်းတွေဒီလိုခံယူချက်မျိုးတွေ ခေါင်းထဲမသွင်းထားတော့ ဆရာ ဆရာမတွေအဖို့မှာ ပြောလို့မရတဲ့၊ ဆုံးမလို့မရတဲ့ ကျောင်းသူကျောင်းသားတွေ ဖြစ်လာတယ်။

အထက်တန်းကျောင်းမပြောနဲ့၊ တက္ကသိုလ်ကျောင်းဆိုတာ အတော်သိတတ်တဲ့ အရွယ်ကို ရောက်နေပါပြီ။ တကယ်မင်္ဂလာတရားရှိတဲ့ ပဏ္ဍိတ်ဆရာမျိုးနဲ့သာ အုပ်ချုပ်ခဲ့ယင် တက္ကသိုလ်ကျောင်းသားတွေ အကုန်ငြိမ်သွားမှာပဲ။ ဒီတက္ကသိုလ်ကျောင်းသားတွေကို အကြမ်းပတမ်းနဲ့အုပ်ချုပ်ဖို့ အရွယ်တွေလဲမဟုတ်ဘူး။ ဆရာသမားရဲ့ကျေးဇူးကို သိတတ်တဲ့ ကျောင်းသားတွေဖြစ်အောင် ပျိုးပြင်ပေးလိုက်မယ်ဆိုယင် သူတို့ကလေးတွေ ဆရာရောက်လာယင် အကုန်ငြိမ်သွားရမှာပဲ။

ရှေးခေတ်က မန္တလေးတို့ ဘာတို့မှာ လက်နက်တွေ ဘာတွေ ပါတာမဟုတ်ပါဘူး။ ဦးပဉ္ဇင်းတွေ ၂၀၊ ၂၀ကျော် အရွယ်တွေ အဲဒီလိုကျောင်းတိုက်ကြီးတွေမှာ ဆရာတော် ကြွလာပြီဆိုယင်

ဘယ်လောက် ဆိုးတေနေပေစေ၊ တခါတည်း ငြိမ်သွားတာပဲ။ ဒါကြောင့် ကျေးဇူးရှင်ဆရာကို ပြန်ပြောယင် ဘယ်လောက် အပြစ်ရှိတယ်၊ မိဘကိုပြန်ပြောယင် ဘယ်လောက်အပြစ်ရှိတယ် ဆိုတဲ့ ကတညုတမင်္ဂလာကို ငယ်ငယ်ကလေးကတည်းက သိအောင် လုပ်ခဲ့ယင်၊ ခံယူချက်ရှိအောင် သင်ပေးခဲ့ယင် ဆရာ ဆရာမတွေ ပြောတဲ့အတိုင်း လိုက်နာရမှာပဲ။

## ကတညုတမင်္ဂလာဆိုတာ ဗမာ့သွေးပါ

ဆံပင်ရှည် မထားရဘူးလို့ ဆရာတွေက ပြောလိုက်ယင် ဘယ်ကျောင်းသားမှမထားဝံ့ပါဘူး။ သင်ရိုးညွှန်းတမ်းစာပေတွေမှာ ကျေးဇူး သိတတ်ရမယ်ဆိုတဲ့ သင်ခန်းစာ ပါရမယ်။ ကျေးဇူး သိတတ်ခဲ့ယင် အုပ်ချုပ်နေတဲ့မင်းဟာ ဘယ်လောက်ထိအောင် ကျေးဇူးရှိတယ်လို့သိလာမယ်။ အဲဒီလို ကျေးဇူးသိတတ်မှ မင်္ဂလာလောကကြီးကို တည်ဆောက်နိုင်မယ်။ ကျေးဇူးမသိတတ်ကြယင် ဘာစီမံကိန်းတွေနဲ့ ဘာတွေ လုပ်နေလုပ်နေ ပျက်စီးမှာပဲ။ ဒါကြောင့် မင်္ဂလာတိုင်းပြည်မှာ ကတညုတမင်္ဂလာ ဆိုတာ တလုတ်စားဖူး သူ့ကျေးဇူးဟု ဗမာရဲ့သွေးထဲမှာ ရောက်နေတဲ့ အယူဝါဒတွေပါ။ သစ်ပင်အောက် နားခဲ့ယင် အဲဒီသစ်ပင်ရဲ့ အခက်ကိုတောင်မှ မချိုးကောင်းဘူးလို့ ဗမာတွေ အယူရှိခဲ့ပါတယ်။ အရိပ်ခနနေ အခက်ချိုးချိုး ဆိုတာက သစ်ပင်ရိပ်ကို နားမိယင် ဒီသစ်ပင်ရဲ့ အခက်အလက်တောင် မချိုးရဘူးဆိုပြီး ကလေးတွေကို မိဘတွေက သင်ပေးခဲ့တာ ကတညုမင်္ဂလာပါ။

**ရှေးက လူဆိုး ဒမြတွေထဲ မင်္ဂလာနဲ့**

ရှေးတုန်းကတော့ လူကောင်းတွေ၊ကျောင်းသားတွေမပြောနဲ့၊ လူဆိုးဒမြတို့တောင်မှ ကတညုတမင်္ဂလာကို လိုက်နာခဲ့ကြပါတယ်။ ဆရာတို့ ငယ်ငယ်တုန်းက တောတွေမှာ အစိုးရတွေ၊ ဂါတ်တွေ မရှိတဲ့နေရာမှာ ဒမြတိုက်ကြတယ်။ ရှေးတုန်းက ဒမြဆိုတာ ပဲခူးနယ်သားက အထက်မှာသွားတိုက်တယ်။ ကတညုတမင်္ဂလာဆိုတာ ဒမြတွေမှာလဲ ရှိတယ်။ ကိုယ့်နယ်မှာ တိုက်ယင်သူတို့ကျွေးတဲ့ထမင်းကို တယောက်တလေ သူတို့အထဲက စားဖူးတာရှိမယ်။ စားဖူးလို့ရှိယင် ထမင်းစားဖူးတဲ့ ဒမြပါနဲ့ယင် တို့တတွေမိပြီး အသတ်ခံရမယ်။ အဲဒါကြောင့် ဒမြတောင်မှ စားဖူးသောက်ဖူးတဲ့အိမ်ကို တိုက်မိမှာ ကြောက်လို့ နယ်ပြောင်းတိုက်တယ်။ အထက်က ဒမြက အောက်မှာလာတိုက်တယ်။အဲဒီတော့ ရှေးတုန်းကဗမာတွေ ကျေးဇူးသိတတ်တယ်ဆိုတာ ဗမာသွေးထဲရောက်နေတယ်။

အယင်တုန်းက ဗမာပြည်မှာ ဆင်းရဲသားတော်လှန်ရေး ဆိုတာမျိုး ဘယ့်နှယ်လုပ် တော်လှန်ရေး ဖြစ်နိုင်မှာလဲ။ ပိုက်ဆံချမ်းသာတဲ့လူတွေက အကုန်ကျွေးထားတယ်၊ အိမ်ဆောက်ပေးတယ်၊ အရင်းအနှီးပေးတယ်။ အမျိုးမျိုးဆုံးမတယ်၊ သားတွေသမီးတွေကို ကျောင်းထားပေးတယ်၊ တဘက်က ချမ်းသာတဲ့လူတွေက ဒီလိုလုပ်ပေးထားတော့ ဆင်းရဲသားတွေက သဌေးကိုတော်လှန်လို့ကို မရဘူး။ ဘယ်သူက မြှောက်ပေး မြှောက်ပေး ဒီလူတွေက မတော်လှန်ဘူး။ ကတညုတမင်္ဂလာကို တို့သွားပြီး

လုပ်တယ်ဆိုယင် တို့အကုန်လုံး ဒုက္ခရောက်ကုန်မှာပေါ့တဲ့။ ဘယ်တော့မှ မတော်လှန်ဘူး၊ နောက်တော့ ချမ်းသာတဲ့လူတွေကလဲ မင်္ဂလာတရားပျက်လာတယ်။ ဒီတော့ မြှောက်ပေးတဲ့လူတွေကလဲ တဘက်ကရှိလာတယ်။ ဆင်းရဲသားတွေက တော်လှန်ရေး လုပ်လာတယ်။ ဒီတော့ ကြာယင် ဘာမှ လုပ်လို့ရတော့မှာ မဟုတ်ဘူး။ စီမံကိန်းတွေကို အကုန်တော်လှန်ပစ်လိုက်ကြမှာပဲ။

ဒါကြောင့် ဒီမင်္ဂလာတရားဆိုတာ နိုင်ငံရေးတရားဆိုလဲ ဟုတ်တယ်၊ စည်းရုံးရေးတရားဆိုယင်လဲဟုတ်ပါတယ်။ ကျေးဇူးသိတယ်ဆိုတာက မြတ်စွာဘုရားကိုယ်တိုင် ကျေးဇူးသိဖို့ ဇာတ်တွေအများကြီးဟောခဲ့ပါတယ်။ ဒီဇာတ်တော်တွေမှာ ဒီမင်္ဂလာတရားမရှိယင် တိုင်းပြည်တည်ထောင်လို့ မရဘူးဆိုပြီး ဟောခဲ့တာပါပဲ။ ကျေးဇူးမသိတတ်ကြယင် ဘယ်ခေတ်ဖြစ်ဖြစ် ပျက်စီးမှာပဲ။ တယောက်ကျေးဇူး တယောက်မသိယင် ပျက်စီးမှာပဲ။ ဒီခေတ်တော့ တော်တော်ကလေး ဒီတရားတွေ ကွယ်နေတယ်ဆိုပါတော့။ ကွယ်နေတယ်ဆိုပေမယ့် ဘုရားသာသနာတွေ ရှိပါသေးတယ်။ သိတဲ့လူတွေ ရှိပါသေးတယ်။ ဒီတော့ ဒီကလေးတွေ လူငယ်တွေကို ကျွန်တော်တို့က ပြန်ပြီးတော့ ပြင်ပေးဖို့ လိုပါတယ်။

### တရားနာရမယ်ဆိုတာသတိရဖို့ပါ

ဂါရဝ နိဝါတ သန္တုဋ္ဌိ ကတညုတ မင်္ဂလာတို့ဟာအင်မတန် အရေးကြီးပါတယ်။ တဆင့်တဆင့် တက်သွားခဲ့ယင် လူတွေက

မေ့ပါတယ်။ အာဏာရလာတော့၊ အလုပ်ကများတော့ ကျေးဇူး ရှင်ကို မေ့တတ်ပါတယ်။ ပစ္စည်းချမ်းသာတဲ့လူတွေကလဲ ပစ္စည်း ချမ်းသာလာတော့ အလုပ်တွေက သိပ်များလာတယ်။ သိပ်များ လာတော့ ကျေးဇူးရှင်ကို မေ့တတ်တယ်။ ကျေးဇူးကို မေ့တာနဲ့ တပြိုင်နက် ချက်ချင်း ဒုက္ခ ရောက်တာပါပဲ။ အာဏာရှိတဲ့ လူတွေလဲ ဒုက္ခရောက်တတ်တာပဲ၊ ဒါကြောင့် ကျေးဇူးမမေ့ဖို့ (၅) "ကာလေန ဓမ္မဿဝန" မင်္ဂလာကို ဆက်လုပ်ရမယ်။

တခါတရံတခါးနာရမယ်ဆိုတာက ဘုန်းကြီးတရားပွဲသွားနာ မှ တရားနာတယ်၊ လောကုတ္တရာ ဝိပဿနာတရားနာမှ ဒီလိုထင် နေကြပါတယ်၊ ဒီ "ကာလေနဓမ္မဿဝန" မင်္ဂလာဆိုတာ ရံခါရံခါ တိုင်းပြည်ကြီးပွားရေး လူတွေကြီးပွားရေး ချမ်းသာရေး တရား တွေ၊ လူတွေ ဘယ်လိုတရားကို မလိုက်နာယင် ပျက်စီးတယ်၊ ဘယ်လိုတရားတွေလိုက်နာယင် ချမ်းသာမယ်ဆိုတဲ့ လောကီတရား တွေ၊ အဲဒီလို တရားပွဲဆိုယင်လဲ အကြီးအကျယ် မဟုတ်ပါဘူး၊ ၄ ၅ ယောက် ဆိုင်ပြီး ပြောတဲ့တရားလဲ 'ကာလေန ဓမ္မဿဝန" ပါပဲ၊ ဒီလို မင်္ဂလာတရား သင်တန်းတွေ ခဏ ခဏ ကျင်းပပေး ရမယ်၊ ဘာဖြစ်လို့ သင်တန်းကျင်းပရမလဲဆိုတော့ လောဘ ကြီးယင် ဘယ်လောက် ဆိုးရွားတာပဲ၊ ကျေးဇူးမဲ့ယင် တိုင်းပြည် ပျက်နိုင်တာပဲ တိုင်းပြည် ဒုက္ခရောက်နိုင်တာပဲ ဆိုတာကို သတိ ရလာကြမယ်၊ ဒါကြောင့် "ကာလေန ဓမ္မဿဝန' ဆိုတဲ့ မင်္ဂလာ တရားပွဲတွေ ကျင်းပပေးဖို့ လိုပါတယ်၊ ဂါရဝတို့ နိဝါတတို့ မေ့ခနတဲ့ ပုဂ္ဂိုလ်တွေလဲ ပြန်ပြီး သတိရလာရမယ်။

ခန္တီဆိုတာ ခံနေဖို့ မဟုတ်ပါဘူး

အဲဒီတော့ နံပါတ် (၆)က "ခန္တီ"မင်္ဂလာပါ၊ ခန္တီဆိုတာ အချို့ကတော့ သည်းခံရမယ်လို့ ဒီလောက်ပဲ နားလည်ပါတယ်၊ သည်းခံရမယ်ဆိုတော့ ရှေးတုန်းက ကျောင်းသားကြီးတွေက လွတ်လပ်ရေး ရခါနီးဆိုတော့ အင်မတန် စိတ်တက်ကြွနေတယ်၊ သည်းခံရမယ်ဆိုတော့ သူတပါးတိုင်းပြည်က လာတိုက်တာ စော်ကားတာကို ခံနေရမလားတဲ့၊ မတရားတဲ့ လူမျိုးတမျိုးက အုပ်ချုပ်တာကို ခံနေရမလားတဲ့၊ ဆရာတို့ ခန္တီတရားအတိုင်း သည်းခံရမယ်ဆိုယင် ကျွန်ဘဝက ဘယ်တော့မှ လွတ်မှာ မဟုတ်ဘူးတဲ့၊ အမြဲဘမ်း ကျွန်ဖြစ်နေမှာပဲတဲ့၊ သည်းခံတယ်ဆိုတာကို ခံခံနေရမယ်လို့ ဒီလို ထင်နေကြတာကိုး။

အမှန်တတော့ ခေါင်းဆောင်လုပ်မယ့် ပုဂ္ဂိုလ်တယောက်က ဆရာတော်များ စဉ်းစားကြည့်စမ်းပါ၊ ဒီခေါင်းဆောင်က ဂါရဝ နိဝါတ သန္တုဋ္ဌိ မင်္ဂလာတွေလဲ ရှိတယ်၊ ကတညုတ မမှသင နေ မင်္ဂလာတွေလဲရှိတယ်၊ ရိုရိုသေသေနဲ့ ဘယ်သူပြောပြော လာနားထောင်တယ်၊ သင်တန်းကလေးက ဘာမဟုတ်တဲ့ သင်တန်းဆိုပြီး လာနားမထောင်တဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး၊ ဒီလိုလူထဲကို ဝင်ဆံ့တဲ့ ခေါင်းဆောင်တယောက်ဟာ ဘယ်လောက် အထက်တန်းရောက်နေသလဲ၊ ဒီမင်္ဂလာငါးပါးနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်တယောက်ဟာ ဘယ်လောက် အထက်တန်း ရောက်နေသလဲ၊ ဒီမင်္ဂလာငါးပါးနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင် တယောက်ဟာ သူ့အဆင့်အတန်းက အများကြီး မြင့်နေပါတယ်၊ လူတိုင်းလူတိုင်းက သူ့ကိုမြင်ယင် ကြည်ညိုကြမယ်။

## ခန္တီဆိုတာခေါင်းဆောင်က ပိုအရေးကြီးပါတယ်

အဲဒီလို ပုဂ္ဂိုလ်က စိတ်ဆိုးယင် ဒီပြင်ပုဂ္ဂိုလ်တွေ စိတ်ဆိုးတာနဲ့ မတူပါဘူး၊ သူက တော်တော်မြင့်နေပါတယ်၊ "ကာလေန ဓမ္မသဝန" မင်္ဂလာထိအောင် ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ တော်တော် မြင့်နေတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်နေပါတယ်၊ ဖြစ်နေတော့ကာ ဒီပြင်ပုဂ္ဂိုလ်ခတွေထက်စိတ်မဆိုးဖို့လိုပါတယ်၊ ဒီလိုခေါင်းဆောင်ကြီးလို ပုဂ္ဂိုလ်တွေက စိတ်ဆိုးခဲ့ယင်လဲ တော်တော်ကလေး ဒုက္ခရောက်သွားနိုင်ပါတယ်၊ နဂါးတို့ရဲ့ မျက်စောင်းအကြောင်း သုံးပါးမရှေး ဆိုသလို ဖြစ်သွားနိုင်ပါတယ်၊ တိုင်းသူပြည်သားလူအများဆိုတာ အပြစ်တော့ လုပ်မိကြတာပဲ၊ မဟုတ်တာ လုပ်မိတာပဲ၊ ပုထုဇဉ်ပဲ၊ မင်းတို့မှားရမလားဆိုပြီး စိတ်ဆိုးလိုက်ယင် တတိုင်းပြည်လုံး ဒုက္ခရောက်သွားနိုင်ပါတယ်၊ တန်ခိုးသိပ်ကြီးပါတယ်၊ အဲဒါကြောင့် တန်ခိုးကြီးလာတဲ့ အချိန်ကျတော့ ခန္တီမင်္ဂလာ စိတ်မဆိုးဖို့ အရေးက သိပ်အရေးကြီးပါတယ်၊ သည်းခံတယ် ဆိုတာက အောက်ကျနေတဲ့အခါမှာ ခံရတာက လွယ်ပါတယ်၊ အထက်ရောက်နေတဲ့ ပုဂ္ဂိုလ်များ ခံနေရမှာက ခက်ပါတယ်၊ ကိုယ်က သိပ်အထက်ရောက်နေတာကိုး။

ဆိုပါတော့ ဆရာ ဆရာမတယောက် ကျောင်းသား ၁၀၀ ၁၅၀ လောက် အုပ်ချုပ်နေရတဲ့အခါ ဆိုပါတော့ အဲဒီလို အုပ်ချုပ်နေရတော့ သိပ်အထက်ရောက်နေတယ်၊ ခေါင်းဆောင် ဖြစ်နေတယ်၊ ဒီတော့ ကျောင်းသားတွေဟာ ဆရာ ဆရာမက စိတ်ဆိုးလိုက်ယင် နေစရာရှိပါဦးမလား။ ကလေးတွေပဲဆိုးတဲ့

အခါဆိုးမယ်၊ ရန်ဖြစ်တဲ့အခါဖြစ်မယ်။ ဒေါသမဖြစ်ပဲနဲ့မေတ္တာနဲ့ ပြောဟောဆုံးမခဲ့ယင် ကလေးတွေလဲ သက်သာမယ်၊ ဆရာမက ဒေါထပြီး ငယ်ငယ်ကလေးက ထုလား ရိုက်လား နှက်လား ပုတ်လားလုပ်ယင် သူတို့က ထုသား ပေသား ရနေတော့ ဒမြ အလုပ်လုပ်ဖို့ပဲရှိတယ်၊ ဒီပြင်အလုပ် လုပ်ဖို့မလိုဘူး၊ ကျောင်းက တည်းက ထုသား ပေသားရနေတာကိုး။

## ခေါင်းငုံ့ခံနေတာ ခန္တီမဟုတ်ပါဘူး

ဒါကြောင့်မို့ ခေါင်းဆောင်လုပ်တဲ့ဆရာ ဆရာမတို့ဘုန်းကြီး တို့ ဥက္ကဋ္ဌတို့ ဘာတို့ပေါ့လေ၊ လူကြီးလုပ်မယ့် ပုဂ္ဂိုလ်တွေဟာ ခန္တီစိတ်မဆိုးဖို့ပါ၊ ခံနေဖို့မဟုတ်ပါဘူး၊ ကျောင်းသားတွေ ဆိုးယင်တော့ ဆုံးမရမှာပဲ၊ တိုင်းပြည်သူ တိုင်းပြည်သားတွေ ဆိုးယင် လိမ္မာအောင် ဆုံးမရမှာပဲ၊ သို့သော် စိတ်မဆိုးပါနဲ့၊ စိတ်ဆိုးတော့ အမှားတွေ ပါသွားမှာစိုးလို့ပါ၊ ဒါကြောင့် မင်း ကျင့်တရား ၁၀ ပါးမှာ ခန္တီဟာ အရေးအကြီးဆုံးဆိုပြီးတော့ ပါတာပါပဲ၊ နာယကဂုဏ် ၆ ပါးထဲမှာလဲ ခန္တီဟာ ပါတာပါ ပဲ၊ ဆရာတော်တွေ ကျင့်တဲ့ သိက္ခာပုဒ်မှာလဲ မြတ်စွာဘုရားက သိက္ခာပုဒ်တွေ အများကြီး မပညတ်ခင်တုန်းက ''ခန္တီ ပရမံ တပေါ'' သည်းခံခြင်းသည် အမြတ်ဆုံးဆိုပြီး ပါတာပါပဲ၊ တကာ တကာမတွေ မိုက်တာကို လိမ္မာအောင် လုပ်ပေး ရမယ်၊ ဆိုးတဲ့ တကာတွေကို လိမ္မာအောင် လုပ်ပေးရမယ်၊ အဲဒီလို လုပ်ပေးတာဟာ သည်းခံတာပါပဲ၊ ဘာမှမလုပ်ပဲနဲ့

တိုင်းပြည် ကျွန်ဖြစ်နေတာကို ကျွန်အတိုင်းထားတာ မပြင်တာ ခန္တီမဟုတ်ပါဘူး၊ ကျွန်ဘဝကလွတ်အောင် လုပ်ရမယ်၊ ဒေါသနဲ့ မလုပ်ရဘူး၊ လိမ္မာအောင် လိမ်လိမ်မာမာနဲ့ လုပ်ရမယ်၊ ကျွန်တော်တို့တိုင်းပြည် ဆင်းရဲနေတယ်ဆိုယင် ချမ်းသာအောင် စိတ်တွေဆိုးပြီးတော့ မလုပ်ရဘူး မေတ္တာနဲ့ လုပ်ရမယ်။

ဒါကြောင့်မို့ ခန္တီ သည်းခံတယ်ဆိုတာ မေတ္တာတရားပါ၊ ဘုရားလောင်းရဲ့ကျင့်ဝတ်တွေထဲမှာလဲ ခန္တီပါရမီဆိုတာ ပါပါတယ်၊ သည်းခံယင် အကုန်လုံး အောင်နိုင်တယ်ဆိုတာ ခေါင်းဆောင် ဖြစ်လာသူတိုင်း သဘောမပေါက်ကြဘူး၊ အဖွဲ့အစည်းတွေမှာ စည်းရုံးရေးအတွက် စည်းရုံးရေး ခေါင်းဆောင်တွေ အနေနဲ့လဲ ဒီခန္တီမင်္ဂလာကိုပဲ အသုံးချရတာပဲ၊ ခန္တီမင်္ဂလာဆိုတာ အားလုံးအပေါ်မှာ မေတ္တာတရား ရှေ့ထားပြီး အလုပ်လုပ်ဖြစ်အောင် လုပ်တာပါ၊ ဘာမှမလုပ်ပဲ ခေါင်းငုံ့ခံနေတာ ခန္တီလို့ မခေါ်ပါဘူး၊ အဲဒီလို ရှင်းပြရမယ်။

## ခန္တီမင်္ဂလာ ပျက်ကြယင် ကမ္ဘာကြီး ပျက်စီးသွားမှာပဲ

အဲဒီတော့ ခေါင်းဆောင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ခန္တီ အဆင့်ရောက်ခဲ့ယင် အဆင့်အတန်း တော်တော်မြင့်သွားပါပြီ၊ ဘုရင်ဆိုယင်လဲ ခန္တီအဆင့်ရောက်ခဲ့ယင် အဆင့်အတန်း တော်တော်မြင့်သွားပါပြီ၊ ခေါင်းဆောင်ကြီးတွေ ဒီအဆင့်ရောက်လာယင် ဘာမှ ကြောက်စရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာအောက်မှာနေရတဲ့ တိုင်းသူပြည်သားတွေဆိုတော့ အင်မတန်

အေးချမ်းသာယာပါတယ်၊ ခန္တီပါရမီကို ဘုရားလောင်းတွေ တော်တော် ဟောခဲ့ပါတယ်၊ လူ့လောက တည်တံ့ခိုင်မြဲရေးမှာ ခန္တီမင်္ဂလာဟာအလွန်အရေးကြီးပါတယ်၊ ကမ္ဘာ့ခေါင်းဆောင် ကြီး ၂ယောက် ၃ယောက် စိတ်ဆိုးယင် တကမ္ဘာလုံး ပျက်စီး သွားနိုင်ပါတယ်၊ အဏုမြူဗုံးတွေ ချလိုက်မှာကိုး၊ ကမ္ဘာ့ခေါင်း ဆောင်ဆိုသူတယောက် ဒေါသထွက်လိုက်ယင် သူ့ဒေါသဟာ တကမ္ဘာလုံးက ခံရမှာပါ၊ ကမ္ဘာပေါ်မှာ တိုင်းပြည်ကြီးတခုက ခေါင်းဆောင်တယောက် ဒေါသထွက်ခဲ့ယင် သူ့ဒေါသပေါက် ကွဲခဲ့ယင် အဏုမြူဗုံးတွေ ရှိနေတာမို့ ကမ္ဘာကြီး ပျက်စီးသွား နိုင်ပါတယ်။

ဒါကြောင့် ကမ္ဘာပေါ်မှာ လူကြီးလေ ခန္တီအရေးကြီးလေ ပါပဲ၊ စိတ်မဆိုးပဲနဲ့ သည်းခံခြင်း မေတ္တာနဲ့ လုပ်ဖို့ဆိုတာ သိပ်လွယ်တာ မဟုတ်ပါဘူး၊ တော်တော့်ကို ခက်ခဲပါတယ်၊ ကမ္ဘာသူ ကမ္ဘာသားတွေ ခန္တီမင်္ဂလာထိအောင် ကျင့်နိုင်မှလဲ လူ့လောက တည်တံ့ရေးဖြစ်နိုင်ပါတယ်၊ အမှန်ကတော့ ဂါရဝ နိဝါတတို့က မာန်မာန မရှိဖို့ပါ၊ မာနပယ်ခိုင်းတာပါ၊ သန္တုဋ္ဌိ ဆိုတာက လောဘမကြီးဖို့ လောဘပယ်ခိုင်းတာပါ၊ မကောင်းတဲ့ လောဘကို ပယ်ခိုင်းတာ၊ ကတညုတ ဆိုတာက ကျေးဇူးသိတတ် ဖို့ပါ၊ အမြဲဘမ်း ဖုံးလွှမ်းပြီးနေတဲ့ မောဟကို ပယ်ခိုင်းတာပါ၊ ခန္တီဆိုတာက ဒေါသအကုန်လုံး မပယ်နိုင်ပေမယ့် ပယ်သင့်တဲ့ ဒေါသကို ပယ်ခိုင်းတာပါ၊ လောဘတို့ ဒေါသတို့ မာနတို့ မောဟတို့ကို အဘိဓမ္မာနည်းနဲ့ကြည့်ယင် သူ့အဆင့်အတန်းနဲ့ သူ ပယ်ခိုင်းတာပဲ။

## သောဝစဿတာ မင်္ဂလာဟာ ဘယ်သူတွေအတွက်လဲ

ခန္တီပြီးတော့ (၇) သောဝစဿတာမင်္ဂလာကို ဆက်လုပ်ရမယ်၊ သောဝစဿတာ မင်္ဂလာဆိုတာ မိဘနှင့် သားသမီးကျတော့ သားသမီးက လိုက်နာရမယ်၊ ဆရာနဲ့ တပည့်ကျတော့ ကျောင်းသားကလိုက်နာရမယ်၊ ဘုန်းကြီးနဲ့ တကာ တကာမတို့ကျတော့ တကာ တကာမတို့ကလိုက်နာရမယ်သူတို့ပြောတာမလိုက်နာတဲ့အခါကျတော့ သောဝစဿတာ မင်္ဂလာနဲ့ မပြည့်စုံဘူး၊ ဒီလောက်ပဲ ထင်နေကြတယ်၊အမှန်ကတော့ မင်္ဂလာတရားအဆင့်အတန်းကြည့်မယ်ဆိုယင် သန္တုဋ္ဌိတို့ခန္တီတို့ပြီးမှသောဝစဿတာမင်္ဂလာသာတာပါ၊ တကယ် ထိပ်ရောက်နေပါတယ်၊ ဘယ်လိုလူမျိုးက ဆုံးမရလွယ်တယ်၊ ဘယ်လိုလူမျိုးက ဆုံးမရခက်သလဲ ဆိုတာကိုကြည့်ယင် သောဝစဿတာ မင်္ဂလာဟာ သန္တုဋ္ဌိတို့ခန္တီတို့ထက် မြင့်နေတော့ ခေါင်းဆောင်လုပ်သူတွေမှာ သောဝစဿတာ မင်္ဂလာပိုပြီး အရေးကြီးပါတယ်၊ ထိပ်တန်းရောက်နေတဲ့ ပုဂ္ဂိုလ်တွေကပိုပြီး အရေးကြီးပါတယ်။

အဘိဓမ္မာဆိုယင်လဲ အဘိဓမ္မာဆရာကြီး၊ မင်္ဂလာဆိုယင်လဲ မင်္ဂလာဆရာကြီး ဖြစ်နေတဲ့ လူတွေဟာ ဒီပြင် လူတွေပြောတာ ဆိုယင် မလိုက်နာချင်ကြဘူး၊ ဒီလူတွေက ဘာမှတတ်တာမဟုတ်ဘူး၊ သူတို့ပြောတာ နားထောင်စရာမလိုဘူး၊ ဒီလိုထင်တတ်ကြပါတယ်၊ ကိုယ့်ကိုယ်ကို ပညာရှိကြီးပဲ သဘောတရားရေးရာ ဆရာကြီးပဲ၊ ဝါဒတခုတီထွင်တဲ့လူပဲလို့ ဒီအဆင့်အတန်းရောက်သူတွေဟာ သူများပြောတာ မလိုက်နာဘူး၊ ဘုန်းကြီး

ဘော့ကဟောယင်လဲပဲ ဒီဘုန်းကြီးက ဘာ‌တတ်လို့လဲ အခုခေတ်က ဘယ်လိုပဲဆိုပြီးဆင်ခြေတွေသာ လျှောက်လဲနေတာပဲ၊ ဘုန်းကြီးတို့တပည့်တော်တို့ပြောတာ ဆရာ ဆရာမတို့ ပြောတာကို သူတို့မလိုက်နာလိုဘူး၊ အဲဒီလိုလူမျိုးတွေမှ ဆုံးမရခက်တာ၊ ဆိုဆုံးမရခက်တဲ့ အဆင့်အတန်းဟာ ကိုယ့်ကိုယ်ကို ပညာရှိကြီးပဲ ဆရာတော်ကြီးပဲ ဘာပဲညာပဲဆိုတဲ့ အဲဒီ အဆင့်အတန်းရောက်တဲ့ ပုဂ္ဂိုလ်တွေမှ သောဝစဿတာ မင်္ဂလာက ပိုအရေးကြီးတာပါ၊ သူတို့က မလိုက်နာလိုဘူး၊ ပြောရခက်တယ်၊အဲဒီလိုပုဂ္ဂိုလ်တွေက သောဝစဿတာ မင်္ဂလာမရှိယင် တိုင်းပြည်ပျက်မှာပဲ သူတို့က ပညာရှိကြီးတွေကိုး။

## ခေါင်းဆောင်ဖြစ်တာ ဘယ်မင်္ဂလာတွေကြောင့်လဲ

သူတို့က ပညာရှိကြီးတွေဆိုတော့ စီမံကိန်းတွေ ရေးတယ်၊ ဘယ်သူမှ ပြောလို့မရဘူး၊ ဒီလို ပြောလို့မရတဲ့ စီမံကိန်းတွေနဲ့ တိုင်းပြည် တည်ထောင်လိုက်ယင် ဒုက္ခရောက်မှာပဲ၊ လယ်သမားက လယ်ယာလုပ်ငန်း နားလည်တယ်၊ စာအုပ်ကြီးသမားက နားလည်တာမဟုတ်ဘူး၊ ငါးဖမ်းတဲ့ နေရာကျတော့ တံငါက ပိုပြီးနားလည်တယ်၊စာအုပ်ကြီးသမားက ငါးတကောင်ကိုမဖမ်းနိုင်ပါဘူး။ခေါင်းဆောင်ဖြစ်နေတဲ့ အထက်တန်း ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သောဝစဿတာမင်္ဂလာကို လိုက်နာရပါတယ်၊ ငါပညာရှိဆိုပေမယ့်အများကဘယ်လိုပြောသလဲ၊အများပြောတဲ့ အထဲမှာ ဝေဖန်နိုင်းချိန်ပြီး အမှန်တရားကို ရှာဖွေမှ အဆင့်မြင့် တက်သွားမှာပါ၊ သို့မဟုတ် ဒီနေရာ ဒီအဆင့်က မတက်တော့

ဘူး၊ သူများပြောတာကို နားမထောင်တဲ့ သောဝစသာတာ မင်္ဂလာကိုပယ်တဲ့ပညာရှိတွေဟာ အဲဒီအဆင့်က မတက်တော့ဘူး၊ အဲဒီနေ့ကစပြီး ပညာ မတိုးတက်တော့ဘူး၊ တပည့်တော်တို့ ကိုယ်ကို တပည့်တော်တို့ အဘိဓမ္မာတတ်တယ်၊ နားလည်တယ်လို့ ဆိုပြီး ထင်ခဲ့ယင် မတက်တော့ဘူး၊ နိုင်ငံရေး သဘောတရားတွေ စီးပွားရေး သဘောတရားတွေ တပည့်တော်တို့ ကိုယ်ကို တပည့်တော် အထင်ကြီးပြီး တတ်ပြီလို့ ထင်နေယင် လူတတ်ကြီးထင်နေယင် နောက်ထပ် မတက်တော့ဘူး။

ဒါကြောင့်မို့လို့ စီးပွားရေးသမားတွေ နိုင်ငံရေးသမားတွေ ဒီထက် တိုးတက်ချင်ယင် သောဝစသာတာ မင်္ဂလာက အရေးကြီးပါတယ်၊ ကိုယ့်အဆင့်နဲ့ ကိုယ်အရေးကြီးပါတယ်၊ ကျောင်းသားကလဲ လိုက်နာ၊ ဆရာ ဆရာမကလဲ လိုက်နာ ဘုန်းကြီးကလဲ သောဝစသာတာ မင်္ဂလာ အရေးကြီးပါတယ်၊ ကိုယ့်အဆင့်နဲ့ ကိုယ် အရေးကြီးတာပါ၊ သောဝစသာတာမင်္ဂလာရှိတဲ့ပုဂ္ဂိုလ်တွေဟာ အဖွဲ့အစည်းအသီးသီးမှာ ကြည့်ယင် သူတို့က ခေါင်းဆောင်ဖြစ်နေတာများပါတယ်၊ ငါတတ်ဆိုပြီးဘဝင်မြင့်နေတဲ့လူတွေဟာ မကြာခင် သူကျသွားတာပါပဲ၊ အဖွဲ့အစည်းခေါင်းဆောင်အဖြစ်က ချပစ်တာပဲ၊ အများနဲ့ ကြည့်ပြီး ညှိညွှတ်အောင် လိုက်လုပ်တဲ့လူဟာ သူက ပညာရှိပဲ၊ အမှန်တရားမတတ်ပဲနဲ့ လူတတ်ကြီးထင်နေတဲ့ လူတွေရဲ့ ထိပ်ကို ရောက်သွားတာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သောဝစသာတာ မင်္ဂလာကြောင့် ဖြစ်တယ်၊ ဒီလို မင်္ဂလာတရားတွေကို ဥပမာတွေပြ ပြောနေတာဟာ တဆင့်ထက် တဆင့် တက်သွားဖို့ ဖြစ်ပါတယ်၊ ဒီလို တက်ချင်တဲ့ ပုဂ္ဂိုလ်တွေ

ဟာ စီးပွားရေးပဲလုပ်လုပ် ဘာပဲလုပ်လုပ် ငါ့ဘကောကောပြီး မလုပ်ရဘူး၊ လုပ်မိယင် ပျက်စီးရမှာပဲ၊ ဒီမင်္ဂလာတရား ၉ ပါးဟာ ခေါင်းဆောင်လုပ်မယ့်ပုဂ္ဂိုလ်အတွက် ပိုပြီးအရေးကြီးပါတယ်။

## ပညာဝန်နှင့်ဘုန်းကြီး

အဲဒီတော့ နံပါတ်(၈)''သမဏာနဉ္စ ဒဿနံ''မင်္ဂလာကျတော့ တော်တော့ကို ပြောရခက်တယ်၊ ရဟန်းပုဏ္ဏားတွေကို ဖူးမြင်ရခြင်းသည် မင်္ဂလာလို့ ပြောတယ်၊ ရဟန်းပုဏ္ဏားတွေကို ဖူးမြင်ရခြင်းကြောင့် ဘာတိုးတက်မှာတုံးတဲ့၊ ဘုန်းကြီးကျောင်းသွားယင် ငှက်ပျောသီးတော့ စားရမှာပေါ့တဲ့၊ ဒါမင်္ဂလာလားလို့ မေးစရာ ရှိပါတယ်။

ဆရာငယ်ငယ်တုန်းက သင်္ဘောစီးသွားတယ်၊ ဘိလပ်က ပြန်လာတဲ့ အရေးပိုင်တယောက်နဲ့ တွေ့တယ်၊ ဟိုခေတ်တုန်းက တပည့်တော်တို့ ဘိလပ်ပြန်ကို အထင်ကြီးကြတယ်၊ ရှေးခေတ် မိဘတွေက ဘယ်လောက် မင်္ဂလာတရားနဲ့ ပြည့်သလဲဆိုတော့ သားဘိလပ်က ပြန်လာတယ်၊ ဘာရာထူးဆိုတာ ယူခိုင်းသလဲဆိုတော့ ငါ့သား ဒိပြင်အလုပ် မလုပ်ပါနဲ့၊ ဘုန်းကြီးကျောင်းတွေကို လိုက်စစ်တဲ့ ပညာဝန်အလုပ်ကို လုပ်ပါလို့ ခိုင်းသတဲ့၊ ဘုန်းကြီးတွေနဲ့ တွေ့ရတော့ ငါ့သား သမဏာနဉ္စ ဒဿနံ မင်္ဂလာရှိတယ်လို့ ပြောသတဲ့၊ ဒါနဲ့ မိဘစကားနားထောင်ပြီး အရေးပိုင်မလုပ်ပဲ ပညာဝန်လုပ်တော့ ဘုန်းကြီးတွေနဲ့ အမြဲတမ်း ရန်ဖြစ်ရဘာပဲတဲ့၊ ဒါနဲ့ သားက ကျွန်တော် ဘုန်းကြီးတွေနဲ့ တွေ့ရလို့ရှိယင် မင်္ဂလာရှိတယ်လို့ ဖေဖေပြောတယ်၊ ကျွန်တော်နဲ့တွေ့ရတဲ့ ဘုန်းကြီးတွေ

ကတော့ အမြဲတမ်း ရန်ဖြစ်ရတာတဲ့၊ စိတ်ဆိုးမှုတာချည်းပဲ၊ ဒီအလုပ်က ထွက်ပါရစေလို့ ပြောသတဲ့၊ မင်းတို့ခေတ်ကတော့ မပြောတတ်ပါဘူး၊ ဒီလက်ထက်က ဘုန်းကြီးကျောင်းသွားနဲ့ယင် မင်္ဂလာရှိတာပဲလို့ သူ့အဖေက ပြောသတဲ့၊ အဲဒီလို အရေးပိုင်တယောက်က စောဒက တက်သွားဖူးပါတယ်။

## ရဟန်းဆိုတာ ဘယ်လိုရဟန်းမျိုးလဲ

အခုခေတ် ကျောင်းသားတွေကလဲ "သမဏာနဥ္စ ဒဿနံ" မင်္ဂလာဆိုတာ သဘောမပေါက်ကြဘူး၊ "သမဏ" ဆိုတာ မင်္ဂလာတရား ပေါ်စကတော့ ကိလေသာငြိမ်းပြီး ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ အဲဒီလို ကိလေသာ ငြိမ်းပြီးတဲ့ လောဘ၊ ဒေါသ ငြိမ်းနေတဲ့ ပုဂ္ဂိုလ်တွေကို "သမဏ"လို့ ခေါ်တယ်၊ လောကမှာ ပညာရှိတွေ ဘုရင်တွေက မဖြေရှင်းနိုင်တဲ့ ပြဿနာတွေက ပေါ်ပါတယ်၊ အဲဒီလို မဖြေရှင်းနိုင်တဲ့ ပြဿနာတွေပေါ်ခဲ့ယင် ကိလေသာရှိနေတဲ့ ဘက်လိုက်တဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော်တို့ဒီလိုလုပ်ချင်တယ် ကောင်းပါ့မလားဆိုပြီး မေးယင် တပည့်တော်တို့က ဒီလိုလုပ်ချင်တယ်ဆိုတော့ ကောင်းသားပဲ၊ ကိလေသာ ရှိနေတော့ ဘက်လိုက်ပြောမယ်၊ ကမ္ဘာ ကျော် ခေါင်းဆောင်ကြီး လာတယ်၊ ဆရာတော်ဘုရား ဒီလို လုပ်ချင်တယ်၊ ဆရာတော် ဘယ်လို သဘောရသလဲ ဆိုတော့ ကိလေသာ ရှိနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ တကယ့်ခေါင်းဆောင်ကြီးပဲဆိုပြီး ဆန့်ကျင်ဘက် မပြောဘူး၊ ကောင်းသားပဲဆိုပြီး ပြောမယ်၊ ကိလေသာ ရှိနေတာကိုး၊ ကိလေသာမရှိတဲ့ သမဏမျိုးက

တော့ အမှန်ကို အမှန်အတိုင်းလဲ သိတယ်၊ ကမ္ဘာကို စိုးမိုးတဲ့ စကြာမင်းပဲ ဖြစ်ဖြစ် ဘယ်လောက်တန်ခိုးကြီးတဲ့ စစ်ဗိုလ်ကြီးပဲ ဖြစ်စေ၊ ချက်ချင်း သတ်ပစ်လိုက်ယင် သတ်ပစ်နိုင်တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်စေ လာပြီးတော့မေးယင် အမှန်ကို အမှန်အတိုင်းပဲပြောမယ်၊ ဘက်မလိုက်ဘူး၊ ဒီလိုမလုပ်နဲ့ တိုင်းပြည် ဒုက္ခ ရောက်မယ်လို့ ပြောမယ်၊ ကောင်းတယ်လို့မပြောဘူး၊ အဲဒီလို 'သမဏ'မျိုးက အရေးကြီးပါတယ်။

## ညီညွတ်ရေးကို ခွဲပစ်နိုင်ထာ ဘယ်သူတွေလဲ

ဘုရားလက်ထက်က ဝဿကာရ ပုဏ္ဏားဆိုတာ ရှိတယ်၊ စစ်တိုက်တာ အင်မတန်အရေးကြီးတယ်၊ ဘယ်သူရှုံးမလဲ ဘယ်သူနိုင်မလဲလို့ ဘုရားထံ သွားမေးတယ်၊ မြတ်စွာဘုရားတို့မည်သည်မှာ ဒါမျိုးကို တိုက်ရိုက် မပြောကောင်းဘူး၊ မြတ်စွာဘုရားက ညီတော် အာနန္ဒာကို အပရိဟာနိယတရား ခုနစ်ပါးကို ပြောပြတယ်။ တိုင်းပြည်မပျက်အောင် အုပ်ချုပ်မင်းလုပ်တဲ့လူတွေဟာ ဒီတရားခုနစ်ပါးကို လိုက်နာခဲ့ယင် ဘယ်တော့မှတိုင်းပြည်မပျက်စီးနိုင်ဘူး၊ မင်းဆွေ မင်းမျိုးတွေက လိုက်နာကြသလား မလိုက်နာကြသလားကို ကြည့်ရမယ်၊ သိပ်စည်းလုံး ညီညွတ်နေတဲ့အချိန်မှာ သွားတိုက်လို့ မရဘူး၊ ဝဿကာရ-က အဲဒီအဓိပ္ပာယ်ကို နားလည်တော့ ဝဿကာရကို တိုင်းပြည်က နှင်ထုတ်ခိုင်းတယ်၊ နှင်ထုတ်လိုက်တော့ လိစ္ဆဝီတိုင်းပြည်သွားပြီး ပညာရှိလုပ်နေတယ်၊ မင်းသားတွေကို စာသင်ပေးတယ်၊ တယောက်ကိုတမျိုး သင်ပေးတယ်၊ တိုင်းပြည်တခုမှာ ဆရာ-ဆရာမတွေက အုပ်ချုပ်

နေတာပဲ၊ တိုင်းပြည်တခုကို ဆရာတွေ ဆရာမတွေက ပျက်စီးအောင်လုပ်နိုင် သလို တည်ထောင်နိုင်တာလဲ ဆရာ.ဆရာမတွေပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အနာဂတ်မှာ တိုင်းပြည်အုပ်ချုပ်မယ့် ကျောင်းသားတွေကို ပိုင်နေတာကိုး။

ဝဿကာရ ပုဏ္ဏားကညီညွတ်နေယင်ဘယ်တော့မှ တိုင်းပြည်ကို တိုက်လို့မရဘူးဆိုတာ သိတယ်၊ အဲဒီတော့ ဒီတိုင်းပြည်က မင်းသားတွေကို တယောက် တမျိုး သင်ပေးတယ်၊ ဥပမာ တယောက်ကို ဆိုရှယ်လစ်ဝါဒ သင်ပေးတယ်၊ တယောက်ကို အရင်းရှင်ဝါဒ သင်ပေးတယ်၊ ဒီနည်းဟာ ညီညွတ်ရေးခွဲတဲ့ နည်းမှာ အကောင်းဆုံး နည်းပေရိယာယ်ပဲ၊ အဲဒီတော့ အမှားအမှန်ကို ခွဲခြားနိုင်ဖို့ဟာ မလွယ်ပါဘူး။

ဒီလို အမှားအမှန်ကို ခွဲခြားနိုင်တဲ့ သမဏမျိုးကို တွေ့ယင် မင်္ဂလာ ရှိမရှိဆိုတာ သိနိုင်ပါတယ်၊ ရှိရုံတင် မကဘူး တတိုင်းပြည်လုံး ချမ်းသာနိုင်ပါတယ်၊ ဒါကြောင့် "သမဏ" ဆိုတာ အခုခေတ်မှာတော့ အတော်ဆုံး ဘက်မလိုက်ဆုံး ပညာရှိပုဂ္ဂိုလ်တွေကို မေးယင် မင်္ဂလာရှိတာပါပဲ၊ ဒီလိုမင်္ဂလာရှိတဲ့ ပညာရှိပုဂ္ဂိုလ်တွေ ရှိပါတယ်၊ ဒါကြောင့်(၉) 'ဓမ္မသာကစ္ဆာ' မင်္ဂလာဆိုတာ ထည့်ထားရပါတယ်၊ ဓမ္မသာကစ္ဆာဆိုတာက မကြာခဏ တရားဆွေးနွေးရမယ်၊ ကိလေသာငြိမ်းတဲ့ ဘက်မလိုက်တဲ့ ပုဂ္ဂိုလ်မျိုး ရတာကလဲ မင်္ဂလာတပါး၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ဖူးတွေ့ရတာကလဲ မင်္ဂလာ တပါး၊ ဒီလို ပုဂ္ဂိုလ်ကို ဖူးတွေ့ပြီး တရားဆွေးနွေးရတာကလဲ မင်္ဂလာတပါးပဲ၊ တိုင်းပြည်ရေး ဘာသာရေး ဝါဒရေး ဘယ်အရေး ကိစ္စမဆိုဆွေးနွေးခဲ့ယင် ကိလေသာ

လုပ်တယ်ဆိုယင် တို့အကုန်လုံး ဒုက္ခရောက်ကုန်မှာပေါ့တဲ့။ ဘယ်တော့မှ မတော်လှန်ဘူး၊ နောက်တော့ ချမ်းသာတဲ့လူတွေကလဲ မင်္ဂလာတရားပျက်လာတယ်။ ဒီတော့ မြှောက်ပေးတဲ့လူတွေကလဲ တဘက်ကရှိလာတယ်။ ဆင်းရဲသားတွေက တော်လှန်ရေးလုပ်လာတယ်။ ဒီတော့ ကြာယင် ဘာမှ လုပ်လို့ရတော့မှာမဟုတ်ဘူး။စီမံကိန်းတွေကို အကုန်တော်လှန်ပစ်လိုက်ကြမှာပဲ။

ဒါကြောင့် ဒီမင်္ဂလာတရားဆိုတာ နိုင်ငံရေးတရားဆိုလဲ ဟုတ်တယ်၊ စည်းရုံးရေးတရားဆိုယင်လဲဟုတ်ပါတယ်။ကျေးဇူးသိတယ်ဆိုတာက မြတ်စွာဘုရားကိုယ်တိုင် ကျေးဇူးသိဖို့ ဇာတ်တွေအများကြီးဟောခဲ့ပါတယ်။ ဒီဇာတ်တော်တွေမှာ ဒီမင်္ဂလာတရားမရှိယင် တိုင်းပြည်တည်ထောင်လို့ မရဘူးဆိုပြီး ဟောခဲ့တာပါပဲ။ ကျေးဇူးမသိတတ်ကြယင် ဘယ်ခေတ်ဖြစ်ဖြစ် ပျက်စီးမှာပဲ။ တယောက်ကျေးဇူး တယောက်မသိယင် ပျက်စီးမှာပဲ။ ဒီခေတ်တော့ တော်တော်ကလေး ဒီတရားတွေ ကွယ်နေတယ်ဆိုပါတော့။ ကွယ်နေတယ်ဆိုပေမယ့် ဘုရားသာသနာတွေ ရှိပါသေးတယ်၊ သိတဲ့လူတွေ ရှိပါသေးတယ်။ ဒီတော့ ဒီကလေးတွေလူငယ်တွေကို ကျွန်တော်တို့က ပြန်ပြီးတော့ ပြင်ပေးဖို့ လိုပါတယ်။

## တရားနာရမယ်ဆိုတာသတိရဖို့ပါ

၁၂၇ဝ နံ့ဝါတ သန္တုဋ္ဌိ ကတညုတ မင်္ဂလာတိုဟာအင်မတန်အရေးကြီးပါတယ်။ တဆင့်တဆင့် တက်သွားခဲ့ယင် လူတွေက

မေ့ပါတယ်။ အာဏာရလာတော့၊ အလုပ်ကများတော့ ကျေးဇူး ရှင်ကို မေ့တတ်ပါတယ်။ ပစ္စည်းချမ်းသာတဲ့လူတွေကလဲ ပစ္စည်း ချမ်းသာလာတော့ အလုပ်တွေက သိပ်များလာတယ်။ သိပ်များ လာတော့ ကျေးဇူးရှင်ကို မေ့တတ်တယ်။ ကျေးဇူးကို မေ့တာနဲ့ တပြိုင်နက် ချက်ချင်း ဒုက္ခ ရောက်တာပါပဲ။ အာဏာရှိတဲ့ လူတွေလဲ ဒုက္ခရောက်တတ်တာပဲ၊ ဒါကြောင့် ကျေးဇူးမမေ့ဖို့ (၅) "ကာလေန ဓမ္မသဝန" မင်္ဂလာကို ဆက်လုပ်ရမယ်။

တခါတရံတရားနာရမယ်ဆိုတာက ဘုန်းကြီးတရားပွဲသွားနာ မှ တရားနာတယ်၊ လောကုတ္တရာ ဝိပဿနာတရားနာမှ ဒီလိုထင် နေကြပါတယ်၊ ဒီ "ကာလေနဓမ္မသဝန" မင်္ဂလာဆိုတာ ရံခါရံခါ တိုင်းပြည်ကြီးပွားရေး လူတွေကြီးပွားရေး ချမ်းသာရေး တရား တွေ၊ လူတွေ ဘယ်လိုတရားကို မလိုက်နာယင် ပျက်စီးတယ်၊ ဘယ်လိုတရားတွေလိုက်နာယင် ချမ်းသာမယ်ဆိုတဲ့ လောကီတရား တွေ၊ အဲဒီလို တရားပွဲဆိုယင်လဲ အကြီးအကျယ် မဟုတ်ပါဘူး၊ ၄ ၅ ယောက် ဆိုင်ပြီး ပြောတဲ့တရားလဲ 'ကာလေန ဓမ္မသဝန" ပါပဲ၊ ဒီလို မင်္ဂလာတရား သင်တန်းတွေ ခဏ ခဏ ကျင်းပပေး ရမယ်၊ ဘာဖြစ်လို့ သင်တန်းကျင်းပရမလဲဆိုတော့ လောဘ ကြီးယင် ဘယ်လောက် ဆိုးရွားတာပဲ၊ ကျေးဇူးမဲ့ယင် တိုင်းပြည် ပျက်နိုင်တာပဲ တိုင်းပြည် ဒုက္ခရောက်နိုင်တာပဲ ဆိုတာကို သတိ ရလာကြမယ်၊ ဒါကြောင့် "ကာလေန ဓမ္မသဝန' ဆိုတဲ့ မင်္ဂလာ တရားပွဲတွေ ကျင်းပပေးဖို့ လိုပါတယ်၊ ဂါရဝတို့ နိဝါတတို့ မေ့နေတဲ့ ပုဂ္ဂိုလ်တွေလဲ ပြန်ပြီး သတိရလာရမယ်။

**ခန္တီဆိုတာ ခံနေဖို့ မဟုတ်ပါဘူး**

အဲဒီတော့ နံပါတ် (၆)က "ခန္တီ"မင်္ဂလာပါ၊ ခန္တီဆိုတာ အချို့ကတော့ သည်းခံရမယ်လို့ ဒီလောက်ပဲ နားလယ်ပါတယ်၊ သည်းခံရမယ်ဆိုတော့ ရှေးတုန်းက ကျောင်းသားကြီးတွေက လွတ်လပ်ရေး ရခါနီးဆိုတော့ အင်မတန် စိတ်တက်ကြွနေတယ်၊ သည်းခံရမယ်ဆိုတော့ သူတပါးတိုင်းပြည်က လာတိုက်တာ စော်ကားတာကို ခံနေရမလားတဲ့၊ မတရားတဲ့ လူမျိုးတမျိုးက အုပ်ချုပ်တာကို ခံနေရမလားတဲ့၊ ဆရာတို့ ခန္တီတရားအတိုင်း သည်းခံရမယ်ဆိုယင် ကျွန်ဘဝက ဘယ်တော့မှ လွတ်မှာ မဟုတ်ဘူးတဲ့၊ အမြဲဘမ်း ကျွန်ဖြစ်နေမှာပဲတဲ့၊ သည်းခံတယ်ဆိုတာကို ခံနေရမယ်လို့ ဒီလို ထင်နေကြတာကိုး။

အမှန်တတော့ ခေါင်းဆောင်လုပ်မယ့် ပုဂ္ဂိုလ်တယောက်က ဆရာတော်များ စဉ်းစားကြည့်စမ်းပါ၊ ဒီခေါင်းဆောင်က ဂါရဝ နိဝါတ သန္တုဋ္ဌီ မင်္ဂလာတွေလဲ ရှိတယ်၊ ကတညုတ မမ္မသဝန မင်္ဂလာတွေလဲရှိတယ်၊ ရိုရိုသေသေနဲ့ ဘယ်သူပြောပြော လာနားထောင်တယ်၊ သင်တန်းကလေးက ဘာမဟုတ်တဲ့ သင်တန်းဆိုပြီး လာနားမထောင်တဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး၊ ဒီလိုလူထဲကို ဝင်ဆံ့တဲ့ ခေါင်းဆောင်တယောက်ဟာ ဘယ်လောက် အထက်တန်းရောက်နေသလဲ၊ ဒီမင်္ဂလာငါးပါးနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်တယောက်ဟာ ဘယ်လောက် အထက်တန်း ရောက်နေသလဲ၊ ဒီမင်္ဂလာငါးပါးနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင် တယောက်ဟာ သူ့အဆင့်အတန်းက အများကြီး မြင့်နေပါ တယ်၊ လူတိုင်းလူတိုင်းက သူ့ကိုမြင်ယင် ကြည်ညိုကြမယ်။

## ခန္တီဆိုတာခေါင်းဆောင်က ပိုအရေးကြီးပါတယ်

အဲဒီလို ပုဂ္ဂိုလ်က စိတ်ဆိုးယင် ဒီပြင်ပုဂ္ဂိုလ်တွေ စိတ်ဆိုးတာနဲ့ မတူပါဘူး၊ သူက တော်တော်မြင့်နေပါတယ်၊ "ကာလေန ဓမ္မသဝန" မင်္ဂလာထိအောင် ရောက်နေတဲ့ ပုဂ္ဂိုလ်ဟာ တော်တော် မြင့်နေတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်နေပါတယ်၊ ဖြစ်နေတော့ကာ ဒီပြင်ပုဂ္ဂိုလ်တွေထက်စိတ်မဆိုးဖို့လိုပါတယ်၊ ဒီလိုခေါင်းဆောင်ကြီးလို ပုဂ္ဂိုလ်တွေက စိတ်ဆိုးခဲ့ယင်လဲ တော်တော်ကလေး ဒုက္ခရောက်သွားနိုင်ပါတယ်၊ နဂါးတို့ရဲ့ မျက်စောင်းအကြောင်း သုံးပါးမရှေး ဆိုသလို ဖြစ်သွားနိုင်ပါတယ်၊ တိုင်းသူပြည်သားလူအများဆိုတာ အပြစ်တော့ လုပ်မိကြတာပဲ၊ မဟုတ်တာ လုပ်မိတာပဲ၊ ပုထုဇဉ်ပဲ၊ မင်းတို့မှားရမလားဆိုပြီး စိတ်ဆိုးလိုက်ယင် တတိုင်းပြည်လုံး ဒုက္ခရောက်သွားနိုင်ပါတယ်၊ တန်ခိုးသိပ်ကြီးပါတယ်၊ အဲဒါကြောင့် တန်ခိုးကြီးလာတဲ့ အချိန်ကျတော့ ခန္တီမင်္ဂလာ စိတ်မဆိုးဖို့ အရေးက သိပ်အရေးကြီးပါတယ်၊ သည်းခံတယ် ဆိုတာက အောက်ကျနေတဲ့အခါမှာ ခံရတာက လွယ်ပါတယ်၊ အထက်ရောက်နေတဲ့ ပုဂ္ဂိုလ်များ ခံနေရမှာက ခက်ပါတယ်၊ ကိုယ်က သိပ်အထက်ရောက်နေတာကိုး။

ဆိုပါတော့ ဆရာ ဆရာမတယောက် ကျောင်းသား ၁၀၀ ၁၅၀ လောက် အုပ်ချုပ်နေရတဲ့အခါ ဆိုပါတော့ အဲဒီလို အုပ်ချုပ်နေရတော့ သိပ်အထက်ရောက်နေတယ်၊ ခေါင်းဆောင်ဖြစ်နေတယ်၊ ဒီတော့ ကျောင်းသားတွေဟာ ဆရာ ဆရာမက စိတ်ဆိုးလိုက်ယင် နေစရာရှိပါဦးမလား။ ကလေးတွေပဲဆိုးတဲ့

အခါဆိုးမယ်၊ ရန်ဖြစ်တဲ့အခါဖြစ်မယ်။ ဒေါသမဖြစ်ပဲနဲ့မေတ္တာနဲ့ ပြောဟောဆုံးမခဲ့ယင် ကလေးတွေလဲ သက်သာမယ်၊ ဆရာမက ဒေါ်ထပြီး ငယ်ငယ်ကလေးက ထုလား ရိုက်လား နှက်လား ပုတ်လားလုပ်ယင် သူတို့က ထုသား ပေသား ရနေတော့ ဒမြ အလုပ်လုပ်ဖို့ပဲရှိတယ်၊ ဒီပြင်အလုပ် လုပ်ဖို့မလိုဘူး၊ ကျောင်းက တည်းက ထုသား ပေသားရနေတာကိုး။

ခေါင်းငုံ့ခံနေတာ ခန္တီမဟုတ်ပါဘူး

ဒါကြောင့်မို့ ခေါင်းဆောင်လုပ်တဲ့ဆရာ ဆရာမတို့ဘုန်းကြီး တို့ ဥက္ကဋ္ဌတို့ ဘာတို့ပေါ့လေ၊ လူကြီးလုပ်မယ့် ပုဂ္ဂိုလ်တွေဟာ ခန္တီစိတ်မဆိုးဖို့ပါ၊ ခံနေဖို့မဟုတ်ပါဘူး၊ ကျောင်းသားတွေ ဆိုးယင်တော့ ဆုံးမရမှာပဲ၊ တိုင်းပြည်သူ တိုင်းပြည်သားတွေ ဆိုးယင် လိမ္မာအောင် ဆုံးမရမှာပဲ၊ သို့သော် စိတ်မဆိုးပါနဲ့၊ စိတ်ဆိုးတော့ အမှားတွေ ပါသွားမှာစိုးလို့ပါ၊ ဒါကြောင့် မင်း ကျင့်တရား ၁၀ ပါးမှာ ခန္တီဟာ အရေးအကြီးဆုံးဆိုပြီးတော့ ပါတာပါပဲ၊ နာယကဂုဏ် ၆ ပါးထဲမှာလဲ ခန္တီဟာ ပါတာပါ ပဲ၊ ဆရာတော်တွေ ကျင့်တဲ့ သိက္ခာပုဒ်မှာလဲ မြတ်စွာဘုရားက သိက္ခာပုဒ်တွေ အများကြီး မပညတ်ခင်တုန်းက ''ခန္တီ ပရမံ တပေါ'' သည်းခံခြင်းသည် အမြတ်ဆုံးဆိုပြီး ပါတာပါပဲ၊ တကာ တကာမတွေ မိုက်တာကို လိမ္မာအောင် လုပ်ပေး ရမယ်၊ ဆိုးတဲ့ တကာတွေကို လိမ္မာအောင် လုပ်ပေးရမယ်၊ အဲဒီလို လုပ်ပေးတာဟာ သည်းခံတာပါပဲ၊ ဘာမှမလုပ်ပဲနဲ့

တိုင်းပြည် ကျွန်ဖြစ်နေတာကို ကျွန်အတိုင်းထားတာ မပြင်တာ ခန္တီမဟုတ်ပါဘူး၊ ကျွန်ဘဝကလွတ်အောင် လုပ်ရမယ်၊ ဒေါသနဲ့ မလုပ်ရဘူး၊ လိမ္မာအောင် လိမ်လိမ်မာမာနဲ့ လုပ်ရမယ်၊ ကျွန်တော်တို့တိုင်းပြည် ဆင်းရဲနေတယ်ဆိုယင် ချမ်းသာအောင် စိတ်တွေဆိုးပြီးတော့ မလုပ်ရဘူး မေတ္တာနဲ့ လုပ်ရမယ်။

ဒါကြောင့်မို့ ခန္တီ သည်းခံတယ်ဆိုတာ မေတ္တာတရားပါ၊ ဘုရားလောင်းရဲ့ကျင့်ဝတ်တွေထဲမှာလဲ ခန္တီပါရမီဆိုတာ ပါပါတယ်၊ သည်းခံယင် အကုန်လုံး အောင်နိုင်တယ်ဆိုတာ ခေါင်းဆောင် ဖြစ်လာသူတိုင်း သဘောမပေါက်ကြဘူး၊ အဖွဲ့အစည်းတွေမှာ စည်းရုံးရေးအတွက် စည်းရုံးရေး ခေါင်းဆောင်တွေ အနေနဲ့လဲ ဒီခန္တီမင်္ဂလာကိုပဲ အသုံးချရတာပဲ၊ ခန္တီမင်္ဂလာဆိုတာ အားလုံးအပေါ်မှာ မေတ္တာတရား ရှေ့ထားပြီး အလုပ်လုပ်ဖြစ်အောင် လုပ်တာပါ၊ ဘာမှမလုပ်ပဲ ခေါင်းငုံ့ခံနေတာ ခန္တီလို့ မခေါ်ပါဘူး၊ အဲဒီလို ရှင်းပြရမယ်။

## ခန္တီမင်္ဂလာ ပျက်ကြယင် ကမ္ဘာကြီး ပျက်စီးသွားမှာပဲ

အဲဒီတော့ ခေါင်းဆောင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ခန္တီ အဆင့်ရောက်ခဲ့ယင် အဆင့်အတန်း တော်တော်မြင့်သွားပါပြီ၊ ဘုရင်ဆိုယင်လဲ ခန္တီအဆင့်ရောက်ခဲ့ယင် အဆင့်အတန်း တော်တော်မြင့်သွားပါပြီ၊ ခေါင်းဆောင်ကြီးတွေ ဒီအဆင့်ရောက်လာယင် ဘာမှ ကြောက်စရာမရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာအောက်မှာနေရတဲ့ တိုင်းသူပြည်သားတွေဆိုတော့ အင်မတန်

အေးချမ်းသာယာပါတယ်၊ ခန္တီပါရမီကို ဘုရားလောင်းတွေ တော်တော် ပေါခဲ့ပါတယ်၊ လူ့လောက တည်တံ့ခိုင်မြဲရေးမှာ ခန္တီမင်္ဂလာဟာအလွန်အရေးကြီးပါတယ်၊ ကမ္ဘာ့ခေါင်းဆောင် ကြီး ၂၊ယောက် ၃.ယောက် စိတ်ဆိုးယင် တကမ္ဘာလုံး ပျက်စီး သွားနိုင်ပါတယ်၊ အဏုမြူဗုံးတွေ ချလိုက်မှာကိုး၊ ကမ္ဘာ့ခေါင်း ဆောင်ဆိုသူတယောက် ဒေါသထွက်လိုက်ယင် သူ့ဒေါသဟာ တကမ္ဘာလုံးက ခံရမှာပါ၊ ကမ္ဘာပေါ်မှာ တိုင်းပြည်ကြီးတခုက ခေါင်းဆောင်တယောက် ဒေါသထွက်ခဲ့ယင် သူ့ဒေါသပေါက် ကွဲခဲ့ယင် အဏုမြူဗုံးတွေ ရှိနေတာမို့ ကမ္ဘာကြီး ပျက်စီးသွား နိုင်ပါတယ်။

ဒါကြောင့် ကမ္ဘာပေါ်မှာ လူကြီးလေ ခန္တီအရေးကြီးလေ ပါပဲ၊ စိတ်မဆိုးပဲနဲ့ သည်းခံခြင်း မေတ္တာနဲ့ လုပ်ဖို့ဆိုတာ သိပ်လွယ်တာ မဟုတ်ပါဘူး၊ တော်တော့ကို ‌ ‌က်ခဲပါတယ်၊ ကမ္ဘာသူ ကမ္ဘာသားတွေ ခန္တီမင်္ဂလာထိအောင် ကျင့်နိုင်မှလဲ လူ့လောက တည်တံ့ရေးဖြစ်နိုင်ပါတယ်၊ အမှန်ကတော့ ဂါရဝ နိဝါတတို့က မာန်မာန မရှိဖို့ပါ၊ မာနပယ်ခိုင်းတာပါ၊ သန္တုဋ္ဌိ ဆိုတာက လောဘမကြီးဖို့ လောဘပယ်ခိုင်းတာပါ၊ မကောင်းတဲ့ လောဘကို ပယ်ခိုင်းတာ၊ ကတညုတ ဆိုတာက ကျေးဇူးသိတတ် ဖို့ပါ၊ အမြဲဘမ်း ဖုံးလွှမ်းပြီးနေတဲ့ မောဟကို ပယ်ခိုင်းတာပါ၊ ခန္တီဆိုတာက ဒေါသအကုန်လုံး မပယ်နိုင်ပေမယ့် ပယ်သင့်တဲ့ ဒေါသကို ပယ်ခိုင်းတာပါ၊ လောဘတို့ ဒေါသတို့ မာနတို့ မောဟတို့ကို အဘိဓမ္မာနည်းနဲ့ကြည့်ယင် သူ့အဆင့်အတန်းနဲ့ သူ ပယ်ခိုင်းတာပဲ။

## သောဝစဿတာ မင်္ဂလာဟာ ဘယ်သူတွေအတွက်လဲ

ခန္တီပြီးတော့ (၇) သောဝစဿတာမင်္ဂလာကို ဆက်လုပ်ရမယ်၊ သောဝစဿတာ မင်္ဂလာဆိုတာ မိဘနှင့် သားသမီးကျတော့ သားသမီးက လိုက်နာရမယ်၊ ဆရာနဲ့ တပည့်ကျတော့ ကျောင်းသားကလိုက်နာရမယ်၊ ဘုန်းကြီးနဲ့ တကာ တကာမတို့ကျတော့ တကာ တကာမတို့ကလိုက်နာရမယ်သူတို့ပြောတာမလိုက်နာတဲ့အခါကျတော့ သောဝစဿတာ မင်္ဂလာနဲ့ မပြည့်စုံဘူး၊ ဒီလောက်ပဲ ထင်နေကြတယ်၊ အမှန်ကတော့ မင်္ဂလာတရား အဆင့်အတန်းကြည့်မယ်ဆိုယင် သန္တုဋ္ဌိတို့ခန္တီတို့ပြီးမှသောဝစဿတာ မင်္ဂလာလာတာပါ၊ တကယ် ထိပ်ရောက်နေပါတယ်၊ ဘယ်လိုလူမျိုးက ဆုံးမရလွယ်တယ်၊ ဘယ်လိုလူမျိုးက ဆုံးမရခက်သလဲဆိုဘာကိုကြည့်ယင် သောဝစဿတာ မင်္ဂလာဟာ သန္တုဋ္ဌိတို့ခန္တီတို့ထက် မြင့်နေတော့ ခေါင်းဆောင်လုပ်သူတွေမှာ သောဝစဿတာ မင်္ဂလာပိုပြီး အရေးကြီးပါတယ်၊ ထိပ်တန်းရောက်နေတဲ့ ပုဂ္ဂိုလ်တွေကပိုပြီး အရေးကြီးပါတယ်။

အဘိဓမ္မာဆိုယင်လဲ အဘိဓမ္မာဆရာကြီး၊ မင်္ဂလာဆိုယင်လဲ မင်္ဂလာဆရာကြီး ဖြစ်နေတဲ့ လူတွေဟာ ဒီပြင် လူတွေပြောတာဆိုယင် မလိုက်နာချင်ကြဘူး၊ ဒီလူတွေက ဘာမှတတ်တာမဟုတ်ဘူး၊ သူတို့ပြောတာ နားထောင်စရာမလိုဘူး၊ ဒီလိုထင်တတ်ကြပါတယ်၊ ကိုယ့်ကိုယ်ကို ပညာရှိကြီးပဲ သဘောတရားရေးရာဆရာကြီးပဲ၊ ဝါဒတခုတီထွင်တဲ့လူပဲလို့ ဒီအဆင့်အတန်းရောက်သူတွေဟာ သူများပြောတာ မလိုက်နာဘူး၊ ဘုန်းကြီး

ဘွဲ့ကဟောယင်လဲပဲ ဒီဘုန်းကြီးက ဘာတတ်လို့လဲ အခုခေတ်က ဘယ်လိုပဲဆိုပြီးဆင်ခြေတွေသာ လျှောက်လဲနေတာပဲ၊ ဘုန်းကြီးတို့တပည့်တော်တို့ပြောတာ ဆရာ ဆရာမတို့ ပြောတာကို သူတို့ မလိုက်နာလိုဘူး၊ အဲဒီလိုလူမျိုးတွေမှ ဆုံးမရခက်တာ၊ ဆိုဆုံးမရခက်တဲ့ အဆင့်အတန်းဟာ ကိုယ့်ကိုယ်ကို ပညာရှိကြီးပဲ ဆရာတော်ကြီးပဲ ဘာပဲညာပဲဆိုတဲ့ အဲဒီ အဆင့်အတန်းရောက်တဲ့ ပုဂ္ဂိုလ်တွေမှ သောဝစဿတာ မင်္ဂလာက ပိုအရေးကြီးတာပါ၊ သူတို့က မလိုက်နာလိဘူး၊ ပြောရခက်တယ်၊အဲဒီလိုပုဂ္ဂိုလ်တွေက သောဝစဿတာ မင်္ဂလာမရှိယင် တိုင်းပြည်ပျက်မှာပဲ သူတို့က ပညာရှိကြီးတွေကိုး။

ခေါင်းဆောင်ဖြစ်တာ ဘယ်မင်္ဂလာတွေကြောင့်လဲ

သူတို့က ပညာရှိကြီးတွေဆိုတော့ စီမံကိန်းတွေ ရေးတယ်၊ ဘယ်သူမှ ပြောလို့မရဘူး၊ ဒီလို ပြောလို့မရတဲ့ စီမံကိန်းတွေနဲ့ တိုင်းပြည် တည်ထောင်လိုက်ယင် ဒုက္ခရောက်မှာပဲ၊ လယ်သမားက လယ်ယာလုပ်ငန်း နားလည်တယ်၊ စာအုပ်ကြီးသမားက နားလည်တာမဟုတ်ဘူး၊ ငါးဖမ်းတဲ့ နေရာကျတော့ တံငါက ပိုပြီးနားလည်တယ်၊စာအုပ်ကြီးသမားက ငါးတကောင်ကိုမဖမ်းနိုင်ပါဘူး။ခေါင်းဆောင်ဖြစ်နေတဲ့ အထက်တန်း ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ သောဝစဿတာမင်္ဂလာကို လိုက်နာရပါတယ်၊ ငါပညာရှိဆိုပေမယ့်အများကဘယ်လိုပြောသလဲ၊အများပြောတဲ့ အထဲမှာ ဝေဖန်နိုင်းချိန်ပြီး အမှန်တရားကို ရှာဖွေမှ အဆင့်မြင့် တက်သွားမှာပါ၊ သို့မဟုတ် ဒီနေရာ ဒီအဆင့်က မတက်တော့

ဘူး၊ သူများပြောတာကို နားမထောင်တဲ့ သောဝစဿတာ မင်္ဂလာကိုပယ်တဲ့ပညာရှိတွေဟာ အဲဒီအဆင့်က မတက်တော့ဘူး၊ အဲဒီနေ့ကစပြီး ပညာ မတိုးတက်တော့ဘူး၊ တပည့်တော်တို့ ကိုယ်ကို တပည့်တော်တို့ အဘိဓမ္မာတတ်တယ်၊ နားလည်တယ်လို့ ဆိုပြီး ထင်ခဲ့ယင် မတက်တော့ဘူး၊ နိုင်ငံရေး သဘောတရားတွေ စီးပွားရေး သဘောတရားတွေ တပည့်တော်တို့ ကိုယ်ကို တပည့်တော် အထင်ကြီးပြီး တတ်ပြီလို့ ထင်နေယင် လူတတ်ကြီးထင်နေယင် နောက်ထပ် မတက်တော့ဘူး။

ဒါကြောင့်မို့လို့ စီးပွားရေးသမားတွေ နိုင်ငံရေးသမားတွေ ဒီထက် တိုးတက်ချင်ယင် သောဝစဿတာ မင်္ဂလာက အရေးကြီး ပါတယ်၊ ကိုယ့်အဆင့်နဲ့ ကိုယ်အရေးကြီးပါတယ်၊ ကျောင်းသား ကလဲ လိုက်နာ၊ ဆရာ ဆရာမကလဲ လိုက်နာ ဘုန်းကြီးကလဲ သောဝစဿတာ မင်္ဂလာ အရေးကြီးပါတယ်၊ ကိုယ့်အဆင့်နဲ့ ကိုယ် အရေးကြီးတာပါ၊ သောဝစဿတာမင်္ဂလာရှိတဲ့ပုဂ္ဂိုလ်တွေ ဟာ အဖွဲ့အစည်းအသီးသီးမှာ ကြည့်ယင် သူတို့က ခေါင်းဆောင် ဖြစ်နေတာများပါတယ်၊ ငါတတ်ဆိုပြီးဘဝင်မြင့်နေတဲ့လူတွေဟာ မကြာခင် သူကျသွားတာပါပဲ၊ အဖွဲ့အစည်းခေါင်းဆောင်အဖြစ် က ချပစ်တာပဲ၊ အများနဲ့ ကြည့်ပြီး ညီညွတ်အောင် လိုက်လုပ် တဲ့လူဟာ သူက ပညာရှိပဲ၊ အမှန်တရားမတတ်ပဲနဲ့ လူတတ်ကြီး ထင်နေတဲ့ လူတွေရဲ့ ထိပ်ကို ရောက်သွားတာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ သောဝစဿတာ မင်္ဂလာကြောင့် ဖြစ်တယ်၊ ဒီလို မင်္ဂလာတရားတွေကို ဥပမာတွေပြ ပြောနေတာဟာ တဆင့်ထက် တဆင့် တက်သွားဖို့ ဖြစ်ပါတယ်၊ ဒီလို တက်ချင်တဲ့ ပုဂ္ဂိုလ်တွေ

ဟာ စီးပွားရေးပဲလုပ်လုပ် ဘာပဲလုပ်လုပ် ငါဘကောကောပြီး မလုပ်ရဘူး၊ လုပ်မိယင် ပျက်စီးရမှာပဲ၊ ဒီမင်္ဂလာတရား ၉ ပါးဟာ ခေါင်းဆောင်လုပ်မယ့်ပုဂ္ဂိုလ်အတွက် ပိုပြီးအရေးကြီးပါတယ်။

## ပညာဝန်နှင့်ဘုန်းကြီး

အဲဒီတော့ နံပါတ်(၈)''သမဏာနဉ္စ ဒဿနံ''မင်္ဂလာကျတော့ တော်တော့်ကို ပြောရခက်တယ်၊ ရဟန်းပုဏ္ဏားတွေကို ဖူးမြင်ရခြင်းသည် မင်္ဂလာလို့ ပြောတယ်၊ ရဟန်းပုဏ္ဏားတွေကို ဖူးမြင်ရခြင်းကြောင့် ဘာတိုးတက်မှာကုံးတဲ့၊ဘုန်းကြီးကျောင်းသွားယင် ငှက်ပျောသီးတော့ စားရမှာပေါ့တဲ့၊ ဒါ မင်္ဂလာလားလို့ မေးစရာရှိပါတယ်။

ဆရာငယ်ငယ်တုန်းက သင်္ဘောစီးသွားတယ်၊ ဘိလပ်က ပြန်လာတဲ့ အရေးပိုင်တယောက်နဲ့ တွေ့တယ်၊ ဟိုခေတ်တုန်းက တပည့်တော်တို့ ဘိလပ်ပြန်ကို အထင်ကြီးကြတယ်၊ ရှေးခေတ် မိဘတွေက ဘယ်လောက် မင်္ဂလာတရားနဲ့ ပြည့်သလဲဆိုတော့ သားဘိလပ်က ပြန်လာတယ်၊ ဘာရာထူးတို ယူခိုင်းသလဲဆိုတော့ ငါ့သား ဒီပြင်အလုပ် မလုပ်ပါနဲ့၊ ဘုန်းကြီးကျောင်းတွေကို လိုက်စစ်တဲ့ ပညာဝန်အလုပ်ကို လုပ်ပါလို့ ခိုင်းသတဲ့၊ ဘုန်းကြီးတွေနဲ့ တွေ့ရတော့ ငါ့သား သမဏာနဉ္စ ဒဿနံ မင်္ဂလာရှိတယ်လို့ ပြောသတဲ့၊ ဒါနဲ့ မိဘစကားနားထောင်ပြီး အရေးပိုင်မလုပ်ပဲ ပညာဝန်လုပ်တော့ ဘုန်းကြီးတွေနဲ့ အမြဲတမ်း ရန်ဖြစ်ရဘာပဲတဲ့၊ ဒါနဲ့ သားက ကျွန်တော် ဘုန်းကြီးတွေနဲ့ တွေ့ရလို့ရှိယင် မင်္ဂလာရှိတယ်လို့ ဖေဖေပြောတယ်၊ ကျွန်တော်နဲ့တွေ့ရတဲ့ ဘုန်းကြီးတွေ

ကတော့ အမြဲတမ်း ရန်ဖြစ်ရတာတဲ့၊ စိတ်ဆိုးရတာချည်းပဲ၊ ဒီအလုပ်က ထွက်ပါရစေလို့ ပြောသတဲ့၊ မင်းတို့ခေတ်ကတော့ မပြောတတ်ပါဘူး၊ ဒီလက်ထက်က ဘုန်းကြီးကျောင်းသွားနဲ့ယင် မင်္ဂလာရှိတာပဲလို့ သူ့အဖေက ပြောသတဲ့၊ အဲဒီလို အရေးပိုင်တယောက်က စောဒက တက်သွားဖူးပါတယ်။

## ရဟန်းဆိုတာ ဘယ်လိုရဟန်းမျိုးလဲ

အခုခေတ် ကျောင်းသားတွေကလဲ ''သမဏာနဉ္စ ဒဿနံ'' မင်္ဂလာဆိုတာ သဘောမပေါက်ကြဘူး၊ ''သမဏ'' ဆိုတာ မင်္ဂလာတရား ပေါ်စကတော့ ကိလေသာငြိမ်းပြီး ရဟန္တာဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်၊ အဲဒီလို ကိလေသာ ငြိမ်းပြီးတဲ့ လောဘ၊ ဒေါသ ငြိမ်းနေတဲ့ ပုဂ္ဂိုလ်တွေကို ''သမဏ''လို့ ခေါ်တယ်၊ လောကမှာ ပညာရှိတွေ ဘုရင်တွေက မဖြေရှင်းနိုင်တဲ့ ပြဿနာတွေက ပေါ်ပါတယ်၊ အဲဒီလို မဖြေရှင်းနိုင်တဲ့ ပြဿနာတွေပေါ်ခဲ့ယင် ကိလေသာရှိနေတဲ့ ဘက်လိုက်တဲ့ ပုဂ္ဂိုလ်တွေကို တပည့်တော်တို့ဒီလိုလုပ်ချင်တယ် ကောင်းပါ့မလားဆိုပြီး မေးယင် တပည့်တော်တို့က ဒီလိုလုပ်ချင်တယ်ဆိုတော့ ကောင်းသွားပဲ၊ ကိလေသာ ရှိနေတော့ ဘက်လိုက်ပြောမယ်၊ ကမ္ဘာကျော် ခေါင်းဆောင်ကြီး လာတယ်၊ ဆရာတော်ဘုရား ဒီလို လုပ်ချင်တယ်၊ ဆရာတော် ဘယ်လို သဘောရသလဲ ဆိုတော့ ကိလေသာ ရှိနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ တကယ့်ခေါင်းဆောင်ကြီးပဲ ဆိုပြီး ဆန့်ကျင်ဘက် မပြောဘူး၊ ကောင်းသွားပဲဆိုပြီး ပြောမယ်၊ ကိလေသာ ရှိနေတာကိုး၊ ကိလေသာမရှိတဲ့ သမဏမျိုးက

တော့ အမှန်ကို အမှန်အတိုင်းလဲ သိတယ်၊ ကမ္ဘာကို စိုးမိုးတဲ့ စကြာမင်းပဲ ဖြစ်ဖြစ် ဘယ်လောက်တန်ခိုးကြီးတဲ့ စစ်ဗိုလ်ကြီးပဲ ဖြစ်စေ၊ ချက်ချင်း သတ်ပစ်လိုက်ယင် သတ်ပစ်နိုင်တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်စေ လာပြီးတော့မေးယင် အမှန်ကို အမှန်အတိုင်းပဲပြောမယ်၊ ဘက်မလိုက်ဘူး၊ ဒီလိုမလုပ်နဲ့ တိုင်းပြည် ဒုက္ခ ရောက်မယ်လို့ ပြောမယ်၊ ကောင်းတယ်လို့မပြောဘူး၊ အဲဒီလို 'သမဏ'မျိုးက အရေးကြီးပါတယ်။

## ညီညွတ်ရေးကို ခွဲပစ်နိုင်တာ ဘယ်သူတွေလဲ

ဘုရားလက်ထက်က ဝဿကာရ ပုဏ္ဏားဆိုတာ ရှိတယ်၊ စစ်တိုက်တာ အင်မတန်အရေးကြီးတယ်၊ ဘယ်သူရှုံးမလဲ ဘယ်သူနိုင်မလဲလို့ ဘုရားထံ သွားမေးတယ်၊ မြတ်စွာဘုရားတို့မည်သည် မှာ ဒါမျိုးကို တိုက်ရိုက် မပြောကောင်းဘူး၊ မြတ်စွာဘုရားက ညီတော် အာနန္ဒာကို အပရိဟာနိယတရား ခုနစ်ပါးကို ပြောပြတယ်။ တိုင်းပြည်မပျက်အောင် အုပ်ချုပ်မင်းလုပ်တဲ့လူတွေဟာ ဒီတရားခုနစ်ပါးကို လိုက်နာခဲ့ယင် ဘယ်တော့မှတိုင်းပြည်မပျက် စီးနိုင်ဘူး၊ မင်းဆွေ မင်းမျိုးတွေက လိုက်နာကြသလား မလိုက် နာကြသလားကို ကြည့်ရမယ်၊ သိပ်စည်းလုံး ညီညွတ်နေတဲ့ အချိန်မှာ သွားတိုက်လို့ မရဘူး၊ ဝဿကာရ-က အဲဒီအဓိပ္ပာယ်ကို နားလည်တော့ ဝဿကာရကို တိုင်းပြည်က နှင်ထုတ်ခိုင်းတယ်၊ နှင်ထုတ်လိုက်တော့ လိစ္ဆဝီတိုင်းပြည်သွားပြီး ပညာရှိလုပ်နေ တယ်၊ မင်းသားတွေကို စာသင်ပေးတယ်၊ တယောက်ကိုတမျိုး သင်ပေးတယ်၊ တိုင်းပြည်တခုမှာ ဆရာ-ဆရာမတွေက အုပ်ချုပ်

နေတာပဲ၊ တိုင်းပြည်တခုကို ဆရာတွေ ဆရာမတွေက ပျက်စီးအောင်လုပ်နိုင် သလို တည်ထောင်နိုင်တာလဲ ဆရာ.ဆရာမတွေပဲ၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က အနာဂတ်မှာ တိုင်းပြည်အုပ်ချုပ်မယ့် ကျောင်းသားတွေကို ပိုင်နေတာကိုး။

ဝဿကာရ ပုဏ္ဏားကညီညွတ်နေယင်ဘယ်တော့မှ တိုင်းပြည်ကို တိုက်လို့မရဘူးဆိုတာ သိတယ်၊ အဲဒီတော့ ဒီတိုင်းပြည်ကမင်းသားတွေကို တယောက် တမျိုး သင်ပေးတယ်၊ ဥပမာ တယောက်ကို ဆိုရှယ်လစ်ဝါဒ သင်ပေးတယ်၊ တယောက်ကို အရင်းရှင်ဝါဒ သင်ပေးတယ်၊ ဒီနည်းဟာ ညီညွတ်ရေးခွဲတဲ့နည်းမှာ အကောင်းဆုံး နည်းပရိယာယ်ပဲ၊ အဲဒီတော့ အမှားအမှန်ကို ခွဲခြားနိုင်ဖို့ဟာ မလွယ်ပါဘူး။

ဒီလို အမှားအမှန်ကို ခွဲခြားနိုင်တဲ့ သမဏမျိုးကို တွေ့ယင် မင်္ဂလာ ရှိမရှိဆိုဘာ သိနိုင်ပါတယ်၊ ရှိရုံတင် မကဘူး တတိုင်းပြည်လုံး ချမ်းသာနိုင်ပါတယ်၊ ဒါကြောင့် "သမဏ" ဆိုတာ အခုခေတ်မှာတော့ အတော်ဆုံး ဘက်မလိုက်ဆုံး ပညာရှိပုဂ္ဂိုလ်တွေကို မေးယင့် မင်္ဂလာရှိတာပါပဲ၊ ဒီလိုမင်္ဂလာရှိတဲ့ ပညာရှိပုဂ္ဂိုလ်တွေ ရှိပါတယ်၊ ဒါကြောင့်(၉) 'ဓမ္မသာကစ္ဆာ' မင်္ဂလာဆိုတာ ထည့်ထားရပါတယ်၊ ဓမ္မသာကစ္ဆာဆိုတာက မကြာခဏ တရားဆွေးနွေးရမယ်၊ ကိလေသာငြိမ်းတဲ့ ဘက်မလိုက်တဲ့ ပုဂ္ဂိုလ်မျိုး ရတာကလဲ မင်္ဂလာတပါး၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကို ဖူးတွေ့ရတာကလဲ မင်္ဂလာ တပါး၊ ဒီလို ပုဂ္ဂိုလ်ကို ဖူးတွေ့ပြီး တရားဆွေးနွေးရတာကလဲ မင်္ဂလာတပါးပဲ၊ တိုင်းပြည်ရေး ဘာသာရေး ဝါဒရေး ဘယ်အရေး ကိစ္စမဆိုဆွေးနွေးခဲ့ယင် ကိလေသာ

ငြိမ်းပြီးတဲ့ ပုဂ္ဂိုလ်က ဘက်မလိုက်တော့ဘူး၊ ပေဒင်ဆရာလို ဝိဇ္ဇာလို့၊ ဘာလို့၊ အခြား ပုဂ္ဂိုလ်တွေနဲ့ဆွေးနွေးယင် မှန်တာလဲ ရှိသလို မှားတာလဲ ရှိမယ်၊ ကိလေသာ ငြိမ်းပြီးတဲ့ ပုဂ္ဂိုလ်နဲ့ ဆွေးနွေး ဘာကတော့မှားယင်လဲ မှားတယ်၊ မှန်ယင်လဲမှန်တယ်၊ ဒါသေသေချာချာ သိနိုင်တယ်၊ ဒါကြောင့် 'ကာလေန ဓမ္မသာကစ္ဆာ' ဆိုတဲ့ မင်္ဂလာဟာလဲ ကြီးကျယ်တဲ့ မင်္ဂလာ ပါပဲ။

ဂူရှာသယလိုတိုင်းရတဲ့ မင်္ဂလာ (၉)ပါး

ဒီမင်္ဂလာတရား(၉)ပါးဟာ စည်းရုံးရေး၊နိုင်ငံရေးဘာသာ ရေး အကုန်လုံးသုံးလို့ရပါတယ်၊ လူမှုရေးလဲအသုံးပြုနိုင်တယ်။ အဓိပ္ပာယ် ပြောတဲ့အခါကျတော့ ပါတီ စည်းရုံးရေးအနေနဲ့လဲ ပြောယင် ရပါတယ်။ တပ် မ တော် ကျတော့လဲ စစ်သားတွေ စစ်ဗိုလ်တွေ လိုက်နာရမယ့်တာဝန်အနေနဲ့ ပြောယင်ရပါတယ်။ ဆရာ ဆရာမတွေကျတော့ ဆရာ၊ဆရာမတို့ လိုက်နာရမယ့် မင်္ လာတရားတွေ ဖြစ်တာပါပဲ၊ ကျောင်းသူ ကျောင်းသားတွေကျ တော့ ကျောင်းသူ ကျောင်းသားတွေ လိုက်နာရမယ့် ဝတ္တရား တွေဖြစ်တာပါပဲ၊ဒီလောက်ဆိုယင် တပည့်တော်တို့မင်္ဂလာအပါး ၃၀လောက် ပြီးသွားပါပြီ။ ဒီမင်္ဂလာ ၃၈ ပါးထဲက ၃၀ လောက်တော့ ခေတ်အမျိုးမျိုးက ကမ္ဘာကျော်ပညာရှိကြီးများ ဟောပြောထားတာ၊ ရေးသားထားတာ ရှိချင်ရှိမှာပေါ့။အဲဒီ ရှိသမျှ၊ ဟောခဲ့သမျှ၊ ရေးခဲ့သမျှ၊ ဝါဒရေး၊နိုင်ငံရေး၊ တိုင်း ပြည်ထူထောင်ရေးလုပ်ငန်းတွေမှာ တပည့်တော်တို့မင်္ဂလာတရား

အပါး ၃၀ ထက် ပိုပြီးတော့ကောင်းတဲ့ စီမံကိန်းမျိုး မရှိပါဘူး၊ ရှိယင်လဲဆွေးနွေးရန်အသင့်ပါပဲ။ ဒီမင်္ဂလာတရား ၃၀ဟာ တိုင်းပြည်တိုင်းက လိုက်နာရမယ့်၊ ခေါင်းဆောင်တိုင်းက လိုက်နာရမယ့် နောက်လိုက်တွေလဲ လိုက်နာရမယ့် တာဝန်အရ ဘာလိုသေးတယ်၊ ဘာထည့်ယင်ကောင်းမယ်လို့ ပြင်စရာရှိယင်ဆွေးနွေးနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးပြောတဲ့အတိုင်း မြတ်စွာဘုရား ဟောတဲ့တရားဟာ ဘယ်ခေတ်မှာပဲ ဖြစ်စေ ပြင်စရာ ထည့်စရာ မရှိပါဘူး၊ အမြဲဘမ်း ခေတ်ရှေ့က ပြေးနေတာပါ၊ တိုင်းပြည်တခု အနေနဲ့ မင်္ဂလာတိုင်းပြည်လဲ တည်ပြီးပြီ။ လူ့လောကကြီးလဲ ကြွယ်ဝချမ်းသာပြီ။ လူ့စည်းစိမ်တွေကိုလဲခံစားနိုင်ကြပြီ။

## လူဆိုတာ တောထွက်ရတယ်

လူဆိုတဲ့သတ္တဝါဟာ တော်တော်ဆန်းကြယ်တယ်၊ မရခင်တုန်းကတော့ သိပ်လိုချင်တာပဲ။ ရပြန်တော့လဲ ဟုတ်တယ် မထင်ကြဘူး၊ ဒီလိုကြီးကျယ်လှတဲ့ လူ့စည်းစိမ်ကြီးတွေ ခံစားရတာကြာလာတော့ လူတွေဟာ ငြီးငွေ့လာကြတယ်၊ ငြီးငွေ့လာတော့ လူ့စည်းစိမ်ဆိုတာ အလကားပဲ၊ ဘယ်လိုပဲ ချမ်းသာချမ်းသာ အားလုံး စွန့်ပစ်ပြီး သေရမှာပဲ၊ ဘယ်လိုပဲ တန်ခိုးကြီးကြီး အားလုံးစွန့်ပစ်ပြီ သေရမှာပဲ၊ အဲဒီတော့ တို့တတွေ အမျှားစု မိုက်သလို သေသည်ထိအောင် မိုက်လုံးထွားလို့မတော်ဘူး၊ မသေခင်က အားလုံး စွန့်ပစ်ပြီးတော့ တောထွက်မှပဲဆိုတဲ့ စိတ်ကူးမျိုးတွေ ပေါ်လာကြတယ်၊ ဒီလိုစိတ်ကူးမျိုးတွေကြောင့် လူ့လောကကြီးမှာ သဌေးစည်းစိမ် မင်းစည်းစိမ် စတဲ့ ကြီး

ကျယ်တဲ့ စည်းစိမ်တွေကို စွန့်ပြီး တောထွက်တဲ့အစဉ်အလာကြီး တခုဟာ ပေါ်လာတာပဲ၊ ဒီအစဉ်အလာဟာ သာသနာ့ပအခါ များမှာတော့ လူ့ဘောင်ကို စွန့်ခွာပြီး တောနက်ကြီးထဲမှာ သစ်သီး သစ်ဥ ရသမျှစားပြီး ရသေ့ရဟန်းလုပ်တဲ့ အကျင့်မျိုး ပါပဲ။ ဒီလိုတောထွက်ပြီး ရသေ့ ရဟန်းလုပ်တဲ့ အကျင့်မျိုးကို ကျင့်တဲ့ ရသေ့ကို ပါဠိလို "တပသ"လို့ခေါ်ခဲ့ကြတယ်။ ဒါ ကြောင့် "တပ"မင်္ဂလာဆိုတာ သာသနာ့ပ အခါများမှာလဲ ရနိုင်ပါတယ်။

ခုခေတ်မှာတော့ တပ မင်္ဂလာကို ဘယ်လိုအဓိပ္ပာယ်ဆိုတာ မသိကြတော့ဘူး။ရှေးဆရာကြီးတို့က တပေါစ-ခြိုးခြံစွာကျင့်ရ ခြင်းလို့ မြန်မာပြန်ခဲ့ကြတော့ အချို့က ချွေတာရေးအဓိပ္ပာယ် လို့ ထင်နေကြတယ်၊ ခြိုးခြံနှင့် ချွေတာရေးဟာ သိပ်ကွာပါ တယ်၊ ခြိုးခြံဆိုတာ လူ့စည်းစိမ် လောကီစည်းစိမ် အာရုံ ကာမ ဂုဏ်တရားတွေ စွန့်ပစ်ပြီး ရဟန်းတရား ကြိုးစားအားထုတ်ခြင်း ကို ခေါ်တာပဲ။ ရသေ့ ရဟန်း ကျင့်ဝတ်တွေကို စောင့်ထိန်းနေ တာကို ခြိုးခြံတယ်လို့ ဆိုတာပဲ၊ခြိုးခြံတယ်ဆိုတာက ရှေးစကား ပါ လူ့ဘောင် စွန့်လွှတ်၍ အားထုတ်တဲ့ အလုပ်မျိုး၊ ခဲခဲ ယဉ်းယဉ်းလုပ်ရတဲ့ အလုပ်မျိုးကို ပြုလုပ်ခြင်းကို ဆိုတာပဲ။

သင်္ချာပါရဂူတွေလဲ တွက်တတ်ဖို့မလွယ်ပါဘူး

သာသနာ့ပ တပအကျင့်မျိုး တွေကျတော့ စုံနေတာပဲ၊ ရေချိုး မီးလှုံတဲ့ အကျင့်မျိုးတွေ၊ သစ်သီး သစ်ဖုသာ စားတဲ့ အကျင့်မျိုးတွေ များလှပါတယ်၊ ဒီနေရာမှာ ဒီသာသနာ့ပ

အကျင့်မျိုးတွေ ပြောပြနေလို့ ကုန်မှာမဟုတ်ဘူး၊ လိုရင်းက တော့ ကိလေသာ ကုန်အောင် ကျင့်ကြတာပါပဲ၊ ဒီလောက်ဒုက္ခ ခံပြီး ကျင့်ကြပေမယ့် ကိလေသာတွေ မကုန်ပဲ တဝဲလည်လည် ဖြစ်နေကြရတယ်၊ ဘာပြုလို့လဲဆိုတော့ ကျင့်ပုံကျင့်နည်း မမှန် လို့ပဲ၊ မြတ်စွာဘုရားပွင့်လာတော့ ဒီအကျင့်မျိုးတွေဟာ နိဗ္ဗာန် မရောက်နိုင်ဘူးတဲ့၊ ဒါပေမယ့် သာသနာပအခါမှာ ဒီလိုအကျင့် မျိုးတွေကိုလဲ မင်္ဂလာလို့ ခေါ်နိုင်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဒီအကျင့်မျိုးဒီအလုပ်မျိုးတွေဟာ ဘုရားမပွင့်တဲ့အချိန် များမှာတော့ သူ့အတိုင်းအတာနဲ့သူ ကြီးပွားချမ်းသာရေး အလုပ်တွေဖြစ်လို့ပဲ။

ဥပမာအားဖြင့် လူတယောက်ဟာ ပစ္စည်း ဥစ္စာ ရတနာတွေ သုံးမကုန် လှူမကုန်အောင် ပေါများတယ်ဆိုကြပါစို့၊ ဒီလူဟာ ဒီပစ္စည်း ဒီဥစ္စာတွေကို မပျောက်ပျက်အောင် စောင့်ရှောက်ရတဲ့ ဒုက္ခ၊ ရန်သူမျိုးငါးပါးဘေးမှ ထိတ်လန့်ရတဲ့သောက၊ ဒီပစ္စည်း ဥစ္စာကို တိုးတက်သည့်ထက် တိုးတက်အောင် ကြံဖန်ရတဲ့ဒုက္ခ သားဒုက္ခ၊ သမီးဒုက္ခ၊ မယားဒုက္ခ၊ ဆွေမျိုးဒုက္ခ၊ မိတ်ဆွေဒုက္ခ၊ သာရေး နာရေး ဒုက္ခ စသည်ဖြင့် ဒုက္ခတွေ ဝိုင်းစိုင်းလည်နေ တာပဲ၊ ပစ္စည်း ဥစ္စာတွေများလေ ဒုက္ခတွေများလေ ဖြစ်တာပဲ၊ ဒီလိုချမ်းသာတဲ့ ဘဝမျိုးကို ဒုက္ခပါပဲလို့ တွက်တတ်ဖို့ဟာ သင်္ချာပါရဂူဘွဲ့ကြီးတွေ ရပေမယ့် တွက်တတ်ဖို့ မလွယ်ပါဘူး၊ ဒီလို ဒုက္ခကို ဒုက္ခပါပဲလို့ တွက်တတ်ပေမယ့် ဒီလောက်ကြီးကျယ် တဲ့ ပစ္စည်း ဥစ္စာတွေကို စွန့်ပစ်ဖို့ကတော့ သာ၍ ခက်ခဲတာပေါ့၊

ဒါ့ကြောင့် သာသနာ့ပအခါမှာ တောထွက်တဲ့ အကျင့်မျိုးတွေ ကိုလဲ တပ မင်္ဂလာလို့ပဲ ဆိုရပါတယ်။

လက်ဝဲစွန်းလက်ယာစွန်းလွတ်တဲ့ တပမင်္ဂလာ

တချို့ကတော့ ဒီလို အရှိကို အရှိအတိုင်း မတွေးတတ်ဘူး၊ သာသနာ့ပ အခါမှာ ကျင့်တဲ့ အကျင့်တွေဟာ အတ္တကိလမထ အကျင့်တွေပဲ၊ ဒီအလုပ်မျိုးတွေဟာ မိစ္ဆာဒိဋ္ဌိ အလုပ်တွေပဲ၊ ဒါတွေ မလုပ်ကောင်းတဲ့ အလုပ်တွေပဲ၊ ဘာပဲ၊ ညာပဲနဲ့ အမင်္ဂလာဖြစ်အောင် ပြောတတ်ကြတယ်၊ အမှန်က ဒီလို မပြော ကောင်းပါဘူး၊ ပြောရမှာက သာသနာ့ပအခါမှာ တပ-မင်္ဂလာ ဆိုတာ ဘယ်လိုအလုပ်မျိုးတွေ၊ သာသနာ့တွင်းအခါမှာ တပ-မင်္ဂလာဆိုတာ ဘယ်လို အလုပ်မျိုးတွေလို့ ဒီလို ခွဲခြားပြောမှ မင်္ဂလာတရားဟာ ဘယ်ခေတ် ဘယ်အခါ ဘယ်တိုင်းပြည်နဲ့မှ မဆန့်ကျင်ဘူးဆိုတာ ပေါ်လာမှာပါ၊ ဒီတော့ သာသနာ့ပအခါ မှာ တပ-မင်္ဂလာ အလုပ်မျိုးတွေတော့ သိရပြီ။

သာသနာ့တွင်းအခါ တပ-မင်္ဂလာဆိုတာ ဘယ်လိုအလုပ်မျိုး တွေလဲဟု ဆန်းစစ်စရာ လိုလာပါတယ်၊ သာသနာ့တွင်းအခါမှာ တော့ အားလုံး ခြုံမိအောင်ပြောရလျှင် ဘုရားသာသနာ့တွင်းသို့ ဝင်ပြီး ရဟန်းတရား အားထုတ်တာဟာ တပ-မင်္ဂလာပါပဲ၊ တကယ်တော့ သာသနာ့ပနှင့် သာသနာ့တွင်း ရဟန်းပြုတာချင်း အတူတူပါပဲ၊ တောထွက်တာချင်း အတူတူပါပဲ၊ ဒါပေမယ့် ကျင့်ဝတ်တရားအားထုတ်မှုခြင်း ကွာခြားခြင်းပါပဲ၊ သာသနာ့ပ ကျင့်ဝတ်တရားတွေဟာ လက်ဝဲစွန်း ရောက်ယင် ရောက်မယ်၊

သို့မဟုတ် လက်ယာစွန်းရောက်ယင် ရောက်မယ်၊ သာသနာတွင်းကျင့်ဝတ် လမ်းစဉ်ကတော့ လက်ဝဲစွန်း လက်ယာစွန်း လွတ်တဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်လုပ်ငန်းစဉ်များသာဖြစ်ပါတယ်၊ဒီလောက်ဆိုယင် တပ-မင်္ဂလာဆိုတာ သာသနာပ အခါမှာ တောထွက်ပြီး ရသေ့ ရဟန်းများ စောင့်ထိန်းရတဲ့ သီလ စောင့်ထိန်းမှုမျိုး ဖြစ်တယ်၊ သာသနာတွင်း အခါမှာ ရဟန်းဘောင် ဝင်၍ ရဟန်းတော်များ စောင့်ထိန်းရတဲ့ သီလစောင့်ထိန်းမှုမျိုး ဖြစ်တယ်ဆိုတာ ရှင်းလောက်ပါပြီ။

## စိတ်တန်ခိုးကြီးအောင် ဘယ်မင်္ဂလာလုပ်ရမလဲ

တပမင်္ဂလာပြီးတော့ 'ဗြဟ္မစရိယ' မင်္ဂလာကိုဆက်ပြီးစဉ်းစားရမယ်၊ ဗြဟ္မစရိယမင်္ဂလာဟာလဲ သာသနာပ ဗြဟ္မစရိယမင်္ဂလာ၊ သာသနာတွင်း ဗြဟ္မစရိယမင်္ဂလာလို့ နှစ်မျိုးခွဲနိုင်ပါတယ်၊ သာသနာပအခါမှာလဲ ဗြဟ္မစိုရ်တရားဆိုတာ ရှိတာပါပဲ၊ ဗြဟ္မစိုရ်တရားတွေတွင် မကပါဘူး၊ သမထလုပ်ငန်းတွေလဲ မျိုးစုံအောင် ရှိခဲ့ပါတယ်၊ စျာန်တွေ့ အဘိညာဏ်တွေရတဲ့ ပုဂ္ဂိုလ်တွေလဲရှိခဲ့ပါတယ်၊ ဒါကြောင့် သာသနာပအခါ ဗြဟ္မစရိယမင်္ဂလာဆိုတာ အားလုံးခြုံမိအောင် ပြောရယင် စိတ်တန်ခိုးကြီးအောင် လုပ်တဲ့ သမထလုပ်ငန်း အားလုံးဟာ ဗြဟ္မစရိယမင်္ဂလာပါပဲ။

ဒီနေရာမှာ ပြဿနာတော့ ရှိတာပဲ၊ တချို့ထင်နေတာက မေထုန်အမှု ရှောင်ကြဉ်ကြတာမျိုး ကိုသာ ဗြဟ္မစရိယလို့ ထင်နေကြတယ်၊ မင်္ဂလာတရား စပြီးပြောခဲ့တဲ့ ပြောစဉ်ကို ပြန်စဉ်းစားကြည့်မယ်ဆိုယင် မင်္ဂလာ တခုနှင့်တခု မထပ်ရအောင်

ပြုလုပ်ခဲ့ပါတယ်။ တပ-မင်္ဂလာအလုပ် ပြောစဉ်တုန်းက တပ မင်္ဂလာဆိုတာ လူမှုရေးရာအလုပ်တွေ အားလုံးစွန့်တဲ့အလုပ်မျိုး၊ ရသေ့ ရဟန်းလုပ်တဲ့ အလုပ်မျိုးလို့ ပြောခဲ့ပါတယ်၊ ဒီတော့ မေထုန်အမှုရှောင်ကြဉ်မှုမျိုးဟာ တပမင်္ဂလာထဲ အလိုလိုပါသွားပါတယ်၊ ဒါကြောင့် ဗြဟ္မစရိယမင်္ဂလာဆိုတာ ဒီနေရာမှာ သမထအလုပ်လုပ်တဲ့ အလုပ်မျိုးကိုသာ ယူရပါတယ်။

## ဘယ်လိုပုဂ္ဂိုလ်မျိုးမှ သစ္စာတရား နာယူနိုင်သလဲ

သာသနာတွင်း ဗြဟ္မစရိယမင်္ဂလာဆိုတာလဲ စိတ်တန်ခိုးကြီးအောင် သမာဓိရအောင် အားထုတ်တဲ့ သမထလုပ်ငန်းမျိုးပါပဲ၊ ဒါပေမယ့် သာသနာပ တရားအားထုတ်မှုမျိုးနှင့်တော့ ကွာပါတယ်၊ ဘယ်လို ကွာသလဲဆိုတော့ သာသနာတွင်းမှာ အလွန်ပင်ပန်းတဲ့ လက်ဝဲစွန်းရောက်တဲ့ သမထအလုပ်မျိုး၊ ပေါ့ပေါ့စား ပေါ့ပေါ့နေ ဇိမ်ကျလှတဲ့ သမထအလုပ်မျိုးတွေ မရှိဘူး၊ နည်းမှန် လမ်းမှန် သမထအလုပ်မျိုးတွေသာ ရှိပါတယ်၊ သာသနာတွင်းမှာ တရားအားထုတ်ကြတာကလဲ သမထအတွက်ကလိုရင်းမဟုတ်ပါဘူး၊ ဝိပဿနာလုပ်ငန်းကသာ ပဓာနဖြစ်ပါတယ်၊ ဒါကြောင့် အခုလို သာသနာတွင်းမှာ ဗြဟ္မစရိယမင်္ဂလာအဓိပ္ပာယ် ပြန်ဆိုချက်များဟာ တော်တော့ကို ခက်ပါတယ်။ ၃၈-ဖြာ မင်္ဂလာဆိုတာ တပါးနှင့် တပါး မထပ်ရပါဘူး၊ ဗြဟ္မစရိယ အသုံးအနှုန်းတွေက များလှပါတယ်။

ဒီတော့ ရှေ့နောက် နှိုင်းဆပြီး တခုနှင့်တခု မထပ်ရအောင် စဉ်းစားနိုင်မှ တော်ကာကျပါတယ်။ သာသနာပရော၊ သာသနာ

တွင်းရော အားလုံးခြုံမိအောင် ပြောရယင် (၁) တပမင်္ဂလ ဆိုတာ သီလစင်ကြယ်ရေး (သီလဝိသုဒ္ဓိ) အဆင့် ဖြစ်တယ်။ (၂) ဗြဟ္မစရိယ မင်္ဂလာ ဆိုတာကတော့ စိတ်စင်ကြယ်ရေး (စိတ္တဝိသုဒ္ဓိ) အဆင့်ဖြစ်တယ်။ ဒီအဆင့် နှစ်ဆင့်ဟာလဲ လောကီမှာပဲရှိပါသေးတယ်။ ဒါပေမယ့် ကာမဂုဏ်တရားတွေရဲ့ အနှောင်အဖွဲ့မှ လွတ်အောင် ရုန်းထွက်တဲ့ လုပ်ငန်းစဉ်များလို့တော့ ခေါ်နိုင်ပါတယ်။ ဒီအဆင့်ထိအောင် သဘောပေါက်တဲ့ သူတို့သာ မင်္ဂဖိုလ်တရားကို ပြောလို့ ရိပ်မိနိုင်ပါတယ်။

ဒါကြောင့် မင်္ဂလာတရားရဲ့ အစီအစဉ်ဟာ စဉ်းစားလေ အံ့သြစရာကောင်းလေပါပဲ။ ဒါနဥ္စ စသော မင်္ဂလာတို့ဖြင့် ဒါနကထာ ပါခဲ့ပြီ။ အာရတိ ဝိရတိ ပါပါ စသော မင်္ဂလာတို့ဖြင့် သီလကထာ ပါခဲ့ပြီ။ တပေါ စသော မင်္ဂလာတို့ဖြင့် ကာမာနံ အာဒီနဝကထာပါခဲ့ပြီ၊ ဒီလို ကာမဂုဏ်စည်းစိမ်တွေကို ရှုံရှာမုန်းတီးနေကြတဲ့၊ လောကကြီးကို ငြီးငွေ့နေကြတဲ့၊လွတ်မြောက်ရေးတရားကို ရှာနေကြတဲ့ အဆင့်သို့ ရောက်လာသူတို့ကိုသာ သစ္စာလေးပါးတရား ပြောဟောရန် အစီအစဉ်ကို မူချထားပုံမှာ အံ့သြစရာပါပဲ။

## အမှန်တရားကို ဘာကြောင့်ရှာမတွေ့နိုင်ကြသလဲ

တပမင်္ဂလာအရ သီလစင်ကြယ်ပါပြီ။ ဗြဟ္မစရိယမင်္ဂလာအရ စိတ်လဲစင်ကြယ်လာပြီ။ဒီအခါမှာ သစ္စာတရားကိုဟောရမယ်တဲ့၊ သစ္စာတရားဆိုတာ အင်မတန် ကျယ်ဝန်းပါတယ်၊ အင်မတန် နက်နဲပါတယ်၊ ဟောလို့ ပြောလို့ကုန်နိုင်တဲ့ တရားမျိုးမဟုတ်ပါ

ဘူး။ ဒါပေမယ့် ဒီနေရာ၊ ဒီမင်္ဂလာမှာ သစ္စာတရားကို ဟောရမှာဖြစ်တော့ မပြောလို့ မဖြစ်ပါဘူး၊ ချန်ထားလို့လဲ မကောင်းပါဘူး။ ဟောရ ပြောရမှာဖြစ်တော့ သစ္စာတရားကို လေးလေးနက်နက် စဉ်းစားဖို့ လိုလာပါတယ်။

သာသနာပ အခါများမှာ လူတွေဟာ ရှိသမျှ စည်းစိမ်တွေ စွန့်ပြီး တောထွက်ကြတယ်။ သီလစင်ကြယ်ရေး အလုပ်တွေ အစွမ်းကုန်လုပ်ကြတယ်။ စိတ်စင်ကြယ်ရေး သမထအလုပ်တွေလဲ အစွမ်းကုန်လုပ်ကြတယ်။ ဒါပေမယ့် သစ္စာတရားကို နားမလည်ကြဘူး။ ဒါဘာကြောင့်လဲ၊ ဒါကို စူးစူးစိုက်စိုက်စဉ်းစားရမယ်၊ ဒီလိုစဉ်းစားတော့ ဘယ်လိုပေါ်လာသလဲ၊ ဒီလူတွေ မျက်စိလည်နေတာ ပေါ်လာတယ်။ ဒီလူတွေဟာ လူ့စည်းစိမ်တွေကို ဒုက္ခပါပဲလို့ မြင်ကြတယ်၊ ဒါတွေကိုစွန့်ပစ်ပြီး သူတို့ ဒုက္ခလွတ်ရာသို့ ရောက်ချင်ကြတယ်၊ လူ့လောကကြီးနှင့် သူတို့ကိုခွဲခြားပြီး မြင်နေကြတယ်။ လောကကြီးကတခြား၊ သူတို့ကတခြား၊ ဒီလိုမြင်နေကြတယ်၊ တိုတိုကတော့ သူတို့ဟာ ဒုက္ခအစစ်အမှန်ကို ရှာမတွေ့ကြဘူး။ ဒုက္ခအစစ်အမှန်ကို ရှာဖွေမတွေ့တော့ ဒုက္ခဖြစ်ရတဲ့အကြောင်းရင်း အစစ်အမှန်ကို ဘယ်ရှာတွေ့နိုင်မှာလဲ။ ဒီလူတွေဟာ မျက်စိလည် မပျောက်တဲ့အပြင် အချို့က ဒီရုပ်ကြီးရှိလို့သာ ဒုက္ခဖြစ်ရတယ်။ ဒီရုပ်ကြီးရှိလို့သာ အိုရ,နာရ,သေရ, ကျွေး,မွေးရ စတဲ့ ဒုက္ခမျိုးစုံဖြစ်ရတယ်။ ရုပ်သာမရှိယင် ဘယ်ဒုက္ခမှ ရှိစရာမလိုဘူး၊ ဒီလိုမြင်လာကြပြန်တယ်။ အချို့ကတော့ ရုပ်ဟာ ဘာမှမသိတတ်ဘူး၊ နာမ်တရားမရှိပဲ ဘာမှမသိတတ်တဲ့

ရုပ်ကြီးသာဆိုယင် မြဲနေမှာပဲ။ ဘာဒုက္ခမှရှိစရာမလိုဘူး။ ဒီလို မြင်လာကြပြန်တယ်။

## ငါနှင့်ဒုက္ခ ကွဲအောင် လုပ်ပါ

ဒီလူတွေ ဘာပြုလို့ ဒီလို အစွန်းတဘက် ရောက်နေကြတာလဲ၊ သေသေချာချာ တွေးယင် ဒီလူတွေမှာငါရှိနေတယ်၊ ငါချမ်းသာရေး၊ ငါဒုက္ခမှ လွတ်ရေးဆိုတဲ့ ဘက်ကို မဲတင်းပြီး လိုက်နေကြတယ်၊ ဒီလိုသာ ငါနှင့်သာ ဒုက္ခကိုရှာလို့တော့ ဘယ်တော့မှ ဒုက္ခကိုရှာတွေ့မှာမဟုတ်ဘူး၊ ဒီတော့ ဘယ်လိုလုပ်ရမတုံး၊ ငါနှင့် ခန္ဓာကွဲအောင် လုပ်ရမယ်၊ ငါဆိုတာက ပညတ်တရား တကယ်ရှိတာ မဟုတ်ဘူး၊ခန္ဓာပေါ်မှာ သက်သက်စွဲလမ်းနေတာပါ၊ဒီလို ငါနှင့်ခန္ဓာ ကွဲလာယင် ငါ အိုစရာမရှိဘူး၊ ခန္ဓာကသာ အိုတာ၊ ငါနာစရာ ငါသေစရာလဲမရှိဘူး၊ ခန္ဓာကသာ နာတာ သေတာပါ၊ ဒီလိုမြင်လာတော့ ခန္ဓာသာဖြစ်ပြီး ခန္ဓာသာ ပျက်နေတာပါကလား၊ ငါဝင်ရှုပ်နေသည့်အတွက် စွဲလမ်းချက်ကြောင့် ခန္ဓာတွေ ထပ်ခါထပ်ခါ ဖြစ်ပျက်နေရပါတကား၊ ခန္ဓာပေါ်မှာ ငါ စွဲလမ်းမှုမရှိက ဒီခန္ဓာကြီးဟာ အလိုလို ငြိမ်းသွားမှာပါတကားလို့အလင်းရောင်တွေပေါ်လာမယ်၊မျက်စိလည်နေတာလဲ ပျောက်သွားမယ်၊ ဒီလိုအမြင်မျိုးကို သစ္စာဉာဏ်လို့ ခေါ်ကြတာပဲ။

(၁) ဒီခန္ဓာကြီးက ဒုက္ခသစ္စာ၊
(၂) ဒီခန္ဓာကြီးကိုငါလို့ စွဲလမ်းချက်က သမုဒယသစ္စာ၊

(၃) ဒီခန္ဓာကြီးပေါ်မှာ ငါလို့ စွဲလမ်းချက်မရှိက ဒီခန္ဓာကြီး အေးငြိမ်းသွားမှာပဲလို့ မြင်တာက မဂ္ဂသစ္စာ၊

(၄) ဒီခန္ဓာကြီး အသစ်တဖန်မဖြစ်တော့ပဲ အေးငြိမ်းမှုက နိရောဓသစ္စာလို့ ဒီလိုသစ္စာလေးပါးဟာ တပြိုင်နက် ဉာဏ်မှာ ပေါ်လာတော့တာပါပဲ။

## အသက်ရှိလျက် ဘဝကူးပုံ

ဒီလူဟာ ဘယ်လိုဖြစ်သွားသလဲ၊ ဘဝပြောင်းသွားတာပဲ။ ဥပမာ ရှုးနေတဲ့ဘဝက အရှုးပျောက်သွားသလိုပါပဲ။ စာပေသမားတွေ အပြောကတော့ ပုထုဇဉ်ဘဝက အရိယာဘဝ ကူးသွားတယ်၊ ပြောင်းသွားတယ်။ ဒီလိုပြောကြတာပဲ။ ဘာပဲပြောပြော ဒီတဘဝတည်းမှာ ဒီလိုဘဝပြောင်းနည်းမျိုးကတော့ ထူးဆန်းတာမှ ဥပမာရှာမရအောင် ထူးဆန်းတာတော့ အမှန်ပါပဲ။ ယောကျ်ားဘဝက မိန်းမဘဝ ပြောင်းသွားတာမျိုးနှင့်လဲ မနှိုင်းယှဉ်သင့်ပါဘူး။ ဘာဖြစ်လို့လဲ ယောကျ်ားကမိန်းမ၊ မိန်းမက ယောကျ်ား ပြောင်းနည်းမျိုးက သံသရာ လည်ဦးမှာကိုး။ ဒါကြောင့် အရိယသစ္စာန ဒဿနမင်္ဂလာဆိုဘာ ၃၈ ပါးသော မင်္ဂလာတို့တွင် အံ့ဩစရာအကောင်းဆုံးမင်္ဂလာတခုပါပဲ၊ ဘုရားသာသနာနဲ့ တွေ့နေရပေမယ့် ဒီမင်္ဂလာရဖို့ရန် မလွယ်လှပါဘူး။ ရတဲ့လူများဟာ ဘယ်လောက် မင်္ဂလာကျက်သရေရှိမယ်၊ ဘယ်လောက် ချမ်းသာနေမယ်ဆိုတာ တွေးလို့သာကြည့်ကြပါတော့။

**သောကကင်းဝေး နေနိုင်ရေး**

ဒီမင်္ဂလာကတော့ နောက်ဆုံး မင်္ဂလာပဲ ဆိုကြပါစို့။ နောက်ဆုံးဖြစ်တဲ့အတိုင်း ပြောရ ဟောရလဲ အခက်ဆုံးမင်္ဂလာပါပဲ။ ဘာပြုလို့လဲဆိုတော့ နိဗ္ဗာန်ဆိုတဲ့ စကားလုံးဟာ ဘာသာရေးမှာ အထွတ်အထိပ် စကားလုံးတခုပဲ။ နိဗ္ဗာန်နဲ့ အတွေးအခေါ်ဟာ ဘုရားဟောပိဋကတ်တွေထဲမှာ ရှိနေပေမယ့် အမျိုးမျိုး တွေးခေါ်နေကြတာပဲ၊ ဒါပေမယ့် ဒီနိဗ္ဗာနသစ္ဆိကိရိယာမှာပါတဲ့နိဗ္ဗာန်ကတော့ အများပြောနေကြတဲ့နိဗ္ဗာန်မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အများပြောနေကြတဲ့ နိဗ္ဗာန်က အရိယသစ္စာနဒဿန မင်္ဂလာတုန်းက တွေ့ပြီးသား၊ မြင်ပြီးသား မျက်မှောက်ပြုပြီးသားနိဗ္ဗာန်ဖြစ်ပါတယ်၊ ဒါကြောင့် ဒီနိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာဆိုတာ လွယ်လွယ်ကတော့ ဒီဘဝမှာ ရဟန္တာဖြစ်ရတာ မင်္ဂလာအရှိဆုံးပဲ'ဟု ဆိုလိုတာပါပဲ။

ဆိုလိုတာက အရိယသစ္စာနဒဿနမင်္ဂလာအရ သစ္စာမြင်သူတွေဟာ အများဆုံးခုနစ်ဘဝ သံသရာ လည်ရဦးမယ်၊ နိဗ္ဗာန-သစ္ဆိကိရိယာ မင်္ဂလာ အရ ဒီဘဝမှာ ရဟန္တာ ဖြစ်ယင်တော့ ဒီဘဝဟာ နောက်ဆုံးဘဝပဲ၊သံသရာမလည်ရတော့ဘူး၊အေးပြီ၊ ကျွတ်ပြီ၊လွတ်ပြီတဲ့။ အမှန်ကတော့ ဒီနိဗ္ဗာန သစ္ဆိကိရိယာမင်္ဂလာဟာ လူ့ဘဝလုပ်ရမယ့် လုပ်ငန်းစဉ်တွေမှာ နောက်ဆုံး လုပ်ရမယ့် မင်္ဂလာကြီးပါပဲ။

ဒီမင်္ဂလာပြီးတော့ ၁-နကမ္ပတိ၊ ၂-အသောကံ၊ ၃-ဝိရဇံ၊ ၄-ခေမံ၊ ဒီမင်္ဂလာလေးပါးကတော့လုပ်ရမယ့်မင်္ဂလာတွေမဟုတ်

ပါဘူး၊ရဟန္တာဖြစ်ပြီးတော့ ရိုးရိုးလူတွေနဲ့ဘယ်လိုများထူးခြားသလဲဆိုတော့ ရဟန္တာ ပုဂ္ဂိုလ်တွေဟာ (၁) ဘယ်လောက်ဆန်းကြယ်တဲ့ လောကဓံနဲ့ တွေ့ပေမယ့် မတုန်မလှုပ်တော့ဘူး၊ (၂) ဘယ်လို ဝတ္ထုမျိုး အရာမျိုးကိုမှ စိုးရိမ်ကြောင့်ကြမှု မရှိတော့ဘူး၊ (၃) ဘယ်လိုဝတ္ထု ဘယ်လိုအရာမျိုးကိုမှမက်မောတွယ်တာမှုမရှိတော့ဘူး၊ (၄) ဘေးအ မျိုး မျိုးတို့မှ လွတ်တဲ့နေရာသို့ရောက်နေပါပြီ၊ အေးငြိမ်းတဲ့နေရာသို့ ရောက်နေပါပြီလို့ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ ဂုဏ်ကျေးဇူးတွေကို ဖော်ပြတဲ့ မင်္ဂလာများဖြစ်ပါတယ်။ ဒါကြောင့် ဒီမင်္ဂလာတရား လေးပါးကို အကျယ်ရှင်းပြစရာမလိုတော့ပါဘူး။ အချိန်ကလဲ စေ့သွားပါပြီ။ ဒီနေ့တော့ ဒီလောက်နဲ့ပဲ မင်္ဂလာဟောပြောပွဲ နိဂုံးချုပ်ကြပါစို့။

# မင်္ဂလာမေတ္တာပို့ဆုတောင်း

၁။ သဗ္ဗေ သတ္တာ ဗာလာနံ အသေဝနာ ဟောန္တု။
သဗ္ဗေ သတ္တာ ပဏ္ဍိတာနံ သေဝနာ ဟောန္တု။
သဗ္ဗေ သတ္တာ ပူဇနေယျာနံ ပူဇာ ဟောန္တု။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဗာလာနံ၊ အသက်တခု ကိုယ်တမူကြောင့် ဗဟုသတ္တဝါ မချမ်းသာအောင် ယုတ်မာကောက်ကျစ်၊ လူညစ်လူစုတ်၊ လူယုတ်လူဆိုး လူမိုက်မျိုးတို့ကို။ အသေဝနာ၊ မတွေ့မကြုံ မပေါင်းဆုံကြရကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ပဏ္ဍိတာနံ၊ ဝရဇိန်မိုးကြိုး ထိပ်ထက်မိုးလည်း ရွှံစိုးကင်းကွာ များသတ္တဝါ၏ ချမ်းသာ စေကြောင်း နည်းလမ်းကောင်း၌ အလောင်းတို့ထုံး သက်စွန့်ကြုံး၍ တုန္ဒန်းကင်းအောင် ဉာဏ်ရည်ရောင်ဖြင့် ကယ်ဆောင်နိုင်ဘိ လူပညာရှိတို့ကို။ သေဝနာ၊ တွေ့ရကြုံရ ပေါင်းဆုံကြရကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ပူဇနေယျာနံ၊ ဂုဏ, ဝယ ကြီးမားလှ၍ ပသ ကော်ရော် ပူဇော်ထိုက်သောသူတို့ကို။ ပူဇာ၊ ပစ္စယ, ဓမ္မ, နှစ်ဌာနဖြင့် ပသ ကော်ရော် ပူဇော်နိုင် ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၂။ သဗ္ဗေ သတ္တာ ပဋိရူပဒေသဝါသာ ဟောန္တု။
သဗ္ဗေ သတ္တာ ပုဗ္ဗေ စ ကတပုညတာ ဟောန္တု။
သဗ္ဗေ သတ္တာ အတ္တသမ္မာပဏိဓိကာ ဟောန္တု။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ ပဋိရူပဒေသဝါသာ၊ ငတ်မွတ်မည့်ရေး လက်နက်ဘေးနှင့် ရုပ်ထွေးရောဂါ ကပ်သုံးဖြာလည်း ကင်းကွာလွတ်ငြိမ်း လူခပ်သိမ်းလည်း မတိမ်းသီလ ဒါနမကွာ ပြုနိုင်ရှာသည့် မြို့ရွာတိုင်းပြည် ရပ်ဌာနီ၌ သာကြည်အေးမြ နေနိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ပုဗ္ဗေစ ကတပုညတာ၊ ပါရမီပြုခြင်းမရှိလျှင်ပဲ မှာရ်မင်းကြီးပင် ရွှေပလ္လင်ကို လိုချင်အားကြိုး လက်ရုံးကိုး၍ စစ်ထိုးလုကာ မရစွာဟု သမ္မာဒိဋ္ဌိ ဉာဏ်မျက်စိဖြင့်၊ မြင်သိပိုင်ပိုင် ဆုံးဖြတ်နိုင်၍ မြဲခိုင်သော ဗုဒ္ဓဝါဒ ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အတ္တသမ္မာပဏိဓိကာ၊ ယောကျ်ားတံခွန် လူ့ရည်ချွန်က မိုးစွန်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲသမ်းဟု ကြိုးပမ်းတပ်မက် မင်းဇနက်သို့ မပျက်ခိုင်ခိုင် ဆောက်တည်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၃။ သဗ္ဗေ သတ္တာ ဗာဟုသစ္စာ ဟောန္တု၊
သဗ္ဗေ သတ္တာ သိပ္ပသမ္ပန္နာ ဟောန္တု။
သဗ္ဗေ သတ္တာ ဝိနယေ သုသိက္ခိတာ ဟောန္တု။
သဗ္ဗေ သတ္တာ သုဘာသိတဝါစာ ဟောန္တု။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ ဗာဟုသစ္စာနိ၊ ကောင်းကျိုးချမ်းသာ မင်္ဂလာဖြစ်ကြောင်း အချိန် ကောင်းကို တိမ်းစောင်းမသွေ သိနိုင်ပေငြား အမြင်အကြားနှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သိပ္ပသမ္ပန္နာ၊ ဘေးမျိုးဖုံဖုံ ရင်ဆိုင်ကြုံလည်း မဖြုံမရွန်းငါဟုကြုံး၍ ချေမှုန်းဖျက်ချိုး အောင်လံထိုးသည့် အမျိုးမျိုးသော အတတ်ပညာတို့နှင့် ပြည့်စုံကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဝိနယေ၊ လောကဓမ္မ နှစ်ဌာန၌ ကြည့်ကသေချာ ဂုဏ်တေဇာနှင့် ရောင်ဝါတန်ခိုး စွန့်စွန့်ဖြိုးအောင် လက်ညှိုးညွှန်ပြ နည်းဥပဒေသ၌။ သုသိက္ခိတာ၊ မကျန်မကြွင်း အကုန်ရှင်းအောင် လင်းလင်း ပေါက်ပေါက် သင်ကြား တတ်မြောက်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သုဘာသိတ ဝါစာ၊ မမှန် မဟုတ် ကြမ်းကြမ်းကြုတ်နှင့် ပေါ့ယုတ်ပေါ့ဖျင်း သွေးသားရင်းလည်း ချင်းချင်း သတ်အောင် လှည့်ပတ်ခြေထိုး ဝစီဒုစရိုက်မျိုးတို့မှ ကြိုးစား ရှောင်နိုင်ကြ၍ သစ္စာမဏ္ဍိုင် ခိုင်ကြီးခိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၄။ သဗ္ဗေ သတ္တာ မာတာပိတု ဥပဋ္ဌာနာ ဟောန္တု။
သဗ္ဗေ သတ္တာ ပုတ္တဒါရသင်္ဂဟာ ဟောန္တု။
သဗ္ဗေ သတ္တာ အနာကုလကမ္မန္တာ ဟောန္တု။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ မာတာပိတု ဥပဋ္ဌာနာ၊ ဘကိုလက်ယာ မိကိုလက်ဝဲ အမြဲဆောင်ရွက် ပခုံးထက်တွင် တင်လျက်လုပ်ကျွေး ပြုစုမွေးမြူနိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ပုတ္တဒါရသင်္ဂဟာ၊ သားနှင့်သမီး ချစ်ဇနီးကို ပစ္စည်းအသွယ်သွယ် ချစ်စဖွယ် အဖြာဖြာ လိမ္မာစရာ အဝဝကို သွန်သင်ပြသချီးမြှင့်ထောက်ပံ့ နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အနာကုလကမ္မန္တာ၊ သမ္မဒါလေးလီ တရားဆီကို အညီဖြည့်စွမ်း ဘဏ္ဍာလမ်း၌ ပြည့်လျှမ်းဖြိုးမောက် ရောင်စုံတောက်သည့်စိန် ကျောက် ရွှေ ငွေ ရတနာတွေလဲ ကုဋေကုဋာ မရေသာ၍ လွန်စွာစုပုံ သုံးမကုန်ပဲ တိုင်းဘုံကျော်ဟည်း သဌေးကြီးဟုဘွဲ့ချီးနိုင်အောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၅။ သဗ္ဗေ သတ္တာ ဒါနပ္ပတိကာ ဟောန္တု။
သဗ္ဗေ သတ္တာ ဓမ္မာစရိယာ ဟောန္တု။
သဗ္ဗေ သတ္တာ ဉာတက သင်္ဂဟာ ဟောန္တု။
သဗ္ဗေ သတ္တာ အနဝဇ္ဇကမ္မာ ဟောန္တု။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ ဒါနပ္ပတိကာ၊ လောဘလူမျိုးကမ္ဘာစိုးက၊ ပျက်ရိုးကေန်ဉာဏ်မြင်မှန်၍ ဖန်ဖန်တွေးဆ လိုတိုင်းရသည့် ဒါနပါရမီကျင့်သိဂ်ိကိုညီညီလက်လှမ်း ပေးကမ်းနိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဓမ္မစရိယာ၊ ပြဟ္မစိုရ်လေးဖြာ ကွယ်သောခါလျှင် ဇာ မ္ဘာ အနိုန်းအနုန်း မီးဟုန်းဟုန်းသို ပျက်ပြုန်းတော့မည် စိတ်ကရည်၍ ယုံကြည်အားကိုး တရားမိုးကို သွန်ဖြိုးရွာချ ကျင့်နိုင်ကြကုန် သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဉာတက သင်္ဂဟာ၊ မိဘက် ဘဘက် သွေးနှင့်ဆက်၍ မပျက် စဉ်လာ မျိုးဂုဏ်ဝါကို သဒ္ဓါအရင်း ပေးကမ်းခြင်းနှင့် ထန်ပြင်း ဘယ ကျရောက်ကလည်း မ, စ, စောင့်ရှောက် ချီးမြှင့်ထောက်ပံ့ နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

အနဝဇ္ဇကမ္မာ၊ တံတား မဏ္ဍပ် ဇရပ်တန်ဆောင်း ပြာသာဒ် ဟောင်းနှင့် တောကျောင်းပုံပြင် ပန်းဥယျာဉ်လည်း တွင်တွင် စိုက်ပျိုး သောက်သုံးချိုးရန် ရေကန်ရေတွင်း တူးဖော်ရှင်း၍ မပျင်းလုံ့လ ဥဿာဟနှင့် အားထုတ်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

၆။ သဗ္ဗေ သတ္တာ အာရတီ ဝိရတီ ပါပါ ဟောန္တု။
သဗ္ဗေ သတ္တာ မဇ္ဇပါနာ သံယမာ ဟောန္တု။
သဗ္ဗေ သတ္တာ ဓမ္မေသု အပ္ပမာဒါ ဟောန္တု။

သဗ္ဗေ၊ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့ သည်။ ပါပါ၊ လောကအားလုံး ထုံးသို့ကြေညက် ကမ္ဘာပျက် အောင် ထက်မြက်ပြင်းရှဆိုးယုတ်လှသည့် ပါပညစ်ကြုမကောင်း မှုဟု ခေါ်ပြုသမုတ် အထူးထုတ်ထ လေးပါပမှ။ အာရတီ၊ စိတ်ပင်မတွေးဝေးဝေးရှောင်နိုင်ကြကုန်သည်။ ဝိရတီ၊ ကိုယ်နှုတ် မကျူး အထူးရှောင်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ ကုန်သတည်း။

မဇ္ဈပါနှာ၊ ရင်သွေးမျက်ရှု ပုလဲဥကို စားမှုဟင်းလျာ မရှိကာ၌ ဗယ်ညာကိုင်ဆုပ် လည်ကုပ်ချိုးဖျက် ပွဲတော်ဆက်၍ မြိန်ယှက်စားသုံး ရွှေကျမ်းထုံး၌ ယူကြုံးမရ ဟောဖော်ပြသို့ ဒေါသသွေးပွက် ဆူလျှံတက်အောင် အရက်ပျက်ရှူး ခွက်ကပ်မူးခြင်းမှ။ သံယမ၊ သိကြားလက်ချိန် ဝရဇိန်မိုးကြိုး ထိပ်ထက်မိုးလည်း ရှုံ့စိုးမကြောက် အသက်ပျောက်အောင် စောင့်ရှောက်နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ခမ္မသု၊ လုပ်ကြံမရ ဟုတ်မှန်လှသည့် ရုပ်နာမ်ဓမ္မတို့၌။ အပ္ပမာဒါ၊ လူ့ဘမဟေ သုံးလူ့ဆွေသည် ဟောပေနှောက်ဆုံး ပုလဲကုံးကို မြဲသုံးပန်ဆင် နိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

နည်းပြမင်္ဂလာ ပြီးပြီ။

# မင်္ဂလသုတ်

(၁) ယံ မင်္ဂလံ ဒွါဒသဟိ၊ စိန္တယိံသု သ-ဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။ ။

(၂) ဒေသိတံ ဒေဝ.ဒေဝေန၊ သဗ္ဗ-ပါပ-ဝိနာသနံ။
သဗ္ဗ-လောက-ဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။ ။

(၃) ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟ
ရတိ ဇေတ-ဝနေ အနာထ-ပိဏ္ဍိကဿ အာရာမေ၊
အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တ-ဝဏ္ဏာ ကေဝလ-ကပ္ပံ ဇေတ
ဝနံ ဩဘာသေတွာ ယေန ဘဂဝါ၊ တေနုပသင်္ကမိ၊
ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ
အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။ ။

(၄) ဗဟု ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။ ။

(၅) အ-သေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၆) ပတိရူပ-ဒေသ-ဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တ-သမ္မာ-ပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၇) ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သု-သိက္ခိတော။
သု-ဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၈) မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တ-ဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၉) ဒါနဉ္စ ဓမ္မ-စရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၁၀) အာရတီ ဝိရတီ ပါပါ၊ မဇ္ဇ-ပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၁၁) ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မ-သဝဏံ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၁၂) ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မ-သာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၁၃) တပေါ စ ဗြဟ္မ-စရိယဉ္စ၊ အရိယ-သစ္စာန ဒဿနံ။
နိဗ္ဗာန-သစ္ဆိ-ကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၁၄) ဖုဋ္ဌဿ လောက-ဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အ-သောကံ ဝိ-ရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။ ။

(၁၅) ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။ ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

# မင်္ဂလာကဗျာ

"အသေဝနာစ"

(၁) လူမိုက်ဆိုလျှင်, ရှောင်သွေလွှဲလို့၊
မမှီဝဲနဲ့, ကင်းအောင်နေ။
ပညာရှိကို, အရှည်တွဲလို့၊
မှီဝဲဆည်းကပ်, နည်းယူစေ။
သုံးပါးရတနာ, မိဘများနှင့်၊
ဆရာသမားကို, ပူဇော်လေ။
ချမ်းသာကိုပေး....ဆက်ဆံရေး....
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ"ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ။

"ပတိရူပ"

(၂) ကုသိုလ်ပညာ ဥစ္စာရဖို့၊
သင်ရာဒေသ, အမြဲနေ။
ရှေးကတင်ကြို, ပြုခဲ့ဖူးသည့်၊
ကောင်းမှုအထူး, ရှိပါစေ။
မိမိကိုယ်ကို,ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့,ဆောက်တည်လေ။
ဥစ္စာကိုပေး....နေထိုင်ရေး....
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ''ဗုဒ္ဓဝါဒ''ကမ္ဘာ့မင်္ဂလာတွေ။

"ဗာဟုဿစ္စဥ္စ"

(၃) တတ်ကောင်းစာတတ်ရာ, ဟူသမျှကို၊
ကြားမြင်သုတ, ရှိပါစေ။
အိုးအိမ်တည်ထောင်, ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့, အတတ်သင်လေ။
လူနှင့်ဆိုင်ရာ, ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြား,နားလည်စေ။
မှန်ကန်ယဉ်ကျေး....ချိုသာအေး....
ဆိုရေးတတ်ပါစေ။

အဲဒါမှ"ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ။

"မာတာ-ပိတု"

(၄) မြင်းမိုရ်ရွှေတောင်, မိဘကျေးကို၊
ကောင်းစွာဆပ်ပေး, ဝတ်ကျေကျေ။
ကြွေးသစ်ချကာ, သားနှင့်မယား၊
မြှောက်စားချီးမြှင့်, ဝတ်ကုန်စေ။
အလုပ်တာဝန်, မလစ်ဟင်းနဲ့၊
အပြစ်တင်းအောင်,လုပ်ပါလေ။
စည်းစိမ်ကိုပေး....ပြုစုရေး....
မျှော်တွေးသုံးချက်ပေ။

အဲဒါမှ"ဗုဒ္ဓဝါဒ"ကမ္ဘာ့မင်္ဂလာတွေ။

## ''ဒါနဥ္စ''

(၅)　သုံးတန်စေတနာ,ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ,လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ, မမိုက်မှားနဲ့၊
သုစရိုက်တရားကို, ကျင့်ပါလေ။
ဆွေမျိုးတွေကို, ပြင်ပမထားနဲ့၊
သင်္ဂဟတရားနှင့်, ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး....လူထုအကျိုး....
သယ်ပိုး ရွက်ဆောင်စေ။
အဲဒါမှ ''ဗုဒ္ဓဝါဒ'' တမ္ဘာ့မင်္ဂလာတွေ။

## ''အာရတီ ဝိရတီ''

(၆)　မကောင်းမှုတွေ, ဟူသမျှကို၊
မရှောင်ခင်က, ရှောင်ကြဉ်လေ။
တွေ့ကြုံလို့လာလျှင်, မလွန်ကျူးနဲ့၊
အထူးသဖြင့်, စောင့်စည်းနေ။
အရက်သေစာ, မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့, အရာပေ။
လုပ်ကိုင်မပြောကြား....သတိထား....
တရားမမေ့စေ။
အဲဒါမှ ''ဗုဒ္ဓဝါဒ'' ကမ္ဘာ့မင်္ဂလာတွေ။

"ဂါရဝေါစ"

(၇) အသက်ဂုဏ်ဝါ, ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား, ရိုသေသေ။
မာနတံခွန်, ဂုဏ်မကြွနဲ့၊
ကိုယ့်ကိုနှိမ်ချ, အမြဲနေ။
လောဘအပို, လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့, ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး....သူ့ကျေးဇူး....
အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား....မြတ်တရား....
နားကြားမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"ခန္တီစ"

(၈) ဝတ်စားနေထိုင်, ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း, သည်းခံမှသ။
ကျိုးကြောင်းပြည့်နှံ, ဆုံးမစကားကို၊
ပြောကြားလာက, နားလွယ်စေ။
သူမြတ်ပုဂ္ဂိုလ်, ဟူသမျှ၊
မကြာခဏ, တွေ့ဆုံလေ။
သဘာဝတွေး....မှန်ကန်ရေး....
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"တပေါစ"၊

(၉) လောကီအာရုံ၊ ဇိမ်ယစ်မှုးလို၊
အပျော်မကြူးနဲ့၊ ခြိုးခြံလေ။
မေတ္တာ-ဗြဟ္မစိုရ်၊ လက်ကိုင်သုံးလို၊
သူမြတ်ကျင့်ထုံး၊ ယှဉ်းမသွေ။
လေးပါးသစ္စာ၊ ဉာဏ်မြင်ကြည့်လို၊
အမှန်သိအောင်၊ ကြိုးစားလေ။
ဒုက္ခလွတ်ကင်း....နိဗ္ဗာန်ချဉ်း....
အလင်းပေါက်နိုင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"ဇုဋ္ဌသံ"

(၁၀) ဆင်းရဲချမ်းသာ၊ သဘာဝ၊
တွေ့ကြုံနေကြ၊ လူတိုင်းပေ။
ကောင်းဆိုးနှစ်တန်၊ အစုံတွဲလို၊
ဂဲလဲစီလှဲ့၊ အမြဲနေ။
လောကဓံကြုံ၊ မဖြုန်တမ်းပေါ့၊
မတုန်စမ်းနဲ့၊ စိတ်ခိုင်စေ။
သောကကိုထိန်း....ရမွက်သိမ်း....
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

"မင်္ဂလာ၏အကျိုး"

(၁၁) သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး၊ ပန်သူတွေ။

စီးပွားချမ်းသာ, ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့်, တဝေဝေ။
ဘေးကင်းရန်ကွာ, ချစ်သူပေါ်လို့၊
စိတ်ရောကိုယ်ရော, ချမ်းသာမလေ။
ပြောဆိုကြဲဆ....ဆောင်သမျှ....
အောင်ရမည် ကိန်းသေ။
အဲဒါကြောင့်–ပန်ကြ–ဆင်ကြ၊
"မင်္ဂလာ–ပန်းခိုင်တွေ"

မင်္ဂလာ ဦးဘသန်း နှင့်
ဒဂုန် ဦးထွန်းမြင့်။

---

## ငါးရာ့ငါးဆယ်ဒသနိပါတ်လာ
## မဟာမင်္ဂလာကြီး (၈) ပါး

(၁) မြင်ရတွေ့ရ၊ မြေပါစေ။ (မေတ္တာ)
(၂) ယုတ်သော မြတ်သော၊ သဘောသဘွေ။ (ခန္တီ)
(၃) မြင်တိုင်း တွေ့တိုင်း၊ ညွတ်ကိုင်းရှိသေ။ (ဂါရဝ)
(၄) မိတ်ဆွေချစ်၊ စစ်စစ်ရှာကြလေ။ (မိတ္တ)
(၅) ချစ်ဖွယ်သက်ထား၊ ရငြားတထွေ။ (ချစ်ဇနီး)
(၆) ကိုယ်ပိုင်ဉာဏ်ရင်း၊ လူမင်းသိစေ။ (ပညာ)
(၇) စွန့်ကြဲပေးကမ်း၊ လူဒါန်းမသွေ။ (ဒါန)
(၈) မင်္ဂလ်နန်း၊ စံမြန်းဝင်နိုင်စေ။ (နိဗ္ဗာန်)

ဘာသာပြန်–ဦးကျော်ထွန်း

ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအသင်း
စာကြည့်တိုက်
-၁၆၀၀-

စာကြည့်တိုက်
ပိဋကဘာသာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့